# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း (၁၀) ရက် ၊ ကြာသပတေးနေ့ ၊ (12-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ကျိုက်ထိုမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ဟိုပုံးမြို့နယ်တို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကွန်ကရစ်လမ်း (မြို့ပတ်လမ်း) ရေကျော်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် နေပြည်တော်ဝန်းကျင်တွင် စက်တင်ဘာ ၈ ရက်တွင် နေရာကျဲကျဲ၊ ၉ ရက်တွင် နေရာစိပ်စိပ်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နေရာအနှံ့အပြားမိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ယနေ့တွင် မိုးရေချိန်အနည်းဆုံး သုည ဒသမ ၆၇ လက်မမှ အများဆုံး ၄ ဒသမ ၂၁ လက်မထိ ရွာသွန်းခဲ့ကာ နေပြည်တော် ကောင်စီနယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့်ပေါင်းလောင်းမြစ်တို့တွင် မြစ်ရေများ အဆက်မပြတ်မြင့်တက်လျက်ရှိသည်။

ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ချောင်းရေနှင့် မြစ်ရေများအဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး တပ်ကုန်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ရေများ မြင့်တက်လာခဲ့မှုကြောင့် ဘုရင့်နောင်ရပ်ကွက်၊ အနော်ရထာရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းအချို့နေရာများတွင် ရေကျော်ခြင်းများဖြစ်ပေါ်လျက်ရှိသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☞



ကျိုက်ထိုမြို့နယ်အတွင်း ကဒတ်ချောင်းရေမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများတွင် လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ဓာတ်ပုံ- ကျိုက်ထို(ပြန်/ဆက်)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ** (၁၁-၉-၂၀၂၄)

| | | | |
|---|---|---|---|
| သာစည် | ၁၁ ဒသမ ၈၉ လက်မ | ပျော်ဘွယ် | ၁၀ ဒသမ ၅၆ လက်မ |
| ရမည်းသင်း | ၁၁ ဒသမ ၂၂ လက်မ | ပင်လောင်း | ၈ ဒသမ ၅၈ လက်မ |
| ဘားအံ | ၇ ဒသမ ၃၆ လက်မ | လှိုင်လင် | ၆ ဒသမ ၅၀ လက်မ |
| တောင်ကြီး | ၆ ဒသမ ၁၁ လက်မ | ကျိုက်မရော | ၅ ဒသမ ၆၃ လက်မ |


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်ရေသန့်အစွမ်း"




STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာတောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝသယံဇာတသစ်တောများကို ဝိုင်းဝန်းထိန်းသိမ်း

သစ်တောသစ်ပင်များသည် ကမ္ဘာပေါ်ရှိ သက်ရှိများရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် သစ်တောသစ်ပင်များကို မပြုန်းတီးရေးနှင့်တိုးပွားစေရေးတို့ကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်။ သစ်တောပြုန်းတီးမှုနှုန်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်းပြုန်းတီးခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် သုည ဒသမ ၉ ရာခိုင်နှုန်းသာ ပြုန်းတီးခဲ့သည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှုကို လျော့နည်းအောင် ထိန်းသိမ်းနိုင်ခဲ့ခြင်းကို တွေ့ရှိရသည်။

"မိုးပေါ်ကရေ၊ မြေပေါ်ကတော၊ မိုးရေကို ငွေလိုစု ရွှေဥတဲ့တော" ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန်အဖိုးတန်လှသည်။ သစ်ပင်များ၏အမြစ်များသည် မြေဆီလွှာကို ကုပ်တွယ်ထိန်းသိမ်းထားပြီး ရွက်အုပ်ပင်စည်များနှင့်အတူ မြေပြင်တွင် ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကို ထိန်းချုပ်ပေးနိုင်သည်။ ထို့ကြောင့် သဘာဝရေစစ်ကန်၊ ရေလှောင်ကန်များသဖွယ် အကျိုးပြုလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသည်။

**"သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးမှု" ဟု ဆိုသည့်အတိုင်း သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်းပြုစုစောင့်ရှောက်မှသာ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်ပတ်ဝန်းကျင်ကောင်းတစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာ ၇ ရက်ကကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

သစ်ပင်သစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းသည် ကမ္ဘာ့စုံတွင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းရရှိနိုင်သည်။ သစ်ပင်သစ်တောများသည် ရာသီဥတုကိုကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများတိုးပွားစေသည်။ ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်ပေးပြီး သဘာဝဘေးအန္တရာယ်မှလည်း ကာကွယ်ပေးနိုင်သည်။ သစ်တောထွက်ပစ္စည်းများဖြင့် စားရေရိက္ခာများပံ့ပိုးပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအကျိုးကျေးဇူးများစွာရရှိစေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏အဖိုးတန်သစ်တောသယံဇာတများကို ရေရှည်တည်တံ့ပြီး နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ချမှတ်ထားသော မြန်မာသစ်တောမူဝါဒကို အခြေခံပြီး သစ်တောများကို စီးပွားရေးအမြင်၊ လူမှုရေးအမြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင် အစရှိသည့် အမြင်မျိုးစုံ၊ ရှုထောင့်မျိုးစုံနှင့်ရှုမြင်ပြီး စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း စက်တင်ဘာလဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိ




**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးဈေးကွက်အတွင်း စက်တင်ဘာလ ဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် သကြားကို ပြည်ပနိုင်ငံဖြစ်သည့် တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုတစ်လော ပြည်ပမှကုန်သည်များ သကြားဝယ်ယူမှု များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌ပါ သကြားဝယ်ယူမှုများပြားလာခြင်းကြောင့် သကြားများအရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ သကြားတွေကို အခုတစ်လော ပြည်ပကဝယ်ယူမှုတွေရှိပါတယ်။ မန္တလေးဈေးကွက်ထဲမှာတော့ သကြားကအရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်"ဟု ဦးဝင်းငွေးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ခန့်ထိပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန် နည်းပါးသွားတာမျိုးတွေတော့မရှိပါဘူး။ နောက်ပိုင်းဒီထက်ပိုပြီး သကြားအရောင်းအဝယ် ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲမှာ ရှားသွားနိုင်ပါတယ်"ဟု သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ပြောပြ၍ သိရသည်။

(၁၈၄)

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၅၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်၂၅၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေစိုက်ပျိုးပါတယ်။စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကောက်ရိုးမှို ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဒေသထွက်ကောက်ရိုးမှိုပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဟင်းသီးဟင်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီတင့်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကောက်ရိုးမှို ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကောက်ရိုးမှို ပိဿာချိန် ၈၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ မှ ၁၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဒေသထွက်တဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာ များပါတယ်။ ဩဂုတ်လအတွင်း ကောက်ရိုးမှို ပိဿာချိန် ၈၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ကောက်ရိုးမှိုတွေ မှာယူမှုကောင်းနေပါတယ်။ ကျိုက်လတ်မြို့နယ်မှာက အခြားစိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ယှဉ်တွဲပြီး မှိုစိုက်ပျိုးတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဟင်းသီးဟင်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီတင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ကောက်ရိုးမှိုများကို ဝယ်ယူမှုကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ ရောင်းဝယ်သူများ၊ စိုက်ပျိုးရေး လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်မောက်မြို့နယ် မရိုးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**နတ်မောက် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်သာကျေးရွာအုပ်စု မရိုးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူးဦးဝင်းနိုင်ဦးနှင့်တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန်၊ လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

မရိုးတောကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ခြောက်သန်း စုစုပေါင်း ငွေကျပ် ၂၁ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုမှ ဩဂုတ်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**သူသူ(နတ်မောက်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ အလှူရှင်ညီအစ်ကိုများအဖွဲ့က ဒေါ်စောမြိုင်အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရစဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှဩဂုတ်လထိ ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချပေးမှုမှ အမေရိကန်ဒေါ်လာ ၃၅၃ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့



**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ဆန်နှင့် ဆန်ကွဲတန်ချိန်နှစ်သိန်းကျော်တင်ပို့ရောင်းချပေးနိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၃၅၃ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှဆန်နှင့် ဆန်ကွဲများကို ပြည်ပနိုင်ငံများသို့ လစဉ်တင်ပို့ ရောင်းချပေးလျက်ရှိရာ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂၀၇၃၆၉ ဒသမ ၉ တန်တင်ပို့ရောင်းချပေးခဲ့ရသဖြင့် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅၃ သန်းထိ နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် ၂၀၂၄ ခုနှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၅၅ သန်းတန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၁၁၈၆၂ တန်၊ မေလတွင် အမေရိကန် ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၇၁၂၇၉ ဒသမ ၅ တန်၊ ဇွန်လတွင် အမေရိကန် ဒေါ်လာ ၈၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၆၂၃၂၅ ဒသမ ၇၅ တန်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၈၁ သန်းတန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၆၅၄၄၄ ဒသမ ၂ တန်နှင့် ဩဂုတ်လတွင် အမေရိကန် ဒေါ်လာ ၉၇ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲတန်ချိန် ၂၀၇၃၆၉ ဒသမ ၉ တန် စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၅၃ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၈၂၈၁ ဒသမ ၄၅ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲများ ပိုမိုတင်ပို့နိုင်ရေးအတွက် ပြည်ပဈေးကွက်များမှတောင်းဆိုထားသည့် ဆန်စပါးအမျိုးအစားများကို ပိုမိုထုတ်လုပ်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး သုံးခုတွင် ဆန်စပါး Export Zone များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Export Zone များကို ပဲခူးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး နှင့်ဧရာဝတီတိုင်းဒေသကြီးများတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# သံတောင်ကြီးမြို့နယ် ထမုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး စက်တင်ဘာ ၁၁**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ထမုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထမုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထမုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦးကို တတိယအကြိမ် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၄၀ သိန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# မော်လိုက်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၅၆၃၈ ကေစိုက်ပျိုးမည်

**မော်လိုက် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၆၃၈ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၄၁၂၂ ကေနှင့် ဖောင်းပြင်မြို့နယ်တွင် ၁၁၅၁၆ ကေ စုစုပေါင်း ၁၅၆၃၈ ကေတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ မြေပဲ ၁၅၆၃၈ ကေစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ယခုနှစ် အောက်တိုဘာလကစပြီး စိုက်ပျိုးမှာပါ။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့်တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# မြစ်သားမြို့ဟောင်း(အပိုင်း-၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**ပေတောကျောင်းကျောက်စာ**

မြစ်သားမြို့သမိုင်းကိုပြောလျှင် ချန်မထားခဲ့သင့်သောအကြောင်းမှာ ပေတောဘုန်းကြီးကျောင်းအတွင်းမှတွေ့ရှိရသော စောလူးမင်း၏ ဘာသာစုံ ပေတောကျောက်စာဖြစ်သည်။ ဤကျောက်စာကို မြစ်သားမြို့ ပေတောကျောင်းအတွင်းမှတွေ့ရှိခဲ့သောကြောင့် ပေတောကျောက်စာ၊ ကျောက်စာအတွင်း၌ပါရှိသည့် စောလူးမင်း၏ဘွဲ့ကိုအစွဲပြုပြီး စောလူးမင်းကျောက်စာ စသည်ဖြင့်ခေါ်ကြသည်။ ဤကျောက်စာတွေ့ရှိခဲ့ကြောင်းကို မန္တလေးအခြေစိုက် ရတနာပုံသတင်းစာတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့တွင် ထည့်သွင်းဖော်ပြခဲ့ရာမှ တစ်စတစ်စလူသိများလာခဲ့သည်။ ပြင်ပပညာရှင်များ၊ ဌာနတွင်းပညာရှင်များ မြစ်သားပေတောကျောင်းသို့ တဖွဲဖွဲလာရောက်လေ့လာခဲ့ကြသည်။ အဆိုပါကျောက်စာတွေ့ရှိကြောင်းကို ရတနာပုံသတင်းစာတွင် ရေးသားဖော်ပြခဲ့သည် ဆရာမရွှေရည်ဦး(မြစ်သား)ကို မန္တလေးမြို့ မြင်းဝန်မင်းကျောင်းတိုက်အတွင်း ဂုဏ်ပြုချီးမြှင့်ပွဲများ ပြုလုပ်ခဲ့ပါသည်။

ပေတောကျောင်းကျောက်စာသည် အကောင်းပကတိအတိုင်းတွေ့ရသည်မဟုတ်ပါ။ ကျိုးနေသော အပိုင်းလေးပိုင်းကို တွေ့ခဲ့ခြင်းဖြစ်သည်။ လေးပိုင်းအထိတွေ့ထားသော်လည်း ကျောက်စာမှာ တစ်ချပ်လုံး အပြည့်အစုံမရသေးပါ။ ပျောက်ဆုံးနေဆဲအပိုင်းများရှိပါသေးသည်။ ယခုအခါ တွေ့ရှိရသည် ကျောက်စာလေးပိုင်းကိုသာ ဆက်စပ်၍လေ့လာနိုင်ပါသည်။

ပေတောကျောက်စာတွင် ဘာသာစကား ခြောက်မျိုး၊ ငါးမျိုး၊ လေးမျိုး ရေးထိုးခဲ့သည်ဟု ပညာရှင်များကြား ကွဲပြားမှုများရှိသည်။ ပေတောကျောင်းကျောက်စာသည် ဘာသာခြောက်မျိုးရေးထိုးခဲ့သော ကျောက်စာဖြစ်ကြောင်းကို ဆရာမစ်ကီဟာတ်က နဝဝိစာရဏပျူစာအုပ်၌ "နှစ်မျက်နှာလုံးတွင် စာများရေးထိုးထားသည်။ ပထမမျက်နှာတွင် ဘာသာလေးမျိုးဖြင့် စာပိုဒ်လေးပိုဒ်ရှိနေပြီး အပေါ်ဆုံးတွင် မြန်မာဘာသာထိုးစာပိုဒ်ဖြစ်ပြီး စာကြောင်းရေ ခုနှစ်ကြောင်းမျှသာ ကျန်ရှိနေသော်လည်း အားလုံး ၁၅ မှ ၁၈ ထိရှိနိုင်သည်ဟု ယူဆရသည်။ မြန်မာဘာသာထိုး စာပိုဒ်အောက်တွင် သျှမ်းဘာသာထိုးဖြစ်ပြီးစာကြောင်းရေ ငါးကြောင်းဖြစ်သည်။ ထိုအောက်တွင် မြန်မာစာပေလောကနှင့် များစွာမရင်းနှီးသော ရှေးအက္ခရာတစ်မျိုးဖြင့် ရေးထိုးထားသော စာပိုဒ်၊ ၎င်းစာပိုဒ်သည် ပါဠိဘာသာဖြစ်ပြီး စာကြောင်းရေ ၁၇ ကြောင်းရှိသည့် အနက် ၁၃ ကြောင်းကို ၇၀ ရာခိုင်နှုန်းမျှ ဖတ်နိုင်သည်။

ဒုတိယစာမျက်နှာတွင် အပေါ်ဆုံးစာပိုဒ်သည် ပုဂံခေတ်တွင် မွန်၊ မြန်မာနှင့် အခြားသောအတူနေလူမျိုးစုများဖတ်နိုင်သော လေးထောင့်ဆန်ဆန် အက္ခရာဖြင့် ရေးထိုးထားသော ပါဠိဘာသာဖြစ်ပြီး ပထမစာမျက်နှာမှ ပါဠိဝေါဟာရများအတိုင်း ရေးထိုးထားသည်။ ပထမမျက်နှာပါဠိပိုဒ်၏ အောက်ဆုံးပိုင်း ခြောက်ကြောင်းမျှသာကျန်ရှိပြီး စာ ၁၁ ကြောင်းမျှ အပေါ်ပိုင်းကျိုးရာသို့ ပါသွားလေသည်။ ထိုပါဠိစာပိုဒ်အောက်တွင် မွန်ဘာသာထိုးစာပိုဒ်ဖြစ်သည်။ စာကြောင်းရေ ၁၇ ကြောင်းပါရှိသည်။ စာပိုဒ်အောက်တွင် မွန်၊ မြန်မာတို့နှင့်မတူ တစ်မူထူးဆန်းသော စာကြောင်း လေးကြောင်းထိုးထားသည်။ တချို့သောသုတေသီများက မွန်ဘာသာဟုယူဆနေကြသော်လည်း သုံးစွဲထားသောအက္ခရာသည် အပေါ်မှ မွန်ထိုးစာအက္ခရာနှင့် သိသိသာသာကွဲပြားနေသည်ကိုတွေ့ရသည်။ ဍွမ်းဘာသာဟု အကျွန်(ဆရာမစ်ကီဟာတ်)က အတိအကျဆိုခဲ့သည်။ စင်စစ် ဍွမ်းဘာသာဟုဆိုရသော်လည်း ထိုဘာသာအား ပုဂံခေတ်နှောင်းပိုင်း သျှမ်းကုန်းပြင်မြင့်နေ သျှမ်းများလည်းဖတ်နိုင်ပါသည်။"ဟူ၍ ရေးသားထားသည်။

ဆရာကြီးတမ္ပဝတီ ဦးဝင်းမောင်က ပေတောကျောင်းကျောက်စာသည်-

၁။ အမည်မဖော်နိုင်သေးသောဘာသာ
၂။ ပျူဘာသာ
၃။ မွန်ဘာသာ
၄။ ပါဠိဘာသာ (ပျူအက္ခရာရေး)
၅။ ပါဠိဘာသာ (မွန်အက္ခရာရေး) ဟူ၍ အက္ခရာလေးမျိုး၊ ဘာသာငါးမျိုးပါသော ကျောက်စာဟူ၍ ဆိုထားသည်။

ဆရာကြီးစိန်ဝင်း(ရှေးဟောင်းသုတေသန)က "မြစ်သားမြို့ ပေတောကုန်းပရဟိတကျောင်းဝင်း အတွင်းရှိ ကျောက်စာသည် က။ သကဋဘာသာ ဒေဝနာဂရီအက္ခရာ ခ။ ကဒံဗအက္ခရာပါဠိဘာသာ ဂ။ ပျူဘာသာ ပျူအက္ခရာ ဃ။ မွန်ဘာသာ၊ မွန်အက္ခရာဖြင့်ရေးသားပြီး ဘာသာလေးမျိုး၊ အက္ခရာ လေးမျိုးဖြင့် သက္ကရာဇ် ၄၄၁ ခုနှစ် စောလူးမင်းနန်းတက်ပြီး နှစ်နှစ်အကြာ မြစ်သားသို့ရောက်ရှိ၍ ဘာသာမျိုးအက္ခရာ လေးမျိုးဖြင့်ရေးထိုးခဲ့ကြောင်း ယွန်း(ဍွန်း) စာ ဗမာစာလုံးဝမပါရှိကြောင်းနှင့် ကျောက်စာ၌ စေတီတည်ခြင်း၊ ရွှေဆင်းတု နှစ်ဆူဌာပနာခြင်း၊ လယ်ပယ် ၁၀၀ လှူခြင်း၊ နွား၁၀၊ ဘုရားသို့ အလုပ်အကျွေးပြုရန် ကျွန်လှူခြင်း၊ ဆွမ်းကပ်၊ သန့်ရှင်းရေး၊ ပန်းကပ်၊ နှစ်စဉ်စပါးတင်း ၁၀၀၀ လှူ၍ ပုဂံသို့ ရိက္ခာပို့ရန် အလှူဒါနပြုသောကျောက်စာတစ်ချပ်ဖြစ်ပါသည်" ဟူ၍ ဘာသာလေးမျိုးဖြစ်ကြောင်း ယတိပြတ်ဆိုထားပါသည်။ (ဘာသာဗေဒပညာရှင်များ ဆက်လက်လေ့လာရအုံးမည်) ပေတောကျောင်းကျောက်စာတွင်ရေးထိုးထားသည့် ဘာသာအယူအဆကွဲသလို ရေးထိုး နှစ်လည်း နှစ်မျိုးကွဲနေပါသည်။ တချို့က ၄၁၅ ခုနှစ် ရေးထိုးသည်။ တချို့က ၄၄၁ ခုနှစ်ရေးထိုးသည်ဟူ၍ ကွဲပြားနေပါသည်။

ပေတောကျောင်းကျောက်စာမှ မွန်ဘာသာကို ဆရာကြီးနိုင်ဘရှင်က မြန်မာဘာသာသို့ပြန်ဆိုထားပြီး ပျူဘာသာကို ဆရာကြီးမစ်ကီဟာတ်က မြန်မာဘာသာပြန်ဆိုထားသည်။ ပါဠိဘာသာကို ဒီပါအေးကျောင်းဆရာတော်ရှင်နန္ဒမာလာနှင့်သမိုင်းပါမောက္ခ ဦးနီတွတ်တို့က မြန်မာဘာသာသို့ပြန်ဆိုခဲ့ပါသည်။

ပေတောကျောင်းကျောက်စာသည် မြစ်သားမြို့ဟောင်းအမည်ကို အစောဆုံးရေးထိုးခဲ့သော ကျောက်စာဖြစ်သည်။ ဆရာကြီးနိုင်ဘရှင် မြန်မာပြန်သော မွန်ဘာသာဘက် စာကြောင်းရေ ၁၁ တွင် မွှစ်သာဟူ၍ရေးထိုးထားကြောင်း သိရပါသည်။ သို့ဖြစ်သောကြောင့် ပေတောကျောင်းကျောက်စာသည် သက္ကရာဇ် ၄၁၅ ခုထိုးဖြစ်ပါက မြစ်သားမြို့သည် ကျောက်စာအထောက်အထားအရ ၄၁၅ ခုနှစ်ကတည်းကတည်ရှိခဲ့သည်ဟုဆိုနိုင်ပြီး ပေတောကျောင်းကျောက်စာသည် ၄၄၁ ခုနှစ်ထိုးဖြစ်ပါက မြစ်သားမြို့သည် ၄၄၁ ခုနှစ်ကတည်းက တည်ရှိခဲ့သည် ဟု ဆိုနိုင်သည်။

❖ ပေတောကျောက်စာတွင် ဘာသာစကား ခြောက်မျိုး၊ ငါးမျိုး၊ လေးမျိုးရေးထိုးခဲ့သည်ဟု ပညာရှင်များကြား ကွဲပြားမှုများရှိသည်။ ပေတောကျောင်းကျောက်စာသည် ဘာသာခြောက်မျိုးရေးထိုးခဲ့သော ကျောက်စာဖြစ်ကြောင်းကို ဆရာမစ်ကီဟာတ်က နဝဝိစာရဏ ပျူစာအုပ်၌ "နှစ်မျက်နှာလုံးတွင် စာများရေးထိုးထားသည်။ ပထမမျက်နှာတွင် ဘာသာလေးမျိုးဖြင့် စာပိုဒ်လေးပိုဒ်ရှိနေပြီး အပေါ်ဆုံးတွင် မြန်မာဘာသာထိုးစာပိုဒ်ဖြစ်ပြီး စာကြောင်းရေ ခုနှစ်ကြောင်းမျှသာကျန်ရှိနေသော်လည်း အားလုံး ၁၅ မှ ၁၈ ထိရှိနိုင်သည်ဟု ယူဆရသည်။ ❖

**မင်စာအထောက်အထား**

မြစ်သားဟူသောအမည်ကို ပုဂံခေတ်ထိုး ကျောက်စာများတွင်သာမက ပုဂံခေတ်ရေးမင်စာတို့တွင်လည်းတွေ့ရသည်။ ပုဂံမြို့ဓမ္မရာဇက ဘုရားရှိ မင်စာအမှတ် ၁၉ တွင် မွှစ်သာခွင်ဟူ၍ တွေ့ရသည်။ မင်စာရေးသားခဲ့သည့်နေ့မှာ သက္ကရာဇ် ၅၆၀ ပြည့်နှစ် သီတင်းကျွတ် လပြည့်ကျော် ၂ ရက်နေ့ (၁၁၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)ဖြစ်သည်။ ထိုဘုရားမင်စာအမှတ် ၂၄တွင်လည်း မွှစ်သာရွာခွင် ဟူ၍ ရေးသားထားသည်။

**ပုဂံခေတ်ရေးထုံး**

"မြစ်သား"ဟူသောအမည်ကို ပုဂံခေတ်ထိုး ကျောက်စာ၊ ပုဂံခေတ်ရေးမင်စာတို့တွင် မွှစ်သာဟူ၍ရေးသားကြသည်ကိုတွေ့ရသည်။ ၎င်းမွှစ်သာသည် ယခုအရေးအသားပင်ဖြစ်သည်။ ပုဂံခေတ်ကျောက်စာများတွင် 'လ'ဆွဲကို အသုံးပြုခဲ့ကြသည်။ 'လ'ဆွဲမှ 'ရ'ရစ်(ြ) သို့ လည်းကောင်း၊ ယပင့် (ျ) သို့လည်းကောင်း ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ လဆွဲသောဗျည်းသည် 'ပဝဂ်ဝင်ဖြစ်သော ပ၊ ဖ၊ ဗ၊ မ ဖြစ်လျှင် 'လ'သည် အရစ်အဖြစ်သို့ များသောအားဖြင့် ပြောင်းလဲသွားလေ့ရှိသည်။ က'ဝဂ်ဝင်ဗျည်း တစ်လုံးဖြစ်လျှင် "ယပင့်"သို့ ပြောင်းလဲသွားတတ်သည်။ ခြွင်းချက်အနေဖြင့် တစ်လုံးတလေသာ ရှိသည်။ မွှစ်သာရေးထုံးမှာလည်း "ပဝဂ်"ဝင်ဖြစ်သောကြောင့် မြစ်သားဟူ၍ပြောင်းလဲဖတ်ရမည်ဖြစ်ပေသည်။ 'ပဝဂ်၊ 'ကဝဂ်'ကိုလိုက်၍ အပင့်၊ အရစ်သို့ ပြောင်းလဲပုံကို သာဓကပြရလျှင်-

| | |
|---|---|
| ရှေးရေး | ယခုရေး |
| လှုယ္ယည် | လပြည့် |
| အဖ္လစ် | အဖြစ် |
| မ္လစ်သာ | မြစ်သား |
| သ္ခိင်ဂ္လစွာ | သခင်ကျွာ |
| အက္လိုး | အကျိုး |
| စာသင်ဂ္လောင်း | စာသင်ကျောင်း |

စသည်ဖြင့် ဖြစ်ပေသည်။

**မြစ်သားဟူသောအမည်**

ဦးဘသိမ်း၏ ကိုးခရိုင်သမိုင်း၌ အနော်ရထာမင်းစောသည် မြစ်သားမြို့တောင်ဘက်ပန်းရောင်(လောင်)မြစ်ကမ်းတွင် ကွန်းထောက်တည်းနန်းတော်ဆောက်လုပ်၍စံတော်မူသည်။ ထိုနေရာအနီး ဆည်ဆောက်လုပ်ရန်အတွက် လက်တော်ဖြင့် ဆန့်တန်းပြညွှန်၍ မြစ်ကိုသားနားတော်မူစေသည်။ ထိုသို့မြစ်သားနားသည်ကိုအစွဲပြု၍ မြစ်သားဟု ခေါ်ကြောင်းပြဆိုထားသည်။ တည်းနန်းတော် ဆောက်လုပ်သောနေရာ၌ တည်ဆောက်သော ကျောင်းကိုလည်း တည်းတော်ရာကျောင်းဟု တွင်ကြောင်း မိန့်ဆိုထားသည်။ ကိုးခရိုင်သမိုင်းအလိုအရ အနော်ရထာမင်း လက်ကိုဆန့်တန်းပြညွှန်၍ မြစ်ကိုသားနားစေရာမှ မြစ်သားဟုတွင်လာကြောင်း မှတ်သားရမည်ဖြစ်သည်။

သားနားသည်ဆိုသောစကားသည် ရှေးစကားဖြစ်သည်။ သေသပ်ချောမွေ့သည်ဟု အဓိပ္ပာယ်ရ၏။ အချို့ကလည်း သာယာလှသော ပန်းလောင်မြစ်ကမ်းတွင်ရှိသည်ကိုအစွဲပြုပြီး မြစ်သားမြို့ဟုခေါ်ကြောင်း ဆိုကြသည်။

**ရှေးမှတ်တမ်းလာမြစ်သား**

မြစ်သားမြို့သည် ကင်းတပ် ၄၃ မြို့ဖွဲ့ရာတွင် လည်းပါဝင်ခဲ့၏။ ထို့အတူ လယ်တွင်း ၁၁ ရွာဖွဲ့ရာတွင် တည်းပါဝင်ခဲ့၏။ လယ်တွင်း ၁၁ ရွာမှ လယ်တွင်း ကိုးခရိုင်သို့ ပြောင်းလဲဖွဲ့စည်းရာတွင်လည်း ပါဝင်ခဲ့သောမြို့ဖြစ်သည်။ ရာဇဝင်တော်ကြီးများအလိုအရ အနော်ရထာမင်းသည် ကင်းတပ် ၄၃ မြို့ကို သက္ကရာဇ် ၃၉၃၊ တပေါင်းလဆန်း ၁၂ရက်၊ သောကြာနေ့(၁၀၃၄၊ မတ်လ ၃ရက်) တွင် တည်သည်ဟုဆိုထားသောကြောင့် မြစ်သားမြို့ကို ထိုသက္ကရာဇ်၌တည်ခဲ့သည်ဟု ယူဆရန်ရှိသည်။ ညောင်ရမ်းခေတ်တွင် လယ်တွင်း ၁၁ ခရိုင်မှ ကိုးခရိုင်သို့ ပြောင်းလဲဖွဲ့စည်းသောအခါတွင် မြစ်သားမြို့ကို ပြန်လည်ပြုပြင်မှုများပြုလုပ်ခဲ့သည်ဟု ယူဆရသည်။ ထိုသို့ယူဆခြင်းမှာ မြစ်သားမြို့ဟောင်းကို ကွင်းဆင်းလေ့လာစဉ်က အနောက်ဘက်မြို့ရိုးနေရာမှ ညောင်ရမ်းခေတ်သုံးအုတ်များတွေ့ရသောကြောင့်ဖြစ်သည်။

**၁၁၄၅ခု အိမ်ခြေစာရင်းစာချုပ်**

သက္ကရာဇ် ၁၁၄၅ ခုနှစ်(၁၇၈၃) ဘိုးတော်ဗဒုံမင်းလက်ထက် ကောက်ယူခဲ့သောအသည်စုခြားအိမ်ခြေစာရင်းချုပ်တစ်ခုတွင် မြစ်သားမြို့၌ အသည်၄၇ အိမ်၊ စုခြား၂၀၇၅ အိမ် နှစ်ခုပေါင်း အိမ်ခြေ ၂၁၂၂ အိမ်ရှိကြောင်းဖော်ပြထားသည်။ ဤစာရင်းအရ ဘိုးတော်ဗဒုံမင်းလက်ထက် မြစ်သားမြို့အိမ်ခြေစာရင်းမှာ မနည်းလှကြောင်း တွေ့ရသည်။ ထိုစာရင်းနည်းတူစွာပင် "၁၁၄၅ခုနှစ်(၁၇၈၃)မြို့စု ရွှေတိုက်စာရင်းဝင်တော်ကူး နိုင်ငံတော်အတွင်း မြို့ကျေးရွာများ"စာရင်းတွင်လည်း မြစ်သားမြို့၏အိမ်ခြေစာရင်းကို အသည် ၄၇ အိမ်၊ စုခြား ၂၀၇၅ အိမ် နှစ်ခုပေါင်း ၂၁၂၂ အိမ်ရှိကြောင်း ဖော်ပြထားသည်။ ဤစာရင်းမှာ နန်းတွင်းရွှေတိုက်ဝင်စာရင်းဖြစ်သောကြောင့် မြစ်သားမြို့အိမ်ခြေစာရင်းမှာ တိကျမှန်ကန်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

**ဘကြီးတော်လက်ထက်စစ်မှုထမ်းစာရင်း**

ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်လေးမျက်နှာရှိ မြို့ရွာများတွင် စစ်မှုထမ်းရသူများခွဲဝေထားရှိခဲ့သည်။ ထိုသို့ အရပ်စစ်မှုထမ်းခွဲဝေရန်ထားသည့်စာရင်းတွင် မြစ်သားမြို့မှ စစ်မှုထမ်းစာရင်းကိုလည်း တွေ့ရသည်။ ထိုစာရင်း အရ မြစ်သားမြို့၌-

| | |
|---|---|
| အိမ်ရင်း | ၂၁၂၂ အိမ် |
| စစ်ရ | ၂၅ |
| သေနတ် | ၁၃ |
| လှံ | ၁၂ |

ရှိကြောင်း တွေ့ရသည်။ ဤစာရင်းအရ မြစ်သားမြို့တွင် စစ်ရအမှုထမ်း ၂၅ ဦးရှိကြောင်း သိရသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## နေပြည်တော်တွင်တည်ဆောက်နေသည့် ဖွဲ့နုဆီစက်ရုံစီမံကိန်းကို ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးဆောင်ရွက်မည်



**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်တွင် အကောင်အထည်ဖော် တည်ဆောက်နေသည့် ဖွဲ့နုဆီစက်ရုံစီမံကိန်းကို ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏သတင်းများအရ သိရသည်။

အဆိုပါ ဖွဲ့နုဆီစက်ရုံစီမံကိန်းသည် မြန်မာနိုင်ငံ၏ပထမဆုံးသောဖွဲ့နုဆီထုတ်စက်ရုံစီမံကိန်း တစ်ခုဖြစ်ပြီး ရှေ့ပြေးစီမံကိန်းအဖြစ် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင် ယခုနှစ် ဖေဖော်ဝါရီလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထူထောင်သော Myanmar Rice Bran Oil Co., Ltd(MRBO) မှ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MAPCO) ဆန်စက်ဝင်းတွင် တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါစက်ရုံကို ယခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီး တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်နေပြီး အဆိုပါစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသွားပါက အဆိုပါစက်ရုံမှ တစ်နှစ်လျှင် ဖွဲ့နုဆီကြမ်းတန်ချိန် ၉၀၀၀ နှင့် ဖွဲ့နုဆီချောတန်ချိန် ၆၃၀၀ စုစုပေါင်းဖွဲ့နုဆီတန်ချိန် ၁၅၃၀၀ တန်ခန့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံ၏ပထမဆုံးသော ဖွဲ့နုဆီထုတ်စက်ရုံကို အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် စက်ပစ္စည်းများကို အသုံးပြုတပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စက်ရုံတည်ဆောက်ရေးလုပ်ငန်းပိုင်းများကိုဆောင်ရွက်နေသကဲ့သို့ အိန္ဒိယနိုင်ငံမှ စက်ပစ္စည်းများတင်သွင်းမှာယူနိုင်ရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ စက်ရုံမှထုတ်လုပ်သည့်ဖွဲ့နုဆီများကို ပြည်တွင်းဈေးကွက်အတွက် ဦးစားပေးရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုပိုလျှံပါက ဂျပန်၊ တောင်ကိုရီးယားနှင့်ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချပေးနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် နေပြည်တော်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဖွဲ့နုဆီစက်ရုံရှေ့ပြေးစီမံကိန်းအပါအဝင် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖွဲ့နုဆီစက်ရုံ ၁၀ ရုံထိအကောင်အထည်ဖော် တည်ဆောက်သွားရန် လျာထားဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)၏ သတင်းများအရ သိရသည်။

SKL

## အောင်လံမြို့နယ် ရွှေပန်းတောလေးကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက အောင်လံ-သံမ္ဗူလလမ်းမှ ရွှေပန်းတောလေးကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ဒုတိယအခြေခံလွှာ ကျောက်ခင်းနေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဘိုမင်းနှင့်ဌာန အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့က သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရွှေပန်းတောလေးကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ဒုတိယအခြေခံလွှာကျောက်ခင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အောင်လံ-သံမ္ဗူလလမ်းမှ ရွှေပန်းတောလေးကျေးရွာ အဝင်လမ်း အရှည် ပေ ၂၆၄၀၊ လမ်းအကျယ် ၁၈ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် သန်း ၂၆၀ ဖြင့် Global Green Line ကုမ္ပဏီက ဇွန်လ စတုတ္ထပတ်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ၃၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဘိုမင်းထံမှ သိရသည်။

ကိုလှိုင်

## ဥယျာဉ်ပမာတို့ပြည်သာ

\- ပန်းမျိုးစုံစီရီပွင့်
ထူးတင့်တဲ့ ဥယျာဉ်သာ၊
မွှေးကြိုင်စွာရနံ့ဆင်း
ပျံ့သင်းထုံရှာ၊
ပေါင်းမြက်တို့ ပယ်ရှင်းကာ
ပိုးကင်းရာ မြေကိုဆွ၊
ပေါင်တင်ပါ နှောင်တွင်လှမယ်
ရှင်းသန့်ကြည်မြ။

\- ပန်းဥယျာဉ်ပမာပြု
ပြည်ထောင်စုတို့နိုင်ငံ၊
မျိုးမှန်စွာဖိုးတန်လှသည့်
ဘူမိနက်သန်၊
စည်းလုံးခြင်းအခြေခံ
ဇာတိမာန် အခြေပြု၊
ညီနှောင်စုံတည်ထောင်ပြုခဲ့
တို့ပြည်ထောင်စု။

\- တို့ပြည်ထောင် ဥယျာဉ်နန်း
ပွင့်ပန်းတို့ဝေဝေဆာ၊
မြေမဟာ ပြေသာဖို့ရာ
စည်းလုံးညီညာ၊
ညီညာမှ ပြည်သာယာ
သည်ကမ္ဘာပြိုင်စံရှား၊
အမျိုးဘာသာရိုးရာ မပျောက်အောင်
စောင့်ရှောက်စို့လား။ ။

မောင်လေပြေ(တောင်တွင်း)

## နိုင်ငံတကာ သတင်းများ

# ခု(စ်)နယ်မြေ တန်ပြန်ထိုးစစ် ရုရှားတပ်များ စတင်

**မော်စကို စက်တင်ဘာ ၁၁**

ရုရှားနိုင်ငံအနောက်ပိုင်း ခု(စ်) နယ်မြေအတွင်းသို့ ဝင်ရောက်လာသော ယူကရိန်းတပ်များကို ရုရှားတပ်များက တန်ပြန်ထိုးစစ်စတင်နေပြီး ဒေသအချို့ကို ပြန်လည်သိမ်းပိုက်ထားနိုင်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယူကရိန်းတပ်များသည် ယခုနှစ် ဩဂုတ် ၆ ရက်တွင် ရုရှားနိုင်ငံအနောက်ပိုင်း ခု(စ်)နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာခဲ့ရာ ရုရှားနိုင်ငံအတွက် ဒုတိယကမ္ဘာစစ် နောက်ပိုင်း ပထမဆုံး ပြည်ပတပ်များကျူးကျော်ခံရမှုဖြစ်ခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် ရုရှားတပ်များက ခု(စ်)နယ်မြေ၌ တန်ပြန်ထိုးစစ်စတင်နေပြီး လူနေဒေသ ၁၁ ခုကို ယူကရိန်းတပ်များလက်ဝယ်မှ ပြန်လည်သိမ်းယူထားကြောင်း ရုရှားအထူးတပ်ဖွဲ့တပ်မှူးတစ်ဦးက ထုတ်ဖော်ပြောကြားထားသည်။

ခု(စ်)နယ်မြေ၌ ရုရှားတပ်များ တန်ပြန်ထိုးစစ်စတင်မှုကို ရုရှားပြည်တွင်း စစ်ရေးလေ့လာသူများကလည်း အတည်ပြုထားသည်။

ယူကရိန်းသမ္မတ ဇီလန်စကီး၏ အဆိုအရ ဩဂုတ် ၆ ရက်မှစ၍ ယနေ့အချိန်ထိ ခု(စ်)နယ်မြေအတွင်းရှိ လူနေဒေသ ၁၀၀ ကို ယူကရိန်းတပ်များက ထိန်းချုပ်ထားကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းအရှေ့ပိုင်း စစ်မြေပြင်တွင်လည်း စစ်ရေးအရ အသာစီးရနေကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO




# လူမှုစောင့်ရှောက်ရေးဂေဟာများ၌ ညှဉ်းပန်းခံနေရသည့် ကလေး ၄၀၀ ကျော် မလေးရှားရဲတပ်ဖွဲ့ကယ်တင်

**ကွာလာလမ်ပူ စက်တင်ဘာ ၁၁**

မလေးရှားရဲတပ်ဖွဲ့ဝင်များသည် ယနေ့တွင် ဆီလန်ဂေါပြည်နယ်နှင့် နီဂရီဆမ်ဘီလန် ပြည်နယ်တို့ရှိ လူမှုစောင့်ရှောက်ရေး ဂေဟာများကို စီးနင်းရှာဖွေခဲ့ရာ အနိုင်ကျင့်အမြတ်ထုတ်ခံနေရသူများအဖြစ် ယူဆရသော ကလေး ၄၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

လူမှုစောင့်ရှောက်ရေး ဂေဟာ စီးနင်းမှုများအတွင်း အနိုင်ကျင့်အမြတ်ထုတ်ခံရမှုများနှင့် ရင်ဆိုင်နေကြရဖွယ်ရှိသော အသက်တစ်နှစ်နှင့် ၁၇ နှစ်ကြား ယောက်ျားလေး ၂၀၁ ဦးနှင့် မိန်းကလေး ၂၀၁ ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အော့ဂလိုဘယ်လ်ဟူ၍ အမည်ပေးထားသည့် စစ်ဆင်ရေးအတွင်း မလေးရှား ရဲတပ်ဖွဲ့ဝင်များသည် လူမှုစောင့်ရှောက်ရေးဂေဟာ ၁၈ ခုကို စီးနင်းရှာဖွေခဲ့ကြကြောင်း မလေးရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် လူမှုစောင့်ရှောက်ရေး ဂေဟာစီးနင်းမှုများအတွင်း ကလေးများအပေါ် အနိုင်ကျင့်ညှဉ်းပန်းမှုဖြင့်ကလေးထိန်းများ၊ဂေဟာအကြီးအကဲများနှင့် ဘာသာရေးကျောင်းဆရာများအပါအဝင် လူပေါင်း ၁၇၁ ဦးကို ဖမ်းဆီးထားကြောင်း မလေးရှားရဲတပ်ဖွဲ့ ရဲချုပ် ရာဇာရှဒင်ဟူစိန်က ယနေ့သတင်းစာရှင်းလင်းပွဲတွင်ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် မလေးရှားရဲတပ်ဖွဲ့အနေဖြင့် ကယ်ထုတ်ထားသော ကလေး ၄၀၂ ဦးတို့၏ ကျန်းမာရေး အခြေအနေများကို စစ်ဆေးပေးနေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီရန်သမ္မတ ပါဇက်ရှ်ကီရမ် အီရတ်နိုင်ငံသို့ရောက်ရှိ

**ဘဂ္ဂဒက် စက်တင်ဘာ ၁၁**



အီရန်သမ္မတ ပါဇက်ရှ်ကီရမ်သည် သမ္မတရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ယနေ့တွင် အီရတ်နိုင်ငံသို့ သုံးရက်ကြာခရီးစဉ်အဖြစ် ရောက်ရှိနေကြောင်း သိရသည်။

အီရန်သမ္မတ ပါဇက်ရှ်ကီရမ်သည် ယနေ့တွင် ဘဂ္ဂဒက်မြို့၌ အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီးယာအယ်လ်ဆူဒါနီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အီရန်သမ္မတ ပါဇက်ရှ်ကီရမ်၏ သုံးရက်ကြာခရီးစဉ်အတွင်း အီရတ်နိုင်ငံနှင့် အီရန်နိုင်ငံတို့သည် သဘောတူညီချက်အများအပြားလက်မှတ်ရေးထိုးရန် စီစဉ်ထားသည်။

အရှေ့အလယ်ပိုင်း၌ ဒေသတွင်းတင်းမာမှုများ မြင့်တက်နေစဉ် အီရန်ခေါင်းဆောင်များသည် အီရန်နှင့်သာမက အမေရိကန်နိုင်ငံနှင့်လည်းဆက်ဆံရေးသင့်မြတ်သည့် အီရတ်နိုင်ငံနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

အီရတ်နိုင်ငံ၌ အီရန်ကျောထောက်နောက်ခံပြုနိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အုပ်စုများလည်းရှိနေသလို အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၂၅၀၀ တို့သည်လည်း အီရတ်တပ်စခန်းများ၌ တပ်စွဲထားဆဲဖြစ်သည်။

သမ္မတပါဇက်ရှ်ကီရမ် သည် ယခုနှစ် ဇူလိုင်လတွင် အီရန်သမ္မတရာထူးရရှိခဲ့သော သဘောထားအလယ်အလတ်ရှိသည့် အီရန်နိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဝန်ထမ်းများ အငြိမ်းစားယူမည့်အသက်အရွယ်သတ်မှတ်ချက် မြှင့်တင်ရေးအစီအစဉ်ကို တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဆွေးနွေး

**ပေကျင်း စက်တင်ဘာ ၁၁**

ဝန်ထမ်းများ အငြိမ်းစားယူနိုင်သည့် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက် မြှင့်တင်ရေးအစီအစဉ်ကို တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (အင်န်ပီစီ) က ယခုရက်သတ္တပတ်အတွင်း သုံးသပ် ဆွေးနွေးခဲ့ကြောင်း တရုတ်အစိုးရ သတင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဝန်ထမ်းများ အငြိမ်းစားယူနိုင်သည့် အသက်အရွယ်သတ်မှတ်ချက် မြှင့်တင်ရေးအစီအစဉ်ကို စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သော အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ၁၁ ကြိမ်မြောက် အစည်းအဝေး၌ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဝန်ထမ်းများကာလကြာရှည်ဆက်လက် အလုပ်ခွင်ဝင်နိုင်ရေးနှင့် ပင်စင်အသုံးစရိတ်ဖိအားတို့ကို လျှော့ချရေးအတွက် ဝန်ထမ်းများ အငြိမ်းစားယူနိုင်မည့် အသက်အရွယ်ကို အဆင့်ဆင့်တိုးမြှင့်ပေးမည်ဖြစ်ကြောင်း တရုတ်အစိုးရက ယခုနှစ်ဇူလိုင်လအတွင်း ကြေညာထားပြီးဖြစ်သည်။

တရုတ်နိုင်ငံ၏ ဝန်ထမ်းများ အငြိမ်းစားယူနိုင်သည့် အသက်အရွယ်သတ်မှတ်ချက်သည် ကမ္ဘာပေါ်၌ အနိမ့်ဆုံးအငြိမ်းစားအသက်အရွယ်သတ်မှတ်ချက်များထဲတွင် ပါဝင်သည်။

တရုတ်နိုင်ငံ၏ လက်ရှိဥပဒေများအရ အမျိုးသားဝန်ထမ်းများအနေဖြင့် အသက် ၆၀ အရွယ်၊ အမျိုးသမီး ဉာဏအလုပ်သမားများအနေဖြင့် အသက် ၅၅ နှစ်အရွယ်၊ အမျိုးသမီးစက်ရုံအလုပ်သမားများအနေဖြင့် အသက် ၅၀ အရွယ်တွင် အလုပ်မှအငြိမ်းစားယူနိုင်သည်။

တရုတ်ပြည်သူများ၏ ပျမ်းမျှ ဘဝသက်တမ်းမှာ ၂၀၂၁ ခုနှစ်တွင် ၇၈ နှစ်ထိ မြင့်တက်လာခဲ့ရာ အငြိမ်းစားအသက်အရွယ်သတ်မှတ်ချက်ကို ပြင်ဆင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘရာဇီး၏ အော်ပရေးရှင်းဖော်မိုဆာစစ်ရေးလေ့ကျင့်မှု၌ တရုတ်တပ်များ ပထမဆုံးအကြိမ်ပါဝင်မည်



**ရီယိုဒီဂျနေရိုး စက်တင်ဘာ ၁၁**

ဘရာဇီးနိုင်ငံက နှစ်စဉ်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုများတွင် တရုတ် လက်နက်ကိုင်တပ်များ ပထမဆုံးအကြိမ် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ဘရာဇီးရေတပ်က စက်တင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်တွင် ဘရာဇီးတပ်မတော်က ပြုလုပ်ခဲ့သော အော်ပရေးရှင်းဖော်မိုဆာအမည်ရှိ အဆိုပါ စစ်ရေးလေ့ကျင့်မှုများအတွက် တရုတ်နိုင်ငံက လေ့လာသူများသာစေလွှတ်ခဲ့သည်။

သို့သော် ယခုနှစ်တွင် ကျင်းပမည့် အော်ပရေးရှင်းဖော်မိုဆာ စစ်ရေးလေ့ကျင့်မှုတွင် တရုတ်လက်နက်ကိုင်တပ်များ ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာမည်ဖြစ်ကြောင်း ဘရာဇီးရေတပ်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဘရာဇီးတပ်မတော်သည်သုံးရက်ကြာမြင့်မည့် အော်ပရေးရှင်းဖော်မိုဆာ(၂၀၂၄)ကို ယနေ့တွင် တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ဖြင့် စတင်မည်ဖြစ်သည်။

ယခုနှစ်အော်ပရေးရှင်းဖော်မိုဆာ စစ်ရေးလေ့ကျင့်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် အမေရိကန်တပ်များအနေဖြင့် တရုတ်တပ်ဖွဲ့များနှင့် အတူတကွ ပူးတွဲလေ့ကျင့်မည်မဟုတ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Polaris Dawn ပုဂ္ဂလိကအာကာသမစ်ရှင် Space-X ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Polaris Dawn အမည်ရှိ ပုဂ္ဂလိက အာကာသ မစ်ရှင်ကို စက်တင်ဘာ ၁၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Polaris Dawn မစ်ရှင်အရ ပုဂ္ဂလိက အာကာသခရီးသည် လေးဦးလိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ကိုးမိနစ်ခွဲမျှအကြာတွင် Crew Dragon အာကာသ လူသယ်ယာဉ်သည် ဖယ်လ်ကွန်-၉ ဒုံးပျံမှ အောင်မြင်စွာခွဲထွက်၍ ကမ္ဘာပတ်လမ်းကြောင်းပေါ် ရောက်ရှိခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Polaris Dawn မစ်ရှင်အရ Crew Dragon အာကာသလူသယ်ယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည်လေးဦးကို ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၈၇၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

အဆိုပါပတ်လမ်းနေရာသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အပိုလို လေ့လာရေးမစ်ရှင်များနောက်ပိုင်း လူသားတို့ရောက်ရှိမည့် ကမ္ဘာဂြိုဟ်နှင့်အဝေးဆုံးနေရာဖြစ်ကြောင်း သိရသည်။

ငါးရက်ကြာမြင့်မည့် Polaris Dawn မစ်ရှင်အတွင်း ပုဂ္ဂလိက အာကာသ ခရီးသည်များသည် အာကာသယာဉ်ပြင်ပ ဟင်းလင်းပြင်အတွင်း ထွက်ခွာမှုနှင့်နည်းပညာစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဟက်ဘယ်နှင့် ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်က တစ်ခုနှင့်တစ်ခု အနီးကပ်ဆုံးတည်ရှိနေသော အာကာသတွင်းနက်နှစ်ခုကို ရှာဖွေတွေ့ရှိ


**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်နှင့် ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်သည် တစ်ခုနှင့်တစ်ခု အနီးကပ်ဆုံးတည်ရှိနေသော အာကာသတွင်းနက်နှစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်နှစ်ခုသည် MCG-03-34-64 အမည်ရှိပေါင်းစည်းနေဆဲကြယ်စုအုပ်စုအတွင်း တည်ရှိကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာသိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ အဆိုပါအာကာသတွင်းနက်နှစ်ခုသည် တစ်ခုနှင့် တစ်ခုအလင်းနှစ် ၃၀၀ မျှသာခြား၍ တည်ရှိနေကြောင်း သိရသည်။

ထို့ပြင် အဆိုပါအာကာသတွင်းနက်နှစ်ခုသည် ပတ်ဝန်းကျင်ရှိ ဓာတ်ငွေ့များကို ဝါးမျိုနေမှုကြောင့် အလင်းအား လွန်စွာမြင့်မားကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါအာကာသတွင်းနက်နှစ်ခုသည် မူလက သက်ဆိုင်ရာကြယ်စုများ၏ဗဟိုချက်များတွင် တည်ရှိနေသော်လည်း ကြယ်စုများ ဝင်တိုးပေါင်းစုမိချိန်တွင် ထိုမျှလောက် နီးကပ်ခဲ့ရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

အဆိုပါ အာကာသတွင်းနက်နှစ်ခုသည် ကမ္ဘာမြေနှင့်အလင်းနှစ်သန်း ၈၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ၌ အခြေစိုက်စခန်းတည်ဆောက်ရေးအစီအစဉ် ၂၀၃၀ ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်ရန် တရုတ်စီစဉ်ထား

**ပေကျင်း စက်တင်ဘာ ၁၁**

လကမ္ဘာ တောင်ဝင်ရိုးစွန်းဒေသ၌ အခြေစိုက်စခန်းတည်ဆောက်ရေးအစီအစဉ်ကို ၂၀၃၀ ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထားကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်းအခြေစိုက်စခန်းကို အဆင့်နှစ်ဆင့်ခွဲ၍ တည်ဆောက်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားထားသည်။

လကမ္ဘာ တောင်ဝင်ရိုးစွန်းအခြေစိုက်စခန်းကို ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၃၅ ခုနှစ်ကြားကာလအတွင်း အကြီးစားဝန်သယ် အာကာသယာဉ် ငါးခုထိ လွှတ်တင်၍ တည်ဆောက်ရန် တရုတ်သိပ္ပံပညာရှင်များက စီစဉ်ထားကြောင်း သိရသည်။

လကမ္ဘာ တောင်ဝင်ရိုးစွန်းအခြေစိုက်စခန်း တည်ဆောက်မှုလုပ်ငန်း ပထမအဆင့်ကို ၂၀၃၅ ခုနှစ်တွင် အပြီးသတ်နိုင်ရန် တရုတ်သိပ္ပံပညာရှင်များက ရည်ရွယ်ထားသည်။

ထို့ပြင် အဆိုပါအခြေစိုက်စခန်း ထပ်မံတိုးချဲ့တည်ဆောက်မှုကို ၂၀၅၀ ပြည့်နှစ်တွင် စတင်ရန် တရုတ် သိပ္ပံပညာရှင်များက ရည်ရွယ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လကမ္ဘာတောင်ဝင်ရိုးစွန်း အခြေစိုက်စခန်းစီမံကိန်း၌ ပူးပေါင်းပါဝင်ရန် အခြားနိုင်ငံများကိုလည်း ဖိတ်ခေါ်ထားရာ နိုင်ငံပေါင်း ၁၃ နိုင်ငံက ပူးပေါင်းပါဝင်ရန် သဘောတူထားကြပြီးဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည် ။

Ref : Xinhua News

Trs : KKO

# HEALTH

## အဝလွန်ဆီးချိုရောဂါရှိသူများ ကိုယ်အလေးချိန်လျှော့ချခြင်းဖြင့် ကူးစက်ရောဂါများဖြစ်နိုင်ခြေ လျှော့ချနိုင်

**လန်ဒန် စက်တင်ဘာ ၁၁**

အဝလွန် ဆီးချိုရောဂါရှိသူများအနေဖြင့် ကိုယ်အလေးချိန်လျှော့ချခြင်းဖြင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြေ လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အက်ဆက်တာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဝလွန် ဆီးချိုရောဂါလူနာများတွင် ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အဝလွန် ဆီးချိုရောဂါလူနာများတွင် ပြင်းထန်သည့် ဗက်တီးရီးယား ကူးစက်ရောဂါများဖြစ်ပွားနိုင်ခြေ ၃၀ ရာခိုင်နှုန်းထိမြင့်တက်ပြီး ပြင်းထန်သည့် ဗိုင်းရပ်ကူးစက်ရောဂါများဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၃၂ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အဝလွန်ဆီးချိုလူနာများအနေဖြင့် မိမိတို့၏ကိုယ်အလေးချိန်များကို လျှော့ချခြင်းဖြင့် ကူးစက်ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ညဥ့်နက်သန်းခေါင်ထိ မအိပ်ဘဲနေသူများ ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေ မြင့်တက်နိုင်

**အမ်စတာဒမ် စက်တင်ဘာ ၁၁**

ညဥ့်နက်သန်းခေါင်ထိ မအိပ်ဘဲ နေတတ်သူများတွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

နယ်သာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညဥ့်နက်သန်းခေါင်ထိ မအိပ်ဘဲနေတတ်သူများသည် အိပ်ရာစောစော ဝင်တတ်သူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သိရသည်။


ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းကဲ့သို့ ကျန်းမာရေးနှင့် မညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများကို ထည့်မတွက်လျှင်ပင် ညဥ့်နက်သန်းခေါင်ထိ မအိပ်ဘဲနေတတ်မှုကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်နေဆဲဖြစ်ကြောင်း နယ်သာလန်သုတေသနပညာရှင်များက ပြောကြားသည်။

နယ်သာလန်သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀ တို့၏ အိပ်ချိန်၊ စားချိန်အပါအဝင် ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ညဥ့်နက်သန်းခေါင်မအိပ်ဘဲ နေသူများသည် အိပ်ရာဝင်ချိန်စောသူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ ၄၆ ရာခိုင်နှုန်းပိုမြင့်မားသည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ရာမညယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၇)ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရာမည ယူနိုက်တက်အသင်းနှင့် ကချင် ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ရန်ကုန်မြို့ စလင်း အားကစားကွင်းတွင် ငွေကြယ်ပွင့်လေးများအသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ကချင်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀၊ မိနစ် ၄၀ နှင့် ၈၆ မိနစ်တို့တွင် S Gun Lum က သွင်းယူပေးနိုင်ခဲ့ပြီး ငွေကြယ်ပွင့်လေးများအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကျော်ဇေယျက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ပဒုမ္မာအားကစားကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရောဝတီရိန်းဂျားအသင်းတို့ ကစားခဲ့ရာ ရာမညယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့်ဂိုးပြတ် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၇ မိနစ်တွင် ညီညီအောင်၊ ပွဲချိန် ၄၇ မိနစ်တွင် ဘုန်းခန့်အောင်၊ ပွဲချိန် ၅၂ မိနစ်တွင် ဝင်းထိုက်၊ ပွဲချိန် ၇၃မိနစ်တွင် ချမ်းဦးနှင့် ပွဲချိန် ၇၈ မိနစ်တွင် ဖူးခန့်ကျော်တို့ကသွင်းယူပေးနိုင်ခဲ့ကာ ရောဝတီရိန်းဂျားအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ထိုက်သူဟန်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရာမည ယူနိုက်တက်အသင်းက ခုနစ်ပွဲကစားပြီး ငါးပွဲနိုင် နှစ်ပွဲသရေရလဒ် ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ၁၇မှတ်ဖြင့် ပထမရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

STA

# အသက်ငယ်ဆုံးနှင့် အကောင်းဆုံးနည်းပြအဖြစ် နည်းပြအလွန်ဆို ထိပ်ဆုံး၌ရပ်တည်

**ဘာလင် စက်တင်ဘာ ၁၁**

လေဗာကူဆင်အသင်းနည်းပြ အလွန်ဆိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအား ပြည်တွင်း ဆုဖလား အားလုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ လေဗာကူဆင်အသင်းကို မှတ်တမ်းသစ် ရေးထိုးပေးနိုင်ခဲ့ပြီးနောက် အသက်ငယ်ဆုံးနှင့် အကောင်းဆုံးနည်းပြအဖြစ် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။

အသက် ၄၂ နှစ်ရှိ အလွန်ဆိုသည် ၂၀၂၂ ခုနှစ်က လေဗာကူဆင်အသင်းကို စတင်တာဝန်ယူခဲ့ပြီး ၁၈ လအကြာတွင် ရှုံးပွဲမရှိဖြင့် အမှတ်ပေးဆုဖလား ရရှိခဲ့ကာ ဂျာမန်ပိုကယ်ဖလားနှင့် ဂျာမန်စူပါဖလားတို့ကို ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

၎င်းနောက်တွင် အသက် ၄၂ နှစ်ရှိ နည်းပြအာတီတာက ရပ်တည်နေပြီး အာတီတာသည် အာဆင်နယ်အသင်းအား ကစားကွက်ပိုင်း တိုးတက်လာအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ ၎င်းလက်ထက်တွင် အသင်းကို ဥရောပ အကောင်းဆုံး အသင်းတစ်သင်း ဖြစ်လာအောင် နည်းစနစ်ကောင်းများဖြင့် ကူညီပေးနိုင်ခဲ့သူဖြစ်သည်။

အသက် ၃၇ နှစ်ရှိ ဂျာမနီအသင်းနည်းပြ နာဂျယ်စမန်းက အဆင့်(၃)တွင် လည်းကောင်း၊ အသက် ၄၅နှစ်ရှိ လီဗာပူးအသင်းနည်းပြ အာနီစလော့က အဆင့်(၄)တွင်လည်းကောင်း၊ အသက် ၄၂ နှစ်ရှိ ဂျူဗင်တပ်အသင်းနည်းပြ မော့တာက အဆင့်(၅)တွင်လည်းကောင်း၊ အသက် ၃၉ နှစ်ရှိ စပို့တင်းအသင်းနည်းပြ အာမိုရင်က အဆင့်(၆)တွင် လည်းကောင်း၊ အသက် ၄၅ နှစ်ရှိ မာဆေးအသင်းနည်းပြ ဒီဇာဘီက အဆင့်(၇)တွင် လည်းကောင်း၊ အသက် ၄၂ နှစ်ရှိ စတုဂတ်အသင်းနည်းပြ ဟိုးနက်စ်က အဆင့်(၈)တွင်လည်းကောင်း၊ အသက် ၄၂ နှစ်ရှိ ဘုန်းမောက်အသင်းနည်းပြ အီရာအိုလာက အဆင့်(၉)တွင် လည်းကောင်း၊ အသက် ၃၁ နှစ်ရှိ ဘရိုက်တန်အသင်းနည်းပြ ဟာဇီလာက အဆင့်(၁၀)တွင် လည်းကောင်း အစဉ်လိုက် ရပ်တည်နေပြီး အဆိုပါနည်းပြများမှာ အသက် ၄၅ နှစ်အောက်သာ ဖြစ်ကြောင်း သိရသည်။

Ref : 90min

Trs : ML



# 2024 Yashin Trophy ဆုအတွက် အကောင်းဆုံး ဂိုးသမားစာရင်း ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၁၁**

2024 Yashin Trophy ဆုအတွက် တစ်နှစ်တာအကောင်းဆုံး ကစားသမား ၁၀ ဦးစာရင်း ထုတ်ပြန်ခဲ့ရာ အေဗီလာအသင်း ဂိုးသမား မာတီနက်ဇ်က ဆုရရှိရန် ရေပန်းစားလျက် ရှိကြောင်း သိရသည်။

အေဗီလာအသင်း ဂိုးသမား မာတီနက်ဇ်သည် အဆိုပါဆုကို နှစ်ကြိမ်မြောက် ရရှိထားသည့် ဂိုးသမားဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အေဗီလာ အသင်းအား ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိအောင် ၎င်း၏ လက်စွမ်းများဖြင့် ကူညီပေးခဲ့သည့်အပြင် အာဂျင်တီးနားအသင်းအတွက်လည်း ၂၀၂၄ ကိုပါအမေရိကဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် အကောင်းဆုံးဆုရရှိရန် ရေပန်းစားနေခြင်း ဖြစ်သည်။

အဆိုပါ တစ်နှစ်တာ အကောင်းဆုံး ဂိုးသမား ၁၀ ဦး စာရင်းတွင် အေဗီလာဂိုးသမား မာတီနက်ဇ်ပြီးလျှင် ဘီလ်ဘာအို ဂိုးသမား ဆိုင်မွန်က စပိန်အသင်းနှင့် ယူရိုဆုဖလားရယူခဲ့သည့်အတွက် အဆင့်(၂)တွင် ရပ်တည်နိုင်ခဲ့ပြီး ဗလင်စီယာအသင်း ဂိုးသမား မာမာဒက်ရှ်ဗီလီက အဆင့်(၃)၊ ဒေါ့မွန်အသင်း ဂိုးသမား ကိုဘယ်က အဆင့်(၄)၊ အင်တာမီလန်အသင်း ဂိုးသမား ဆွန်မာက အဆင့်(၅)၊ ရီးရဲလ်မက်ဒရစ်ဂိုးသမား လူနင်က အဆင့်(၆)၊ အေစီမီလန်အသင်း ဂိုးသမား မိုင်ဂနန်က အဆင့်(၇)၊ ပေါ်တိုအသင်းဂိုးသမား ဒီယိုဂိုကော်စတာက အဆင့်(၈)၊ ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာက အဆင့်(၉)၊ ကိတ်ဗာဒီဂိုးသမား ဝီလျံက အဆင့်(၁၀)တွင် ရပ်တည်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အကောင်းဆုံး ဂိုးသမားဆုကို လာမည့် အောက်တိုဘာ ၂၈ ရက်တွင် ပေးအပ်မည်ဖြစ်ပြီး အဆိုပါဆုကို ၂၀၁၉ ခုနှစ်က ပြန်လည်ပေးအပ်ခဲ့ခြင်း ဖြစ်ကာ တစ်သက်တာအကောင်းဆုံးဂိုးသမား ရာရှင်းကို ဂုဏ်ပြုသည့်အနေဖြင့် Yashin Trophy ဆုအဖြစ် နှစ်စဉ်ပေးအပ်ခဲ့ကြောင်း သိရသည်။

Ref : 90Min

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဩစတြေးလျ ဟော်ကီကစားသမား တွန်ခရိုက်သည် ပဲရစ်အိုလံပစ်ပြိုင်ပွဲအတွင်း ကိုကင်းဝယ်ယူမှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး ယခုအခါ ၁၂ လ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရကြောင်း သိရသည်။
- အင်္ဂလန်လက်ရွေးစင်အသင်းနှင့်ပွဲ ၁၀၀ ပြည့်မြောက်သည့် ပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နိုင်ငံအသင်းနှင့်အတူ သွင်းဂိုး ၆၈ ဂိုးထိ သွင်းယူနိုင်ခဲ့သည်။
- လာမည့်အောက်တိုဘာလတွင် ကစားမည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် တိုက်စစ်မှူး မက်ဆီ ပါဝင်ကစားပေးနိုင်မည်ဖြစ်ကြောင်း နည်းပြ စကာလိုနီက ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ခံစစ်ကစားသမား နသန်အကီ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲတွင် ကြွက်သားဒဏ်ရာ ပြင်းထန်စွာရရှိ

**ဝယ်လင်တန် စက်တင်ဘာ ၁၁**

နယ်သာလန် အသင်းနှင့် ဂျာမနီအသင်းတို့ ကစားခဲ့သည့် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် အုပ်စုပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ကစားသမား နသန်အကီအနေဖြင့် ကြွက်သားဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သောကြောင့် ဆေးအဖွဲ့၏အကူအညီဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

မန်စီးတီးအသင်း ခံစစ်ကစားသမား နသန်အကီသည် နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း နယ်သာလန်အသင်း ကိုယ်စားပြုပါဝင်ကစားခဲ့ရာ ဂျာမနီအသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပထမပိုင်း ပွဲကစားချိန် ၄၅ မိနစ်တွင် ကြွက်သားဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့သောကြောင့် ဆေးအဖွဲ့၏ အကူအညီဖြင့် ကွင်းအတွင်းမှ သယ်ဆောင်ခဲ့ရပြီး အသင်းဖော် ကစားသမား တင်ဘာနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် နသန်အကီ၏ ဒဏ်ရာအခြေအနေကို လိုအပ်သည့် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်သောကြောင့် အတိအကျ မသိရသေးသော်လည်း ကစားသမားအနေဖြင့် ဒဏ်ရာပြင်းထန်သဖြင့် ကာလရှည် အနားယူရနိုင်ကြောင်း နည်းပြ ကိုးမန်းက ထုတ်ဖော်ပြောကြားခဲ့သည်။



ပရီးမီးယားလိဂ် ချန်ပီယံ မန်စီးတီးအသင်းသည် နသန်အကီ၏ ဒဏ်ရာပြဿနာကို စိုးရိမ်လျက်ရှိပြီး ရာသီအစတွင် အသင်းအနေဖြင့် ရလဒ်ကောင်းများ ရယူထားနိုင်သော်လည်း ဒဏ်ရာရကစားသမား များပြားလာသည့်အခြေအနေကို နည်းပြ ဂွါဒီယိုလာက စိတ်ပျက်လျက်ရှိကြောင်း သိရသည်။

Ref : Evening Standard

Trs : ML

# Continental Americas စူပါဘင်တန်ဝိတ်တန်းချန်ပီယံလုပွဲတွင် ကက်ထရိုနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ဖူလ်တန် ထုတ်ပြန်ကြေညာ




လက်စ်ဗီးဂတ် စက်တင်ဘာ ၁၁

WBC၊ WBO စူပါဘင်တန်ဝိတ်တန်း ချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့သမား ဖူလ်တန်သည်Continental Americas စူပါဘင်တန်ဝိတ်တန်း ချန်ပီယံလုပွဲအတွက် မက္ကဆီကိုလက်ဝှေ့သမား ကက်ထရိုနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဖူလ်တန်နှင့် ကက်ထရိုတို့၏ ပွဲစဉ်သည် စက်တင်ဘာ ၁၄ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ထိုးသတ်သွားကြမည်ဖြစ်သည်။

ဖူလ်တန်သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၅ ရက်နေ့တွင် ဂျပန်လက်ဝှေ့သမား နာအိုယာအား ရှုံးနိမ့်ကာ WBC၊ WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များအား ဆုံးရှုံးခဲ့ရသူဖြစ်သည်။

ဖူလ်တန်သည် နာအိုယာအား ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည့်အတွက်ကြောင့် မကျေပွဲစိန်ခေါ်ခွင့်မရဘဲ ကမ္ဘာ့ချန်ပီယံအား ပြန်လည်စိန်ခေါ်ခွင့် ရရှိရေးအတွက် Continental Americas စူပါဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ပြန်လည်ရယူနိုင်ရန် လိုအပ်နေသည်။

ယင်းအတွက်ကြောင့် ကက်ထရိုအား စိန်ခေါ်ခဲ့ခြင်းဖြစ်ပြီး ကက်ထရိုကလည်း ကမ္ဘာ့ချန်ပီယံဟောင်း ဖူလ်တန်နှင့် ထိုးသတ်သွားလိုသည့်အတွက် စိန်ခေါ်မှုအား လက်ခံခဲ့ခြင်းလည်းဖြစ်သည်။

ဖူလ်တန်က "ကျွန်တော့်ရဲ့ ကမ္ဘာ့ချန်ပီယံ ခါးပတ်တွေကို ရှုံးနိမ့်ခဲ့ရပြီးတဲ့နောက် လက်ဝှေ့လောကကနေ အချိန်တစ်ခုထိ အနားယူပြီး စိတ်ဓာတ်ပိုင်းကောင်းမွန်လာဖို့ ပြင်ဆင်ခဲ့တယ်။ ပိုကောင်းအောင်လဲ ကြိုးစားလေ့ကျင့်ခဲ့တယ်။လေ့ကျင့်မှုအပိုင်းမှာပဲ အာရုံအပြည့်စိုက်နိုင်ခဲ့တယ်။ အခု ကျွန်တော့်ရဲ့စွမ်းဆောင်ရည်တွေက အရင်ကထက်သိသိသာသာ တိုးတက်လာပြီလို့ ယူဆတယ်။ ဒါကြောင့်လဲ ကက်ထရိုကို စိန်ခေါ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော် ဆုံးရှုံးခဲ့ရတဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကိုပြန်လိုချင်တယ်။ ကက်ထရိုကို အနိုင်ထိုးသတ်ပြီးရင် ကျွန်တော့်ရဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# Royal-D U19 Futsal Championship 2024 ပြိုင်ပွဲ အောက်တိုဘာ ၁၀ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် Royal-D U19 Futsal Championship 2024 ပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၁၀ ရက်မှ ၂၆ ရက်ထိ ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပသွားမည်ဖြစ်သည်။

Royal-D U19 Futsal Championship 2024 ပြိုင်ပွဲကိုပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့် သဲသောင်ပြင်ကော်မတီသို့ စက်တင်ဘာ ၂၃ ရက်မှ ၃၀ရက်ထိ သွားရောက်စာရင်းတင်သွင်းရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အသင်းဝင်ကြေးငွေကျပ် နှစ်သိန်းနှင့် Deposit အဖြစ် ငွေကျပ်တစ်သိန်းကို ပေးသွင်းရမည်ဖြစ်ကာ ကစားသမားမှတ်ပုံတင်ရာတွင် အနည်းဆုံး ၁၄ ဦးမှ ၁၆ ဦးထိ (ဂိုးသမားနှစ်ဦး မဖြစ်မနေပါဝင်ရမည်)စာရင်းပေးသွင်းနိုင်ပြီး အုပ်ချုပ်သူနည်းပြအဖွဲ့ မှတ်ပုံတင်ရာတွင် အနည်းဆုံး သုံးဦးမှ အများဆုံး ခြောက်ဦးထိ မှတ်ပုံတင်နိုင်မည်ဖြစ်သည်။

Royal-D U19 Futsal Championship 2024 ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုအတွက် ငွေကျပ် သိန်း ၃၀၊ ဒုတိယဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် တတိယဆုအတွက် ငွေကျပ် ၁၅ သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

STA




# ဆွီဒင်အဆင့် (၁) ဂေါက်သီးရိုက်သမားလက်ဗစ်အဘက် ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူ

စတော့ဟုမ်း စက်တင်ဘာ ၁၁

ဆွီဒင်အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဘက်သည် ပြီးခဲ့သည့် မေလကရရှိခဲ့သော ဒူးဒဏ်ရာအား ခွဲစိတ်ကုသမှု ခံယူထားသည့်အတွက် ပြိုင်ပွဲတချို့ဖြင့် လွဲချော်ရတော့မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

လက်ဗစ်အဘက်သည် ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီမှစတင်၍ ဂေါက်သီးရိုက်လောကတွင် နေရာတစ်ခုရလာသည့် ကစားသမားတစ်ဦးဖြစ်သလို အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် လူငယ်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

လက်ဗစ်အဘက်၏ ဘယ်ဘက်ဒူးဒဏ်ရာသည် မေလကတည်းက ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သော်လည်း အဓိကပြိုင်ပွဲတချို့ဖြင့် လွဲချော်ရမည်ကို စိုးရိမ်သည့်အတွက်ကြောင့် ခွဲစိတ်ကုသမှုခံယူခြင်းမရှိဘဲ ဒဏ်ရာအခြေအနေ ပိုဆိုးလာသည့်အတွက် ဆရာဝန်၏ အကြံပြုချက်ကြောင့် ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

ဒူးဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူရန်အတွက် ဆရာဝန်ဖြင့် အကြိမ်ကြိမ် ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာကာလကြာရှည်သွားမည်ကို စိုးရိမ်သည့်အတွက်ကြောင့် ဆရာဝန်၏ အကြံပြုချက်အား လက်ခံခဲ့ခြင်းဖြစ်ကြောင်းလည်း လက်ဗစ်အဘက်က ပြောကြားခဲ့သည်။

လက်ဗစ်အဘက်က "မေလကတည်းကရခဲ့တဲ့ ဒူးဒဏ်ရာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆရာဝန်ကလဲ ဒဏ်ရာကို ချက်ချင်းခွဲစိတ်ကုသမှုခံယူဖို့ အကြံပြုခဲ့တယ်။ ကျွန်တော့်အနေနဲ့ အဓိကပြိုင်ပွဲတွေနဲ့ လွဲချော်မှာစိုးရိမ်တဲ့အတွက်ကြောင့် နာကျင်မှုသက်သာအောင် ပဲဆေးကုသမှုခံယူခဲ့တယ်။ လက်ရှိ ဒဏ်ရာအခြေအနေက ပိုဆိုးလာတဲ့အတွက်ကြောင့် ခွဲစိတ်ကုသမှုခံယူသွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျန်နစ်စ်ဆင်နာ ကြံခိုင်ရေးနည်းပြအဖြစ် ပါနီချီကိုခန့်အပ်

ရောမ စက်တင်ဘာ ၁၁

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်စ်ဆင်နာသည် ကြံခိုင်ရေးနည်းပြအဖြစ် ဂျိုကိုဗစ်နှင့် ကာလရှည် လက်တွဲအလုပ်လုပ်ခဲ့သူ အီတလီလူမျိုး ပါနီချီအားငင်း၏ ကြံခိုင်ရေးနည်းပြအဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျန်နစ်စ်ဆင်နာသည် တားမြစ်ဆေးဝါးသုံးစွဲမှု ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ကြံခိုင်ရေးနည်းပြဖြစ်သူ ဖာရာရာအား ရာထူးမှထုတ်ပယ်ခဲ့သည်။

ဖာရာရာနေရာတွင် ပါနီချီနှင့် အစားထိုးခဲ့ခြင်းဖြစ်ပြီး ပါနီချီသည် ယခုနှစ် တင်းနစ်ရာသီအစောပိုင်းတွင် ဂျိုကိုဗစ်ဖြင့် လမ်းခွဲခဲ့သူဖြစ်ပြီး ဂျိုကိုဗစ်အား ဒဏ်ရာကင်းစင်စွာဖြင့် အောင်မြင်မှုများစွာရရှိအောင် လေ့ကျင့်ပေးနိုင်ခဲ့သူဖြစ်ပြီး တင်းနစ်လောက၏အကောင်းဆုံး ကြံခိုင်ရေးနည်းပြအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသူလည်းဖြစ်သည်။

ဂျန်နစ်စ်ဆင်နာသည် ဖာရာရာ၏ကုထုံးများ မှားယွင်းခဲ့ခြင်းကြောင့် တားမြစ်ဆေးဝါးသုံးစွဲမှုပြဿနာအား အယူခံအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ပါနီချီသည် အကောင်းဆုံး ကြံခိုင်ရေးနည်းပြ တစ်ဦးဖြစ်သလို အီတလီလူမျိုး တစ်ဦးလည်းဖြစ်သည့်အတွက်ကြောင့် ဂျန်နစ်စ်ဆင်နာအတွက် အသင့်တော်ဆုံး ကြံခိုင်ရေး နည်းပြဖြစ်ကြောင်းလည်း ဂျန်နစ်စ်ဆင်နာ၏ ဖခင်ဖြစ်သူက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ကျင်းပ




ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၁၁ နာရီက YRG FC အသင်းနှင့် Phoenix FCအသင်းတို့ကစားခဲ့ရာ YRG FC အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲက Divine FCအသင်းနှင့် Generations FCအသင်းတို့ကစားခဲ့ရာ Divine FCအသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီတွင် Generations FCအသင်းနှင့် Pacific Sunfar အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Divine FCအသင်းနှင့် YRG FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်သည်။

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲကို ယနေ့မှ စတင်ပြီး စက်တင်ဘာ ၁၆ ရက်ထိ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ပုံပြင်ထဲကစကား စာပေထဲကနဂါး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

နဂါးကို ယခုခေတ်လူတို့ မမြင်ဖူးသော်လည်း ဘုရားဟောဇာတ်၊ ဒဏ္ဍာရီပုံပြင်တို့အရ ကောက်ယူရသော် မြွေမျိုးဖြစ်၍ အမောက်အတက်များဖြင့် ခံ့ညားသောသတ္တဝါတစ်မျိုးဖြစ်သည်။ အမောက်တွင်ရှိသော ပတ္တမြားကြောင့် တန်ခိုးအလွန်ကြီးသည်ဟုလည်းဆိုကြသည်။ "ပါဒေနနဂစ္ဆတီတိနာဂေါ"ဟူသော ဝိဂြိုဟ်အရ ခြေဖြင့်မသွားသောကြောင့် နဂါးဟုခေါ်ဆိုကြသည်။ ထုံးဟောင်းပုံပြင်များတွင် ပါဝင်သော ထူးဆန်းသည့်သတ္တဝါများအနက် နဂါးထက်ပို၍ ရှေးကျသောသတ္တဝါ အလွန်နည်း၍ နဂါးလောက် ထင်ရှားသောသတ္တဝါ မရှိချေ။ မြန်မာအဘိဓာန်ကမူ နဂါးကို 'ကျမ်းဂန်လာမြွေကြီးတစ်မျိုး'ဟုသာ ပြောပြလေသည်။

"ထောင်ပေးလို့ဆုပ်၊ ရာပေးလို့ချုပ်၊ ချစ်တဲ့သူအရိုးဆံထိုးလုပ်" ဟူသော မောင်ပေါက်ကျိုင်းပုံပြင်ကို အိပ်ရာဝင်နားထောင်ခြင်းဖြင့် နဂါးဟူသောသတ္တဝါတို့ စတင်ရင်းနှီးလာသည်။ ဇာတ်ကြီးဆယ်ဘွဲ့များကို ဖတ်ရှုခြင်းဖြင့် ဝိဓူရဇာတ်၊ ဘူရိဒတ်ဇာတ်တို့တွင် နဂါးဟူသောဇာတ်ရုပ်ကို ထိတွေ့လာရပြန်သည်။ ဣရန္ဓတီနဂါးမလေးက ကာဠာဂီရိတောင်ထိပ်တွင် လူ့အသွင်ဖန်ဆင်းကာ ပန်းမွှေ့ရာခင်း၊ တေးချင်းဆိုခန်းကြောင့် နဂါးရုပ်မှ လူအသွင်ပြောင်းနိုင်သည့် နဂါး၏တန်ခိုးသတ္တိကိုလည်း အံ့မခန်းဖြစ်ရသည်။ ဘူရိဒတ်ဇာတ်တော်တွင်လည်း ဘူရိဒတ်နဂါးမင်း၏ ညီတော် သုဒဿနက ရသေ့အသွင်ဖြင့် ပုဏ္ဏားနှင့် အလောင်းအစားတိုက်ခန်းကိုကြည့်၍ နဂါးတို့၏ တန်ခိုးကို ပိုမိုခိုင်မာစေခဲ့သည်။ ဘုရား၊ ကျောင်းကန်၊ ဇရပ်တို့တွင် ပန်းချီ၊ ပန်းပုဆရာတို့ရေးဆွဲသော နဂါးရုပ်ကိုကြည့်ပြီး နဂါး၏ရုပ်သဏ္ဍာန်ကို ဤနှယ်ပါလားဟု တွေးဆခဲ့ရသည်။

နဂါး၏ရုပ်ပုံသဏ္ဍာန်ကို တရုတ်နိုင်ငံ ဟန်မင်းများခေတ်က ထင်ရှားသောစာရေးဆရာကြီး ဝန်ဖူးက ရေးသားထားသည်မှာ "နဂါး၏ခေါင်း၌ ဒရယ်၏ ဦးချိုကဲ့သို့ချိုပါရှိသည်။ ဦးခေါင်းသည် ကုလားအုပ်ခေါင်းနှင့်တူ၍ မျက်စိသည် နတ်မိစ္ဆာမျက်လုံးနှင့်တူသည်။ လည်ပင်းမှာမူ မြွေနှင့်တူ၍ ဝမ်းဗိုက်သည် ခုံးခွံနှင့်တူသည်။ အကြေးခွံသည် ငါးကြင်းအကြေးကဲ့သို့ရှိနေ၍ လက်သည်းမှာမူ လင်းယုန်ငှက်၏ လက်သည်းမျိုးဖြစ်သည်။ ဖဝါးသည် ကျားဖဝါးကဲ့သို့ ဖြစ်၍ နားရွက်မှာမူ နွားနားရွက်နှင့် ဆင်သည်ဟု ပြောပြခဲ့သည်။

မြန်မာစာပေကျမ်းဂန်များအရ ယေဘုယျအားဖြင့် ရေနေ၊ မြေနေနှင့်တောင်နေနဂါးဟူ၍ သုံးပါးရှိသော်လည်း အကျယ်အားဖြင့် နဂါးအမျိုး ၁၀၂၄ ပါး ရှိလေသည်။ ကိုက်ခဲသည်ရှိသော် ခန္ဓာကိုယ်သည် သစ်သားထင်းချောင်းကဲ့သို့ အဆစ်အမျက်မကွေးမဆန့်နိုင်ဘဲ တံကျင်ကဲ့သို့ ခိုင်ခံ့စွာဖြစ်သော ကဋ္ဌမုခနဂါး၊ ကိုက်ခဲသည်ရှိသော် ခန္ဓာကိုယ်သည် မှည့်၍ ပုပ်သောပိန္နဲသီးကဲ့သို့ အရည်ယိုထွက်သော ပုတိမုခနဂါး၊ ကိုက်ခဲသည်ရှိသော် ခန္ဓာကိုယ်သည် မီးလောင်သကဲ့သို့ ဖရိုဖရဲရှိသော အဂ္ဂမုခနဂါး၊ ကိုက်ခဲသည်ရှိသော် ကိုယ်သည် မိုးကြိုးကျသကဲ့သို့ ကွဲပြတ်ပျက်စီးသော သတ္ထမုခနဂါး၊ ထိုလေးပါးမှ တစ်ဖန် ကိုက်ရုံဖြင့် အထက်ပါအခြင်းအရာတို့ဖြစ်စေသော ဒဋ္ဌဝိသနဂါး၊ မြင်ရုံဖြင့် အထက်ပါအခြင်းအရာဖြစ်စေသော ဒိဋ္ဌဝိသနဂါးမျိုး၊ နှာရှူလေမှုတ်ရုံဖြင့် အထက်ပါအခြင်းအရာဖြစ်စေတတ်သော ဝိတဝိသနဂါးမျိုးဟူ၍ အဆိပ်နဂါး လေးပါးပြားသောကြောင့် နဂါးအပြား ၁၆ပါးဖြစ်သည်။ ၎င်း၁၆ပါးတွင် တစ်ဖန် အဆိပ်လျင်မြန်စွာလာသော်လည်း အဆိပ်မပြင်းထန်သော အာဂတဝိသနအာဂတဝိသနဂါး၊ အဆိပ်ပြင်းသော်လည်း လျင်မြန်စွာမလာသော ဃောရဝိသနအာဂတဝိသနဂါး၊ အဆိပ်လည်းပြင်း၍ လျင်မြန်စွာလည်းလာသော အာဂတဝိသဃောရဝိသနဂါး၊ အဆိပ်လည်းမပြင်းထန်၊ လျင်မြန်စွာလည်းမလာသော နအာဂတဝိသနဃောရဝိသနဂါးဟူ၍ လေးပါးစီပြားပြန်သောကြောင့် ၆၄ပါး ဖြစ်သည်။ တစ်ဖန် ဥဒ္ဓဖြစ်သော အဏ္ဍဇနဂါး၊ ရေကြည်၌ဖြစ်သော ဇလာဗုဇနဂါး၊ အညှိကိုစွဲ၍ဖြစ်သော သံသေဒဇနဂါး၊ ကိုယ်ထင်ဖြစ်သော ဩပပါတိကနဂါးဟူ၍ ပဋိသန္ဓေအားဖြင့် လေးပါးစီပြားသောကြောင့် ၂၅၆ ပါးပြားပြန်သည်။ ထိုမှတစ်ဖန် ရေနေနှင့်ကုန်းနေနဂါးနှစ်ပါးပြားပြန်သဖြင့် ၅၁၂ ပါးဖြစ်သည်။ ၎င်း ၅၁၂ပါးတွင် ကာမဂုဏ်ခံစားသော ကာမရူပိနဂါးမျိုးနှင့် မခံစားသော အကာမရူပိနဂါးမျိုးတို့ပြားပြန်ရာ နဂါးမျိုးပေါင်း ၁၀၂၄ ပါးဖြစ်တော့သည်။

နဂါးတို့သည် အိုင်ကြီးများ၊ သမုဒ္ဒရာကြီးများနှင့် တောင်ကြီးများအောက်တို့၌ ကျက်စားတတ်ကြောင်း တွေ့ရှိရသည်။ "ဝေဘာရတောင်၏အောက်၌ မြေနေနဂါးတို့၏ ယူဇနာ ၅၀၀ ရှိသော နဂါးပြည်သည် နတ်ပြည်နှင့်တူ၍ မွေ့လျော်ဖွယ်ရှိသော မြေအပြင်နှင့် အရံဥယျာဉ်တို့ဖြင့်ပြည့်စုံသည်။ ထိုနဂါးတို့၏ ပျော်ပါးရာဖြစ်သော ရေအိုင်သည် ကြည်သောရေ၊ အေးသောရေ၊ မြိန်မြတ်သောရေ၊ စင်ကြယ်သောရေ ရှိသည်။ မှော်သေးမှော်ညှိမရှိ။ ကောင်းမြတ်သော ရေဆိပ်ရှိသည်။ မွေ့လျော်ဖွယ်ကိုဖြစ်စေသည်။ လှည်းဘီးပဏာမရှိသော ပဒုမ္မာကြာတို့သည် ပွင့်ကုန်သည်။ များစွာသော ငါး၊ လိပ်တို့ရှိကုန်သည်။ ထိုအိုင်မှထွက်ခဲ့သော တပေါဒါမြစ်သည် နှစ်ခုသော ငရဲကြီးတို့ကြားမှစီးခဲ့၍ ရာဇဂြိုဟ်ပြည်ကိုလှည့်လည်၍စီးသည်"ဟု ပါရာဇိကကဏ်အဋ္ဌကထာ စတုတ္ထပါရာဇိကတပေါဒါဝတ္ထုအဖွင့်၌ ဆိုထားလေသည်။ စတုကနိပါတ် ဒဒ္ဒရဇာတ်၌ ဟိမဝန္တာတော၊ ဒဒ္ဒရတောင်ခြေရင်း၌ မြေနေနဂါးတို့၏ တိုင်းပြည်ရှိကြောင်း တွေ့ရသည်။

ဇိနလင်္ကာရဋီကာ၊ လောကဒီပနီကျမ်းတို့၌မူ မြင်းမိုရ်ရက်တောင်၏အောက်၌ သုံးခုသောအထွတ်တို့၏အလယ်တွင် ပံသုပထဝီရှိသည်။ ပံသုပထဝီအထက်အပြင် ရတနာသဲစု၌ ယူဇနာတစ်သောင်းရှိသော အသုရာပြည်သည်ရှိသည်။ သုံးခုသောအထွတ်မှ ပြင်ပံသုပထဝီထိပ်၌ ရတနာသဲစုဖြင့်ပြည့်သည်။ ထိုသဲစု၌ နဂါးတို့သည် နေကုန်သည်။ အသုရာတို့သည်လည်းကောင်း၊ နဂါးတို့သည်လည်းကောင်း သွားလာသောကာလ၌ ထိုအသုရာနတ်နဂါးတို့၏ အာနုဘော်ကြောင့် ရေ၌ခရီးလမ်းတို့သည် ထင်ကုန်သည်။ ထိုရေသည် ယူဇနာရှစ်သောင်းလေးထောင်နက်သည်ဟုဆိုသောကြောင့် မြင်းမိုရ်တောင်ခြေရင်း၌ နဂါးတို့သည် သီဒါရေထဲ၌နေသည်ဟုသိနိုင်သည်။ မြင်းမိုရ်တောင်၏ အာလိန်ငါးရပ်တွင်လည်း နဂါးတို့သည် ရေ၌အားကြီးသောကြောင့် ပထမအာလိန်၌ အစောင့်အရှောက်ထားကြောင်း ဆိုကြသည်။ ဓမ္မပဒကျမ်းတွင်လည်း အနဝတတ်အိုင်၌ ပဏ္ဏကနဂါးမင်းနေကြောင်း၊ မုစလိန္ဒအိုင်၌ မုစလိန္ဒနဂါးနေကြောင်း၊ ဥရုဝေလမြစ်၌ ဥရုဝေလနဂါးနေကြောင်း၊ ဂယာမြစ်၌ အင်္ဂီဒပုနဂါးနေကြောင်း၊ ဂင်္ဂါမြစ်၌ မြတ်စွာဘုရား ကူးတော်မူသောအခါ နဂါးတို့သည် လှေဖန်ဆင်း၍ပို့ကြောင်း၊ နဂါးပြည်သို့ မြတ်စွာဘုရားကိုပင့်၍သွားကြောင်း၊ သဃ်မိတ္တာထေရီသည် ဗောဓိပင်ကိုဆောင်၍ သမုဒ္ဒရာကိုကူးသောအခါ နဂါးတို့ ရေမှနေ၍ မိမိတို့ပြည်သို့ပင့်၍သွားကြောင်း၊ ဧရာပထနဂါး ဂင်္ဂါမြစ်ထဲကပေါ်လာကြောင်း၊ မဏိပဏ္ဍနဂါး ရေထဲကပေါ်လာကြောင်းတို့ကိုဆိုသည်။ သို့ဖြစ်၍ နဂါးတို့ကို ရေနတ်မျိုးဟူ၍ ခေါ်ဝေါ်ကြသည်။ ပဏ္ဍာရင်္ဂနဂါး၊ အရှင်ရာဟုလာအလောင်း ပထဝီသန္တရနဂါးမင်းတို့သည် သမုဒ္ဒရာ၌နေသော ရေနေနဂါးမျိုးဖြစ်သည်။

နဂါးတို့သည် ခပ်သိမ်းသောရန်စစ်ကိုငြိမ်းနိုင်သည်ဟု အယူရှိကြသည်။ ဘုရားဟော ဝီသတိနိပါတ် စမ္မေယျဇာတ်တွင် အင်္ဂမင်းနှင့် မဂဓမင်း နှစ်ပါးစစ်ဖြစ်ကြသည့်ကာလတွင် မဂဓမင်းဘက်မှ နဂါးမင်းစစ်ကူသောကြောင့် အင်္ဂမင်းရှုံးလျှင် မဂဓမင်းသည် နဂါးမင်းကျေးဇူးကိုထောက်၍ မဏ္ဍပ်ဆောက်ပြီးလျှင် နှစ်စဉ်မပြတ် ပူဇော်ကြောင်းဆိုလေသည်။ ပရိတ်ကြီးအာဋာနာဋိယသုတ်၌ ဒေဝါနာဂါမဟိဒ္ဓိကာ စသည်ဖြင့် နဂါးတို့ဘုန်းတန်ခိုးကြီးပုံကို ထည့်သွင်းဟောခဲ့သည့်အချက်ကိုလည်းကောင်း၊ ပုဂံရာဇဝင်တွင် ပျူမင်းထီးနန်းတက်သောကာလ မယ်တော်နဂါးမက ရန်သူကိုနှိမ်နင်းနိုင်သော နဂါးလုလင် ၁၈၀ ပေးနှင်းကြောင်း၊ နဂါးလုလင် ၁၈၀ တို့သည် မင်းကြီးထွက်တော်မူသည့်အခါ လှေကားတို့၌ အမြဲစောင့်ရှောက်ရကြောင်း စသည့်အချက်တို့ကိုလည်းကောင်း ထောက်၍ နဂါးတို့၏ တန်ခိုးကြီးပုံကို သိနိုင်သည်။

တရုတ်နှင့် ဂျပန်နိုင်ငံတွင် နဂါးကိုကိုးကွယ်သည့်ဓလေ့သည် ယခုတိုင်ရှိနေလေသည်။ မြန်မာနိုင်ငံ၌လည်း သက္ကရာဇ် ၂၇၉ ခု ပုဂံပြည် တောင်သူကြီးမင်းသည် မိမိယာခင်းအရပ်၌ ဥယျာဉ်ကြီး သာယာစွာပြုပြီးသော် နဂါးရုပ် ကြီးစွာလုပ်၍ ထားလေသည်။ ထိုကာလ နဂါးတို့ကို မင်းနှင့်အစ မြတ်နိုးပူဇော်ကိုးကွယ်ကြသည်ဖြစ်၍ နာဂသမာန်၊ နာဂဝုန အစရှိသောဘွဲ့မည်များကို ပေးကြသည်ဟု ယူဆနိုင်လေသည်။

စစ်အောင်နိုင်သူတို့၏ ဒိုင်း သို့မဟုတ် ခေါင်းဆောင်းတို့၌ နဂါးရုပ်ထွင်းထားသည်ကိုတွေ့ရသည်။ ယခင်ကအင်္ဂလိပ်လူမျိုးတို့၏အလံ၌နဂါးရုပ်ပါသည်ဟုဆိုကြသည်။ သတ္တမအိမ်ရှေ့စံ ဝေလမင်းသား၏ရိုးရာဒိုင်းပါ တံဆိပ်တော်၌ နဂါးရုပ်ပါလေသည်။ နဂါးသည် တိရစ္ဆာန်ဖြစ်သော်လည်း ဒုဂ္ဂတိအဟိတ်တို့တွင် စည်းစိမ်ရှိသဖြင့် ဒါနအမှုကို ဆောင်ရွက်အားထုတ်နိုင်သောသတ္တဝါတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကလည်း နဂါးတို့အား သရဏဂုံပဉ္စသီလ ပေးတော်မူကြောင်း အထောက်အထားရှိသည်။ ဖြစ်တော်ပေါင်း ၅၅၀ အနက် နဂါးဘဝတွင် သုံးကြိမ်ဖြစ်ခဲ့ဖူးလေသည်။ ဘုရားဖြစ်ခါနီး အရင့်အမာဘဝတွင်ပင် ဘုရားအလောင်းတော်သည် ဘူရိဒတ်နဂါးမင်းဘဝသို့ ရောက်ခဲ့ရသည်မှာ အထင်အရှားပင်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် နဂါးသည် အရှေ့တိုင်းသားတို့ကြောင့် ကကြိုးကကွက်ဆင်ကာ သဘင်စင်မြင့်အထက် တင်ဆက်ကပြလာကြသည်ကိုလည်း တွေ့ရသည်။

နဂါးအကကို ဝါကျွတ်ပွဲတော်၊ ဝင်္ကပါပွဲတော်၊ ဘုရားပွဲတော်နှင့် အခြားမင်းပွဲသဘင်များတွင် နဂါးအရုပ်ကြီး ပြုလုပ်မွမ်းမံကာ အိုးစည်ဗုံမောင်းတို့ဖြင့် တီးမှုတ်ကခုန်ကြသည်။ ပထမဦးစွာ ပါးလွှာသော အဝတ်တို့ဖြင့် ပေ ၁၀၀ ကျော်၊ ၂၀၀ ခန့်ရှည်လျားသော နဂါးကြီးပြုလုပ်ရသည်။ ဦးခေါင်း၊ပါးပျဉ်းတို့ဖြင့် နဂါးနှင့်တူစွာပြုလုပ်ပြီး အလယ်ဝမ်းဗိုက်တွင် ဝါးခွေများသွင်းထားရသည်။ ဝါးခွေတစ်ခွေတစ်ခွေတွင် မီးထွန်းစရာတစ်ခုစီထားကာ မီးထွန်း၍ ၎င်းကို ထောက်များဖြင့်ထောက်ထားရသည်။ ထောက်တစ်ထောက်ကို လူတစ်ယောက် ကကိုင်ထားရသည်။ ဦးခေါင်းပိုင်းကို ခွန်အားကြီးမား၍အကကျွမ်းကျင်သူတစ်ဦးက ကိုင်တွယ်ရသည်။ ဦးခေါင်းပိုင်းမှလူက နိမ့်ချည်မြင့်ချည် နွဲ့ပြောင်း၍ ကလိုက်သည့်အခါ ဝမ်းဗိုက်မှ လူတို့ကလည်း တွန့်ကာတွန့်ကာဖြင့် ကပြကြသည်။ အမြီးပိုင်းကိုကိုင်ထားသူသည် ရှေ့ပိုင်းမှ လှုပ်ရှားသည့် အရှိန်အလိုက် ပြင်းပြင်းထန်ထန်၊ ပြေးလွှားဖွေ့ယိမ်း၍ နေရသည်။ ထိုသူမှာ ပုတီးကို ကိုင်ကာ ဒေါက်ချာကိုဆောင်းလျက် ရသေ့အဝတ်ဖြင့် အလမ္ပာယ်သွားဟန်၊ နဂါးအမြီးကို ကိုယ်တွင် တစ်ပတ်ပတ်၍ နဂါးကြီးကို ထိန်းသိမ်းစောင့်ရှောက်ဟန် ကကြ၊ ခုန်ကြသည်။

နဂါးအကကို များသောအားဖြင့် ညအချိန်တွင် ကပြလေ့ရှိသည်။ ညအခါ နဂါးကြီး၏ ဝမ်းအလယ်အဆစ်နှင့် ပါးစပ်တို့တွင် မီးထွန်းညှိထားပေးသည်။ ရသေ့အဝတ်အစားဖြင့် အလမ္ပာယ်သမားက လက်တစ်ဖက်ဖြင့် ပွဲညက်မှုန့်တို့ကို နဂါးပါးစပ်အတွင်းရှိ မီးတွင်းသို့ကျအောင် ပစ်ချလိုက်လေသည်။ ထိုအခါ တစ်လံနှစ်လံမျှရှိသော နဂါးမီးလျှံသည် ဟုန်းဟုန်းထ၍ တောက်လောင်တော့သည်။ အိုးစည်ဗုံမောင်းတို့ကလည်း မြိုင်စွာတီးပေးကြရတော့သည်။ နဂါးအကကို တရုတ်နှစ်သစ်ကူးပွဲတော်များတွင်လည်း ကပြသည်ကိုတွေ့ရသည်။ မြန်မာနဂါးကပုံနှင့် ဆင်သယောင်ရှိသော်လည်း မြန်မာနဂါးအကက ပိုလှသည်။

ပုံပြင်လာစကားကြောင့် နဂါးနှင့် စတင်ရင်းနှီးရသည်။ စာပေလာအမှတ်အသားများကြောင့် နဂါး၏ သရုပ်သည် ပိုမိုပီပြင်လာခဲ့သည်။ နဂါးအကကို ကြည့်၍ နဂါးကိုမြင်ဖူးရပြန်သည်။ ထိုနဂါးသည် မြန်မာတို့၏ နဂါးသာဖြစ်၍ ယဉ်ကျေးမှုတစ်ခုအသွင် ရှုမြင်တတ်ကြရန် ဖြစ်ပါကြောင်း။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**
- **ပြည်ထောင်စုအကပဒေသာ-ဦးမင်းနိုင်**

❖ နဂါးတို့သည် အိုင်ကြီးများ၊ သမုဒ္ဒရာကြီးများနှင့် တောင်ကြီးများအောက်တို့၌ ကျက်စားတတ်ကြောင်း တွေ့ရှိရသည်။ ဝေဘာရတောင်၏အောက်၌ မြေနေနဂါးတို့၏ ယူဇနာ ၅၀၀ ရှိသော နဂါးပြည်သည် နတ်ပြည်နှင့်တူ၍ မွေ့လျော်ဖွယ်ရှိသော မြေအပြင်နှင့် အရံဥယျာဉ်တို့ဖြင့်ပြည့်စုံသည်။ ထိုနဂါးတို့၏ ပျော်ပါးရာဖြစ်သော ရေအိုင်သည် ကြည်သောရေ၊ အေးသောရေ၊ မြိန်မြတ်သောရေ၊ စင်ကြယ်သောရေ ရှိသည်။ မှော်သေးမှော်ညှိမရှိ။ ကောင်းမြတ်သော ရေဆိပ်ရှိသည်။ မွေ့လျော်ဖွယ်ကိုဖြစ်စေသည်။ လှည်းဘီးပဏာမရှိသော ပဒုမ္မာကြာတို့သည် ပွင့်ကုန်သည်။ ❖

# ပြီးတော့လဲ ပြီးတာပါပဲ ပြဇာတ်ကို SKYNET၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




ရန်ကုန် စက်တင်ဘာ ၁၁

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်က ဖျော်ဖြေတင်ဆက်သည့် ပြီးတော့လဲ ပြီးတာပါပဲ ပြဇာတ်ကို စက်တင်ဘာ ၂၀ ရက်၊ ၂၂ ရက်တွင် SKYNET၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ရွှေမန်း ချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်မှ ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် အစီအစဉ်တွင် ဇာတ်မင်းသားကြီး ဦးချမ်းသာ ကိုယ်တိုင်ရေးသား ဇာတ်ညွှန်းခွဲက ကိုယ်တိုင်ဒါရိုက်တာ သရုပ်ဆောင်အဖြစ် ကပြခဲ့သည့်ထင်ရှား အောင်မြင်သည့် စင်တင်ပြဇာတ်ပေါင်း ၉၀ ခန့်အနက်မှ လူကြိုက်အများဆုံးပြဇာတ်များကို ရွေးထုတ် တင်ဆက်လျက်ရှိကြောင်း သိရသည်။

“ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်ကြီးရဲ့ လက်ရွေးစင် ဇာတ်လမ်းဇာတ်အိမ်တွေကိုရွေးချယ်ပြီး ပြဇာတ်ကောင်းတွေကို SKYNET၊ Myanmar Arts ရုပ်သံလိုင်းကနေ ပြသပေးနေပါတယ်။ လာမဲ့ စက်တင်ဘာ ၂၀ ရက်နဲ့ စက်တင်ဘာ ၂၂ ရက်မှာ ပြီးတော့လဲ ပြီးတာပါပဲလို့ အမည်ပေးထားတဲ့ ပြဇာတ်ကို အပိုင်း (၁)၊ (၂) ခွဲပြီးတော့ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်”ဟု ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။

သဘင်သက်တမ်း နှစ်ပေါင်း ၉၀ ကျော်ရှိခဲ့ပြီဖြစ်သည့် သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့၏ အော်ပရာ၊ စင်တင်ပြဇာတ်၊ နှစ်ပါးခွင်အလှတို့ကို SKYNET၊ Myanmar Arts ရုပ်သံလိုင်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ မွန်းတည့် ၁၂ နာရီတွင် ထုတ်လွှင့်ပေးလျက်ရှိပြီး အထူးသဖြင့် ဇာတ်မင်းသားကြီး ဦးချမ်းသာ၏ ထင်ရှားကျော်ကြား လူကြိုက်များသည့် အော်ပရာ နှင့် ပြဇာတ်များကို ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း သိရသည်။ ASH

# War Machine ဇာတ်ကားတွင် မင်းသား ဒင်းနစ်ကွစ် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် စက်တင်ဘာ ၁၁

Netflix ကုမ္ပဏီ၏ War Machine အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဒင်းနစ်ကွစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

War Machine ဇာတ်ကားတွင် ဒင်းနစ်ကွစ်သည် မင်းသား အလန်ရစ်ဆန်၊ စတီဖင်ဂျိမ်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

War Machine ဇာတ်ကားသည် အမေရိကန် ကြည်းတပ် အထူးတပ်ဖွဲ့တစ်ဖွဲ့၏ စွန့်စားခန်းများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကိုမသိရသေးကြောင်း သိရသည်။

War Machine ဇာတ်ကားကို Hitman's Bodyguard ဒါရိုက်တာ ပက်ထရစ်ဟက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ပက်ထရစ်ဟက်က ဇာတ်ညွှန်းရေးဆရာ ဂျိမ်းဗျူးဖို့နှင့်အတူ ပူးတွဲရေးသားထားသည်။

War Machine ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုသီတင်းပတ်အတွင်း စတင်မည်ဖြစ်ကြောင်း Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ဂျေညီညီ၏ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ် Hotel Royal Vista တွင် ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၁၁

တေးသံရှင် ဂျေညီညီ၏ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ Hotel Royal Vista တွင် စက်တင်ဘာ ၁၄ ရက်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဂျေညီညီက ပြောပြ၍ သိရသည်။

အောင်မြင်ထင်ရှားသည့် တေးသံရှင် တစ်ဦးဖြစ်သည့် တေးသံရှင်ဂျေညီညီ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကိုHotel Royal Vista ရှိ Marion Rooftop Bar တွင် ပြုလုပ်သွားမည်ဖြစ်ပြီး We Love You Music Band မှလည်း အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။




“စနေနေ့ညမှာ တေးဂီတဖျော်ဖြေမှုတွေကို Hotel Royal Vista ရဲ့ Marion Rooftop Bar မှာ We Love You Music Band တီးခတ်မှုနဲ့အတူ တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေမှုအနေနဲ့ တင်ဆက်သွားဖို့ရှိပါတယ်။ ပရိသတ်အလွတ်ရနေမဲ့ သီချင်းတွေနဲ့အတူ စီးမျောကြရအောင်ပါ”ဟု တေးသံရှင် ဂျေညီညီက ပြောပြသည်။

အဆိုပါ တေးသံရှင် ဂျေညီညီ၏ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို Hotel Royal Vista ရှိ Marion Rooftop Bar တွင် စက်တင်ဘာ ၁၄ ရက် ည ၇ နာရီတွင် စတင် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Spider Man-4 ဇာတ်ကားကို ဒါရိုက်တာ ခရက်တန် ရိုက်ကူးဖွယ်ရှိ

နယူးယောက် စက်တင်ဘာ ၁၁

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider Man-4 ဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်ဒန်နီယယ်ခရက်တန်က တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ခရက်တန်သည် Spider Man-4 ဇာတ်ကားအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီနှင့်ဆွေးနွေးနေကြောင်း သိရသည်။

Spider Man ဇာတ်ကားများ အနက် နောက်ဆုံးဇာတ်ကားဖြစ်ဖွယ်ရှိသည့် Spider Man-4 ဇာတ်ကား၌ မင်းသား တွမ်ဟော်လန်းက အဓိက ဇာတ်ကောင် Spider Man အဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

ဒါရိုက်တာ ခရက်တန်သည် Shang-Chi နှင့် Legend of the Ten Rings ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ခရက်တန်သည် Naruto အမည်ရှိ ဇာတ်ကားသစ်နှင့် Shang-Chi ဇာတ်ကားသစ်တို့ကို ရိုက်ကူးပေးရန် တာဝန်ယူထားသည်။

Spider Man-4 ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၁၁

Not Film Production က ရိုက်ကူးထုတ်လုပ်မည့် နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲကို စက်တင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ The Brew Yangon တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်မည့် သရုပ်ဆောင် တေဇလင်းရောင်က ပြောပြ၍ သိရသည်။

နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သီဟစိုးက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာအဖြစ် သီဟစိုးကပင် Not Film Production အတွက် တာဝန်ယူ ပုံဖော်ကာ စက်တင်ဘာလအတွင်း ရန်ကုန်၊ ကလော၊ အင်းလေးတို့တွင် ဇာတ်အိမ်တည် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်ကားမှာ ကာရိုက်တာနာမည်က ထွန်းတောက်ပါ။ ကျွန်တော် ဒီဇာတ်ကားထဲမှာ လက်ဝှေ့ချန်ပီယံ တစ်ယောက်နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ အပြင်မှာတော့ ကိုယ်က လက်ဝှေ့ချန်ပီယံ မဟုတ်ပါဘူး။ ဒီရုပ်ရှင်ဇာတ်ကားလေးက ပရိသတ်တွေအမြင် ထူးထူးဆန်းဆန်းဖြစ်မဲ့ ဇာတ်ကားလေးပါ။ ရိုမန့်လဲပါသလို မြန်မာ့လက်ဝှေ့ဇာတ်လမ်းလေး ဖြစ်ပါတယ်။ မြင်းစီးတာတို့ အားကစားလဲ ပါပါတယ်။ လက်ဝှေ့ဆိုတော့ ပညာရှင်တွေ ကြည့်ချိန်မှာ လွဲမှားတာလေးတွေ ပါကောင်းပါနိုင်ပါတယ်။ နားလည်ပြီးတော့ ကြည့်ပေးစေချင်ပါတယ်။ လက်ရှိ လေ့ကျင့်နေပေမဲ့ တကယ့် Perfectional တွေ မဟုတ်ဘူး။ အမှားအယွင်းတွေ ပါနိုင်ပါတယ်။ အကောင်းဆုံးတော့ ပြင်ဆင်ထားပါတယ်”ဟု သရုပ်ဆောင် တေဇလင်းရောင်က ပြောပြသည်။

နှောင်ကြိုးဝိုင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တေဇလင်းရောင်၊ ဝီလီ၊ လုံးချော၊ ရဲမင်း၊ ဇော်ဦး၊ မေမြင့်မိုရ်၊ ရွှန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# More than 2,000 pilgrims pay visit to Kyaiktiyo Pagoda in August


The magnificent Kyaiktiyo Pagoda in Mon State.

**Kyaikto September 11**

A total of 1,700 local travellers and some 300 foreign travellers visited Kyaiktiyo Pagoda in Kyaikto Township of Mon state in August 2024, according to U Soe Hla, Chairman of the Pagoda Board of Trustees.

Visits of travellers started at Kyaiktiyo Pagoda in November every year. At present, some 20 hilly trucks are running onto the pagoda for transport of pilgrims to the pagoda daily. Hotels and lodges as well as free rest-houses and restaurants are operational.

U Soe Hla remarked: "Most of foreign travellers come from Thailand. In early September, some 100 local and foreign travellers visit the pagoda on a daily basis. The Buddha Pujaniya festival of the pagoda will commence on Thadingyut fullmoon day and end on Kason fullmoon day. Despite finishing the festival period, pilgrims pay visits to the pagoda."

During the seven-month period from October 2023 to May 2024, more than 720,000 local and foreign travellers visited the pagoda. Tourists from Thailand and Vietnam set the highest records to the pagoda.

The pagoda is open daily without holidays.

ASH

# Monywa Township farmers cultivate 945 acres of rain-fed sunflowers

**Monywa September 11**

A total of 945 acres of sunflowers have been planted in Monywa Township, Monywa District, Sagaing Region in this year rain crops planting season, according to statistics from Department of Agriculture for Monywa Township.

During the 2024-2025 rain crops planting season, 924 acres of sunflowers have been earmarked to plant in Monywa Township and 945 acres have been planted since June this year.

"In order to reduce the import of palm oil from abroad, the cultivation of sunflower, which is an oilseed crop, has been expanded. Sunflower produces more oil per acre than other peanut and sesame seeds. Sunflowers are mostly planted in winter," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.

In Monywa Township, the Township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation and training courses are being conducted at a high speed for the employees and the farmers who will grow sunflowers to improve their performance.

206


A monsoon sunflower plantation.

# DPRK top leader calls for stronger economic development, national defense

**Seoul September 11**

The top leader of the Democratic People's Republic of Korea (DPRK) called for greater efforts for economic development and strengthening national defense on the occasion of the country's 76th founding anniversary, state media reported on Tuesday.

Kim Jong Un, general secretary of the Workers' Party of Korea (WPK) and president of the State Affairs of the DPRK, made the remarks during a National Day speech on Monday at the headquarters building of the WPK Central Committee in Pyongyang. He outlined a detailed state work plan based on a review of the country's development so far this year, the official Korean Central News Agency (KCNA) reported.

The DPRK's top leader said economic growth has trended up this year as the national economic sectors met their production targets "without fail." The country's light industry and urban management are also poised for further improvements, the KCNA said.

According to the report, during his speech, Kim also listed favorable agricultural production rates and expected "fairly good harvests" for the rest of the year. He added that the DPRK's military strength was due to critical national defense research and production achievements.

In his National Day address, the DPRK's top leader also emphasized the need to boost national productivity by guiding key industries to meet their production targets. He also stressed the importance of the construction sector achieving this year's plan, emphasizing "thoroughly" ensuring construction quality, and reminded the agricultural sector to meet this year's farming goals while preparing for the next, according to KCNA.

It said Kim expressed heightened urgency to strengthen national defense capabilities given current security developments on the Korean Peninsula.

Xinhua

# Kyaukmyaung sub-township cultivates 12,850 acres of rain-fed peanuts

**Kyaukmyanug September 11**

A total of 12,850 acres of peanuts have been planted during this year's rain crops planting season in Kyaukmyanug sub-township, Shwebo District, Sagaing Region, according to statistics from the Department of Agriculture for Kyaukmyanug sub-township.

During the 2024-2025 rain crops planting season, 12,867 acres of peanuts are planned to be planted in Kyaukmyanug sub-township, and 12,850 acres have been planted since May this year.

"We are working to reach the target area. As an oilseed crop, we are in a successful position. Peanut cultivation is improving year by year," said Daw Khin Win, head of Department of Agriculture for Kyaukmyanug sub-township.

When planting peanuts in Kyaukmyanug sub-township, one and a half baskets of seeds are planted per acre, and the cost is more than 200,000 kyats including the cost of seeds, labor costs, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets.

It is reported that the employees of the township's Department of Agriculture are conducting field inspections and scouting records in order to ensure for the successful development of peanut plantations, and free of pests and weeds.

206

# China-Laos Railway ensures smooth traffic, assists flood-hit areas in northern Laos

**Vientiane September 11**

The Laos-China Railway Co., Ltd. (LCRC) mobilized various departments to participate in flood control and disaster relief, as many provinces in northern Laos have suffered severe flooding in recent days, resulting in flight suspension and road blockages with many residents stranded and severely affected.

After the disaster occurred, the LCRC held an emergency meeting to deploy flood control and rescue work, mobilized various departments to participate in disaster relief, and effectively played the role of the China-Laos Railway as a major channel to ensure transportation and smooth traffic.

The LCRC launched a rescue emergency plan on Wednesday, with its employees entering an emergency state, strengthening rain monitoring along the line, and conducting 24-hour railway line patrols to ensure smooth transportation on the railway to the greatest extent possible.

Meanwhile, the Lao section of the China-Laos Railway will transport rescue personnel and relief supplies to the disaster area free of charge, and provide meals and drinking water for rescue personnel.

At the same time, the company sent condolences to the affected employees and launched a charity donation campaign.

It also paid advance wages to Lao employees, issued consolation money to the families of employees who were severely affected by the disaster, and carried out charity donation activities.

The LCRC will fully support the flood control and disaster relief work in northern Laos, helping local people to resume production and life as soon as possible, and providing humanitarian assistance to the best of its ability.

Xinhua

# Nay Pyi Taw Council Area irrigates more than 1,200 acres of summer crops


A newly built dam in Nay Pyi Taw.

**Nay Pyi Taw September 11**

The Department of Irrigation and Water Utilization Management stated that eleven dams have been built in Nay Pyi Taw Council Area, these facilities irrigated more than 1,200 acres of summer crops.

Nay Pyi Taw Council Area has more than 320,000 acres of cultivable lands with fertile soil for local farmers.

But, they face water scarcity in summer to grow double crops. Pumping water from tube-well and rivers is not cost effective due to high prices of fuel. Hence, the department built temporary damming process and dams in the area.

These dams store rainwater in monsoon. In this regard, the department built 11 dams in Nay Pyi Taw Council Area to irrigate 1,283 acres of summer crops in 2023-24 financial year.

At present 32 dams and reservoirs are supported water resources by Paunglaung River, Ngalaik and Hsinthe creeks in Nay Pyi Taw Council between and eastern and Bago mountain ranges.

As Hsinthe, Nawin, Padan and Palwe creeks are streaming in Nay Pyi Taw Council area all the year round, manageable dams are built to irrigate croplands in summer. 336

# Farmers finish cultivation of maize and corns in Mingin Township

**Mingin September 11**

The statistics of Mingin Township Agriculture Department stated that a total of 3,163 acres of croplands have been placed under maize and corns in Mingin Township of Sagaing Region this monsoon.

In 2024-25 monsoon season, the township earmarked cultivation of 529 acres of maize and 3,301 acres of corns but local farmers started cultivation of 618 acres of maize and 2,545 acres of corns, totalling 3,163 acres against the target in June.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department stated: "This year, township authorities set a plan to grow more than 3,800 acres of maize and corns but local farmers have so far planted more than 3,100 acres against the target. We are giving a helping hand to local farmers to have thriving of crops with prevention of pests."

This year, the department will conduct training for local farmers to grow maize and corns, field demonstrations, prevention of pests including FAW, use of pesticides and making natural fertilizers.

Maize yields more than 50 baskets per acre, costing K500,000 per acre, and corns, 15,000 pieces of corns per acres with more than K500,000 cost. 206


Farmers cultivating maize in a field.

# Monsoon paddy planted on more than 50,000 acres in Indaw Township

**Indaw September 11**

A total of 51,260 acres of monsoon paddy has been planted in Indaw Township of Sagaing Region this monsoon, according to the township agriculture department.

Local authorities of Indaw Township earmarked cultivation of 55,980 acres of monsoon paddy in 2024-25 monsoon but local farmers planted 51,620 acres of paddy.

U Thein Khaing, Head of Indaw Township Agriculture Department said: "Local farmers have so far planted more than 51,000 acres of monsoon paddy against the target of 55,000 acres this monsoon. Our department helps local farmers grow monsoon paddy meet the target and makes field trips to local farmlands for cultivation of paddy in time and for boosting production."

This monsoon, officials of Township Agriculture Department cooperate with local farmers in systematic cultivation of monsoon paddy without difficulties.

Moreover, officials of Township Agriculture Department performed sharing of agricultural techniques with local farmers, prevention of pests, minimizing loss and damage of crops and keeping crops under shelters in time.

Staff members of the township agriculture department carry out selection of quality strains of crops, prevention of pests, weeding, abstraction of different strains of crops and systematic broadcasting of fertilizers so as to increase per-acre yield of crops.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pyapon Township sees surge in rice shipments to Yangon, reaching 85,000 bags in August

**Pyapon September 11**

Daw Nyo Nyo, a rice and paddy trading business owner from Pyapon Township, Pyapon District, Ayeyawady Region, stated that during August, they managed to sell and transport up to 85,000 bags of rice from Pyapon Township to the Yangon market. In contrast, only about 55,000 bags were transported and sold in July. From August 1 to August 31, 85,000 bags were successfully sold and transported to Yangon, indicating strong demand for locally produced rice in the Yangon market.

She said, "We mainly transport and sell rice from Pyapon Township to Yangon. The rice is commonly shipped in containers. The demand for rice started increasing significantly from the first week of August, and the business owners continue to consistently sell and transport rice. Since there have been no obstacles, traders are able to sell and transport smoothly."

It was reported that the rice transported from Pyapon Township to Yangon was priced at 55,000 kyats per bag of rice. Due to increased sales and good prices, rice and paddy traders, trading business owners, freight handlers, and truck drivers are all experiencing favorable conditions. KKL


Bags of rice stockpiled in a warehouse.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီနှစ်ခုက ရေတပ်အတွက် ဖရီးဂိတ်စစ်သင်္ဘောတည်ဆောက်ရန် လက်မှတ်ရေးထိုးခဲ့



ဂျာမနီ သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီများဖြစ်သည့် NVL Group အုပ်စုနှင့် Thyssenkrupp Marine Systems ကုမ္ပဏီတို့သည် ဂျာမနီရေတပ် Type 127 ဖရီးဂိတ်စစ်သင်္ဘောကို ပူးတွဲတည်ဆောက်သွားရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဖရီးဂိတ်စစ်သင်္ဘောသည် Thyssenkrupp ကုမ္ပဏီထုတ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးအတွက် သီးသန့်ရည်ရွယ်ထားသော MEKO A-400 Air & Missile Defense စစ်သင်္ဘော အယူအဆအပေါ် အခြေခံမည်ဖြစ်ပြီး ၎င်းတွင် အမေရိကန်နိုင်ငံထုတ် AEGIS တိုက်ပွဲဝင်စီမံခန့်ခွဲမှုစနစ် ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

ဂျာမနီရေတပ်သည် ၂၀၀၃ ခုနှစ်မှစ၍ တပ်တော်ဝင်နိုင်ခဲ့သည့် F124 Sachsen-class စစ်သင်္ဘောသုံးစီး နေရာတွင် အစားထိုးအသုံးပြုနိုင်ရန် Type 127 ဖရီးဂိတ်စစ်သင်္ဘော ခြောက်စီး ဝယ်ယူသွားမည်ဟု ရည်မှန်းထားကြောင်း သိရသည်။

သဘောတူညီချက်အရ Thyssenkrupp သည် သင်္ဘောဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပြီး NVL သည် သင်္ဘောတည်ဆောက်မှု အတွေ့အကြုံများကို အသုံးချကာ သင်္ဘောများကို တည်ဆောက်ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။ MEKO A-400 နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် Wismar မြို့ရှိ တည်ဆောက်ရေးစွမ်းရည်များတိုးချဲ့ခြင်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားပြီးဖြစ်သည်ဟု Thyssenkrupp Marine Systems ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Oliver Burkhard က ပြောကြားခဲ့သည်။

"အခု F124 စစ်သင်္ဘောနေရာတွေမှာအစားထိုးမဲ့ ဖရီးဂိတ်စစ်သင်္ဘော စီမံကိန်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်ဖို့ လိုအပ်တဲ့ရန်ပုံငွေနဲ့ ပံ့ပိုးပေးဖို့ကတော့ နိုင်ငံရေးသမားတွေအပေါ်မှာ မူတည်ပါတယ်။ စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်ကတော့ ခေတ်မီအဆင့်မြင့် ဖရီးဂိတ်စစ်သင်္ဘောတစ်စီး တည်ဆောက်ထုတ်လုပ် တိုက်ပွဲအသင့်အသုံးပြုနိုင်ဖို့ အရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူသွားမှာပါ" ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

Thyssenkrupp ကုမ္ပဏီ၏အဆိုအရ ရှေ့ဆောင် စစ်သင်္ဘောအယူအဆသည် အနာဂတ်တွင် စစ်လက်နက်နှင့် ကွပ်ကဲမှုစနစ်များအတွက် ပိုမိုကောင်းမွန်သော စွမ်းအင်ပံ့ပိုးမှုဖြင့် ရှိပြီးသားစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်ဟု သိရသည်။ စစ်သင်္ဘောတွင် ဒုံးကျည်များ သယ်ဆောင်ရန်နေရာလွတ်များ ပိုမိုပါရှိလာမည်ဖြစ်ပြီး မြင့်မားသောအလျင်နှုန်းဖြင့် ခုတ်မောင်းစစ်ဆင်နိုင်လာမည်ဖြစ်သည်။ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်အမျိုးမျိုး တပ်ဆင်အသုံးပြုနိုင်မည်။ တစ်ချိန်တည်းမှာပင် ပင်လယ်ပြင်နှင့် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်နိုင်ရန်အတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ပြီး ရေငုပ်သင်္ဘောတိုက်ဖျက်ရေးအခန်းကဏ္ဍတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ ကုမ္ပဏီနှစ်ခု ပူးပေါင်းတီထွင်ထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လုံခြုံရေးမူဝါဒများအရ F 127 ဖရီးဂိတ်စစ်သင်္ဘောသစ်တည်ဆောက်နိုင်ရေး အရေးတကြီး လိုအပ်ချက်ကြောင့်ဖြစ်ပြီး တင်းမာလာသည့် ပထဝီနိုင်ငံရေး အခြေအနေများသည် ဖြစ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်ရန် တွန်းအားများဖြစ်စေကာ နောက်ကောက်မကျစေဘဲ အချိန်မဆိုင်း လုပ်ဆောင်သွားနိုင်ရန်ဖြစ်သည်ဟု အမှုဆောင်အရာရှိချုပ် Oliver Burkhard က ပြောကြားခဲ့ကြောင်း သိရသည်။

**NVL, thyssenkrupp to Build Futuristic German Air Defense Frigate ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း F-16 တိုက်လေယာဉ်များကို ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ တပ်ဆင်ပေးရန် အမေရိကန်ဒေါ်လာ ၈၉ သန်း သုံးစွဲသွားမည်ဟု နယ်သာလန် ကြေညာ

နယ်သာလန်နိုင်ငံသည် ယူကရိန်းတို့၏ F-16 တိုက်လေယာဉ်များအတွက် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များတပ်ဆင်ပေးရန်နှင့် ကြံ့ခိုင်ထိန်းသိမ်းပြုပြင်ရေး ပစ္စည်းကိရိယာတို့အတွက် အမေရိကန်ဒေါ်လာ ၈၉ သန်း ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းတွင် တိုက်လေယာဉ် စဉ်ဆက်မပြတ် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်စေရန် မရှိမဖြစ်လိုအပ်သော ပံ့ပိုးရေးပစ္စည်းများနှင့် အပိုပစ္စည်းများ ပါဝင်သည်ဟု နယ်သာလန် ကာကွယ်ရေးဝန်ကြီး Ruben Brekelmans က စက်တင်ဘာ ၆ ရက်က ဂျာမနီနိုင်ငံ၌ ကျင်းပသော ယူကရိန်းနိုင်ငံ ကာကွယ်ရေးအတွက် အဆက်အသွယ်အဖွဲ့ကြီး၏ အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အပိုပစ္စည်းအမြောက်အမြားအပြင် မီးစက်များ၊ လုပ်ငန်းသုံးယာဉ်ငယ်များ၊ မရှိမဖြစ်လိုအပ်သော ပြုပြင်ထိန်းသိမ်းရေးပစ္စည်းများ၊ အထူးပြု လက်သုံးစက်ပစ္စည်းကိရိယာများနှင့် လေ့ကျင့်ကားများလည်း ပါဝင်သည်။ ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များဖြင့် ယူကရိန်းသည် ရန်သူ့တိုက်လေယာဉ်များကို တန်ပြန်ချေမှုန်းနိုင်လိမ့်မည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ လုပ်ငန်းလည်ပတ်မှုဘေးကင်းစိတ်ချစေရန်အတွက် ကြေညာချက်တွင် လွှဲပြောင်းပေးပို့မည့် အရေအတွက် ပမာဏနှင့် အမျိုးအစားကို ဖော်ပြထားခြင်းမရှိသလို ပေးပို့မည့် အချိန်ကာလကိုလည်း ထုတ်ဖော်ပြောကြားခဲ့ခြင်းမျိုးမရှိပေ။ သို့သော်လည်း နယ်သာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ၎င်းကို တတ်နိုင်သမျှအမြန်ဆုံး ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းတွင် နယ်သာလန်နိုင်ငံသည် ၎င်းတို့ပံ့ပိုးပေးထားသော F-16 တိုက်လေယာဉ်တွင် တပ်ဆင်အသုံးပြုနိုင်ရန် ဝေဟင်မှ မြေပြင်ပစ်ခဲယမ်းများ ဝယ်ယူရန်အတွက် ယူရိုသန်း ၁၅၀ ကျော် ခွဲဝေပေးကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ နယ်သာလန်သည် F-16 တိုက်လေယာဉ် ၂၄ စင်း၊ ဒိန်းမတ်နိုင်ငံက ၁၇ စင်း ပေးအပ်ရန် အသီးအသီးကတိပြုထားခဲ့ကြပြီး ၎င်းတို့ထဲမှတချို့ကို ပြီးခဲ့သည့်လအတွင်းက ယူကရိန်းထံ ပထမဦးဆုံးအသုတ်အနေဖြင့် လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။



ယူကရိန်းနိုင်ငံအနေဖြင့် F-16 တိုက်လေယာဉ် ပထမအသုတ်တွင် အရေအတွက် မည်မျှလက်ခံရရှိသည်ကို အတိအကျ ထုတ်ဖော်ပြောကြားထားခြင်းမရှိသော်လည်း ခန့်မှန်းခြေအားဖြင့် ၁၀ စင်း ခန့်ရှိမည်ဟု သုံးသပ်ထားကြသည်။ ယူကရိန်းနိုင်ငံအနေဖြင့် F-16 တိုက်လေယာဉ်များကို ၎င်း၏လေတပ်တွင် ပေါင်းစည်းအသုံးပြုရန် ပြင်ဆင်နေချိန် အရေးပါသည့်အချိန်မျိုး၌ ယခုလိုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ နယ်သာလန်နိုင်ငံ၏ ပံ့ပိုးကူညီမှုသည် ယူကရိန်းတို့၏ F-16 တိုက်လေယာဉ်များတွင် လိုအပ်သော လက်နက်များ တပ်ဆင်ပေးနိုင်စေမည်ဖြစ်ပြီး စစ်ဆင်ရေးများတွင် ထိရောက်မှု ရှိစေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Netherlands Announces $89M to Arm Ukrainian F-16s with Air-to-Air Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ နနွင်း ၂၀၄ ဧက စိုက်ပျိုးပြီးစီး



ကျုံပျော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နနွင်း ၂၀၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နနွင်း ၂၀၄ ဧကစိုက်ပျိုးရန် လျာထားပြီး ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နနွင်းလျာထားဧက အားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''မိုးသီးနှံ စိုက်ပျိုးရာသီမှာ ကျောင်းကုန်းမြို့နယ်တွင် နနွင်း ၂၀၄ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ အခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီမှာ နနွင်းစိုက်တောင်သူများ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့အခြားကူညီမှုတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ နနွင်း လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နနွင်းတွေရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် နနွင်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက နနွင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင် စသည့်ပိုးမွှား အန္တရာယ်များ မကျရောက်စေရန်၊ နနွင်းများ အထွက်နှုန်း ကောင်းစေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၁၂၈၀၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများကပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက်စိုက်ပျိုးစရိတ် အကုန်အကျသက်သာသည့် ဆီထွက်သီးနှံနေကြာကို မိုးရာသီနှင့် ဆောင်းရာသီတွင် အဓိကစိုက်ပျိုးကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း ဆီထွက်သီးနှံနေကြာ ၁၂၈၀၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံနေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ နေကြာစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး ဒေသခံတောင်သူတွေကို လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်များရရှိစေဖို့၊ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းတိုးတက်စေဖို့အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် နေကြာ ၁၂၈၀၅ ဧက၊ မြေပဲ ဧက ၂၉၃၀၊ နှမ်း ၁၂၁၄၂ ဧက၊ ပန်းနှမ်း ၁၁၅ ဧက စုစုပေါင်းဆီထွက်သီးနှံစုံ ၁၇၉၉၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

စလင်း စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် အရှေ့ကန်ဘောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်အင်ဂျင်နီယာဝန်ထမ်းများက အရှေ့ကန်ဘောင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် အတူ လမ်းအရှည် ပေ ၃၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အရှေ့ကန်ဘောင် ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၁-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၄၃၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# (၁၁)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ်(11th Beijing Xiangshan Forum)သို့တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

ရန်ကုန် စက်တင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်း၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum)သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်စစ်သံရုံးမှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီအပါအဝင် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်သုံးဆီစသည့် အရေးကြီးကုန်စည်များပြတ်လပ်မှုမရှိစေရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်လျက်ရှိ




နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ(၃/၂၀၂၄)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ဆန်စျေးနှုန်းနှင့်စပ်လျဉ်း၍ သင့်တင့်မျှတသောစျေးနှုန်းဖြင့် ပြည်သူများလွယ်ကူစွာဝယ်ယူစားသုံးနိုင်ရန် ဆန်စျေးကွက်စျေးနှုန်းကို လစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဆန်စက်များပုံမှန်လည်ပတ်ရေး၊ ဆန်ဆိုင်များ ပုံမှန်ဖွင့်လှစ်ရောင်းချရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများပူးပေါင်း၍ ကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း။

စားသုံးဆီနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စားအုန်းဆီခွဲတမ်းတိုးမြှင့်ရရှိရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ စားအုန်းဆီများ စားသုံးသူလက်ဝယ်သို့ စျေးနှုန်း၊ အလေးချိန်မှန်ကန်စွာ ရောင်းချစေရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဆေးနှင့်ဆေးပစ္စည်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးဝါးပြတ်လပ်မှုနှင့်စျေးနှုန်းမြင့်တက်မှုများမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး။ ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

စက်သုံးဆီနှင့်စပ်လျဉ်း၍ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်အနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စက်သုံးဆီဝယ်ယူရန် လိုအပ်သောနိုင်ငံခြားငွေရရှိရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသအချို့တွင် စပါးခင်းများရေကြီးနစ်မြုပ်မှုများကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းတွင် ထားရှိသည့် ရာသီဥတုညွှန်းကိန်းအခြေပြုသီးနှံအာမခံအတွက် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် စုစုပေါင်းလျော်ကြေးငွေအနေဖြင့် ၁၂ ဒသမ ၂၆၅ ဘီလီယံခန့်ပေးလျော်သွားမည်ဖြစ်ကြောင်း၊လယ်သမားများအနေဖြင့် ဆုံးရှုံးမှုမရှိစေရန် ရာသီဥတုညွှန်းကိန်းအခြေပြုသီးနှံအာမခံထားရှိရေး၊ဆုံးရှုံးမှုများဖြစ်ပေါ်ပါက အာမခံလျော်ကြေးပေးအပ်မှုအခြေအနေများကိုလည်း ပြည်သူများသိရှိရေး အသိပညာပေးမှုများဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးအထွက်နှုန်းမကျဆင်းစေရန် ပြန်လည်စိုက်ပျိုးနိုင်မည့်မျိုးစပါး၊မြေသြဇာနှင့် စိုက်ပျိုးရေးဆေးများ အချိန်မီရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အဓိက စားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီအပါအဝင် အခြေခံစားသောက်ကုန်များ၊ဆေးနှင့်ဆေးပစ္စည်းများ၊ စက်သုံးဆီစသည့် အရေးကြီးကုန်စည်များပြတ်လပ်မှုမရှိစေရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် စပ်လျဉ်း၍ နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲ၊ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြပေးရန်တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများအပါအဝင် အခြေခံစားသောက်ကုန်များ စျေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှု၊ အဓိကကုန်စည်စျေးနှုန်းများအပေါ်သုံးသပ်ချက်၊တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု၊ စားသုံးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုအခြေအနေနှင့် အခြေခံစားသောက်ကုန်စျေးနှုန်းများတည်ငြိမ်စေရေး ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်းတည်ငြိမ်စေရေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိမ်ပြင်ပဥ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





ရန်ကုန်-မန္တလေး အမှတ်(၁၁)အဆန် လူစီးအမြန်ရထားစီးခရီးသည်များကို နေပြည်တော်ဘူတာမှ မန္တလေးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေမှုကို တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

မြင်းဒိုက်-ကလော၊ ကလော-အောင်ပန်း၊ ထီးသိမ်-ပေါ်မူဘူတာအကြား လမ်းပိုင်းများနှင့် အောင်ပန်းဘူတာယာဒ်ဝင်းတို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်၍ တံတားများ ရေတိုက်စားပြီး ရထားလမ်းရေကျော်မှုများကြောင့် ရန်ကုန်-မန္တလေးနှင့် သာစည်-ရွှေညောင် ရထားခရီးစဉ်များကို ယနေ့မှစတင်၍ ယာယီရပ်နားထားကြောင်း သိရသည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် ယာယီရပ်နားခဲ့သည့်ရထားများမှာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် အမှတ်(၁)အဆန်၊အမှတ်(၂)အစုန်၊အမှတ်(၁၁)အဆန်နှင့် အမှတ်(၁၂)အစုန်ရထားများ၊သာစည်-ရွှေညောင်လမ်းပိုင်းတွင် အမှတ်(၁၄၁)အဆန်နှင့်အမှတ်(၁၄၂)အစုန်ရထားများဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း သာစည်မြို့နယ် ရှမ်းရွာဘူတာယာဒ်ဝင်းနှင့် ရှမ်းရွာ-ပျော်ဘွယ်လမ်းပိုင်းအတွင်း ခုနစ်နေရာတို့တွင် သံလမ်းပေါ်ရေကျော်ခြင်းနှင့် ရထားလမ်းတာပေါင်ထူးပေါက်ခြင်း၊ ရှမ်းရွာနှင့်ရမည်းသင်းဘူတာအကြား ရှစ်နေရာတို့၌ ရထားလမ်းရေတိုက်စားခြင်း၊ တံတားအမှတ်(၅၁၅)အဆန်လမ်းစွန်းခံနေရာရေတိုက်စားခြင်း၊တံတားအမှတ်(၅၂၉)ဒေါက်တိုင်ပြုတ်ထွက်ခြင်းနှင့်မန္တလေးဘက်ခြမ်းတံတား ရေတိုက်စားခြင်း၊ တပ်ကုန်း-မကျည်းပင် ဘူတာအကြား၊ မကျည်းပင်-ညောင်လွန့်ဘူတာအကြားနှင့် ညောင်လွန့်ဘူတာယာဒ်ဝင်းအတွင်း ရထားလမ်းပေါ်ရေကျော်နေခြင်း၊ ရမည်းသင်း-အင်ကြင်းကန်ဘူတာအကြား ရထားလမ်းတာပေါင်ထူးပေါက်ခြင်းတို့အပြင် ဝမ်းတွင်းမြို့နယ် သပြေတောင်း-သဲတောဘူတာအကြား တံတားအမှတ်(၆၉၁) အစုန်၊အဆန်တံတားများ၏ အောက်ခြေရေထိရန် ကိုးပေနှစ်လက်မခန့်သာလိုတော့သဖြင့် ရထားဖြတ်သန်းရန် အန္တရာယ်ရှိနိုင်ခြင်းနှင့် သာစည်-ရွှေညောင် လမ်းပိုင်းအတွင်း သာစည်-လှိုင်းတက်ဘူတာအကြားတံတားအမှတ်(၃၀)၊လှိုင်းတက်-ဘုရားငါးဆူဘူတာအကြား တံတားအမှတ်(၃၄)နှင့်(၃၅)တို့၏ တံတားတာပေါင်များ ရေတိုက်စားနေခြင်း၊ ဘုရားငါးဆူ-ယင်းမာပင် ဘူတာအကြား



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့်ရမည်းသင်းဘူတာအကြားရေတိုက်စားမှုကြောင့် တံတားအမှတ်(၅၂၉) LST ဒေါက်တိုင်ပြုတ်ထွက်မှုအခြေအနေကို တွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့်ပျော်ဘွယ်ဘူတာအကြား ရထားလမ်းတာပေါင်များရေတိုက်စားပြီး ထူးပေါက်မှုအခြေအနေကို တွေ့ရစဉ်။





ရွှေညောင်-တောင်ကြီးလမ်းပိုင်း၊ ထီးသိမ်-ပေါ်မူကြား တာပေါင်ရေတိုက်စားမှုအခြေအနေကို တွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရွှေဒါး-ပျော်ဘွယ်ဘူတာအကြားနှင့် ပျော်ဘွယ်ဘူတာရထားလမ်းရေကျော်မှုအခြေအနေကို တွေ့ရစဉ်။

တံတားအမှတ်(၄၈)၏ ရွှေညောင်ဘက် တာပေါင်အား ရေတိုက်စားနေခြင်း၊ ကမ်းကပ်ခုံရေတိုက်စားခြင်းနှင့် ရထားလမ်း ကလော-မြင်းဒိုက်ဘူတာအကြား ခြောက်နေရာတွင် ရထားသံလမ်းပေါ်ရေကျော်နေခြင်း၊ အောင်ပန်းဘူတာယာဒ်ဝင်းအတွင်း သံလမ်းမျက်နှာပြင်အထက် ၁၀ လက်မခန့် ရေကျော်နေခြင်းတို့ကြောင့် ယနေ့နံနက်ပိုင်းမှစတင်၍ ရထားလမ်းပိုင်းများကို ယာယီပိတ်သိမ်းခဲ့ရသည်။

ထို့အတူ တောင်ကြီးမြို့နယ်အတွင်း စက်တင်ဘာ ၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေညောင်-တောင်ကြီး လမ်းပိုင်း ထီးသိမ်-ပေါ်မူဘူတာအကြား တောင်ကြီးမြို့သို့ ရေပေးဝေသည့် ထီးသိမ်ကန်မှ ရေများလျှံပြီးရထားလမ်းတူးမြောင်း တာပေါင် ရေတိုက်စားမှုကြောင့် တာပေါင်ပြိုကျပြီး ရထားလမ်းပိတ်ဆို့ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းပိုင်း ပိတ်သိမ်းမှုကြောင့် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မှပုံမှန်ထွက်ခွာလာသည့်အမှတ်(၁၁)အဆန်ရထားသည် နေပြည်တော်ဘူတာသို့ ယနေ့ညနေ ၅ နာရီ ၂၂ မိနစ်တွင်ရောက်ရှိပြီး ရထားဖြင့် လိုက်ပါလာသည့် ခရီးသည် ၁၁၈ ဦးကို နေပြည်တော်ဘူတာမှတစ်ဆင့် မန္တလေးသို့ မော်တော်ယာဉ် သုံးစီးဖြင့် ညနေ ၆ နာရီတွင် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုနှင့် တံတားများရေတိုးမှုများဖြစ်ပေါ်လျက်ရှိပြီး ရေကျသွားသည့်အချိန်တွင် ရထားလမ်းမြေသားတာပေါင်နှင့် တံတားများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ကွဲခိုင်ရေး လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ရထားလမ်းပိုင်းနှင့် တံတားများစစ်ဆေးပြုပြင်ပြီးပါက ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မာရဝိဇယပုံတူမြတ်စွာဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်အတွင်း အသစ်တဖန် ပြန်လည်တည်ဆောက်ပြီးစီးသည့် ရေလယ်ဘုရားကျောင်းဆောင်အတွင်း ကိန်းဝပ်စံပါယ်တော်မူသော မာရဝိဇယ ပုံတူမြတ်စွာဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးနှင့် ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းခြင်းအတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့်နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးရှိ ရေကြီးရေလျှံဖြစ်ပေါ်နေသည့် နေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိအစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် ဖိတ်ကြားထားသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မကြာခင် အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စာမေးပွဲများကျင်းပတော့မည်ဖြစ်၍ စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စာမေးပွဲလုပ်ထုံးထုပ်နည်းများနှင့်အညီ စနစ်တကျ ကျင်းပဆောင်ရွက်နိုင်ရန် အလေးထားပြင်ဆင်ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း၊ စာမေးပွဲမေးခွန်းများပြုစုဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ ပါမောက္ခများက သေချာစွာကြီးကြပ်၍ အမှားအယွင်းများကင်းအောင် အလေးထားဆောင်ရွက်ကြရန်နှင့် စာမေးပွဲများကျင်းပရာတွင် စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပနိုင်အောင် သက်ဆိုင်ရာ ပါမောက္ခချုပ်များ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲစစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ကျောင်းတက်ရောက်မှု၊ လက်တွေ့ခန်းဝင်ရောက်မှု၊ နောက်ဆုံးနှစ်ကျောင်းသားများ၊ ဘွဲ့လွန်ကျောင်းသားများ၏ Project Papen Term Paper များ ဆောင်ရွက်မှု စာမေးပွဲအဖြေလွှာစစ်ဆေးမှု စသည့်ကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း ဘက်လိုက်မှုမရှိစေရေးသမာသမတ်ရှိစေရေး စောင့်ထိန်းလိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေရာဒေသအလိုက် မိုးလေဝသသတင်းအခြေအနေကို ဂရုစိုက်ဆောင်ရွက်ရန်၊ မိုးတွင်းကာလဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ ရာသီတုပ်ကွေးအန္တရာယ်မှကင်းဝေးစေရေး အထူးဂရုစိုက်ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၁**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို “လှပသာယာပြည်မြန်မာ”ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊နေရာဒေသနှင့်လူပုဂ္ဂိုလ်များစသည်တို့ကိုဖော်ညွှန်း ရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့်ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာ အမျိုးအစားမဆိုအသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ် အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကိုတစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

အလားတူ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ လူနေရပ်ကွက်များနှင့် ကျေးရွာများတွင်ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ခြင်းနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းတစ်လျှောက် ရေကျော်မှုများဖြစ်ပေါ်မှုကြောင့် မော်တော်ယာဉ်များသွားလာ၍မရကြောင်းသိရသည်။ အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူနှင့် တိရစ္ဆာန်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာများအလိုက် တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့ထင်းကျေးရွာအုပ်စု ရန်ကုန်-မော်လမြိုင်သွား ကားလမ်း၊ရေကျော်မှုဖြစ်ပွားခဲ့သည်။ အဆိုပါကားလမ်းရေကျော်နေမှုကြောင့် ယာဉ်များပုံမှန်သွားလာနိုင်ရေး၊ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့်ရေလမ်းကြောင်းပြသရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စက်တင်ဘာ ၇ ရက်မှစတင်ပြီး မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများစီးဆင်းလာမှုကြောင့် ကဒတ်ချောင်းရေမြင့်တက်လာကာ ကျိုက်ထိုမြို့ရပ်ကွက်အချို့ရှိ မြေနိမ့်ပိုင်းနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခဲ့ရာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

ထို့အတူ ပျော်ဘွယ်မြို့နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရပ်ကွက်၊ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ပျော်ဘွယ်မြို့၏ တောင်ဘက် သုံးမိုင်ခန့်အကွာ ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားသံလမ်း မိုင်တိုင်အမှတ်(၂၈၅/၅ နှင့် ၂၈၅/၉)ကြား အမှတ်(၁)သံလမ်းပေါ်ရှိ သံပေါင်တံတားဒေါက်တိုင်မှာ ရေတိုက်စားမှုကြောင့် ပြုတ်ထွက်သွားသဖြင့် မီးရထားလိုင်းများပြေးဆွဲခြင်းကို ယာယီရပ်နားထားကြောင်း၊ မီးရထားများ ပုံမှန်ပြေးဆွဲနိုင်ရန်အတွက် သံပေါင်တံတားကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ အခြေခံပညာစာသင်ကျောင်းအချို့ယာယီပိတ်ထားရကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်နေရာများသို့ ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သဖြင့် မြစ်ချောင်းများတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်သတိပြုနေထိုင်နိုင်ရေး အသိပေးနှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။ (၅၀၁)



နယ်မြေခံတပ်မတော်သားများက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း) ရေကျော်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း) ရေကျော်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။



ကျိုက်ထိုမြို့နယ်အတွင်း ကဒတ်ချောင်းရေမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများတွင် လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ဓာတ်ပုံ-ကျိုက်ထို(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင်သွားကားလမ်းရေကျော်မှုကို တွေ့ရစဉ်။
ဓာတ်ပုံ-ကျိုက်ထို(ပြန်/ဆက်)

# နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence)

တရားသောစစ်မှုသဘောတရား (Just War Theory)အရ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်လွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာတဲ့အခါမှာ အဲဒီနိုင်ငံအနေနဲ့ ကာကွယ်ခုခံနိုင်တဲ့အခွင့်အရေးရှိပါတယ်။ ဒီမူသဘောတရားကပဲ နိုင်ငံတစ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးလွတ်လပ်မှုကို မပြိုကွဲမပျက်စီးစေဖို့အတွက် ကာကွယ်ခုခံပိုင်ခွင့် အခွင့်အရေးကို ခွင့်ပြုထားတာပဲဖြစ်ပါတယ်။

**နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်(National Self Defence)**ဆိုတာဟာ နိုင်ငံတော်ကို ကာကွယ်ဖို့နဲ့ ကျရောက်လာမယ့် အန္တရာယ်တွေကိုတိုက်ဖျက်ဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ အခြေခံအဆောက်အအုံ၊ နိုင်ငံသားတွေရဲ့ လူမှုဘဝနဲ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ နိုင်ငံတစ်ခုရဲ့ အတွင်းရန်နဲ့ အပြင်ရန်တွေကိုကာကွယ်ဖို့ လုပ်ဆောင်တာလို့လည်း အဓိပ္ပာယ်ရပါတယ်။

နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံတစ်ခုရဲ့အတွင်းရန်ကို ကာကွယ်တယ်ဆိုတာကတော့ နိုင်ငံအတွင်းမှာရှိတဲ့ အကြမ်းဖက်အဖွဲ့တွေ၊ အကြမ်းဖက်လုပ်ရပ်တွေ၊ လက်နက်ကိုင်တိုက်ခိုက်လာတာတွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့တည်ငြိမ်မှုကို ထိပါးလာတဲ့အခါ ကာကွယ်ဖို့အခွင့်အရေးဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်မှာ အပြင်ရန်တွေဖြစ်တဲ့ ပြည်ပနိုင်ငံတစ်ခုခုက နည်းလမ်းတစ်မျိုးမျိုးနဲ့ ထိပါးနှောင့်ယှက်လာတာတွေကို ကာကွယ်ဖို့လည်း လိုအပ်ပါတယ်။

စာရေးသူတို့နိုင်ငံဟာ လွတ်လပ်တဲ့အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားတွေထံက ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်တယ်ဆိုတဲ့မှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ ပြဋ္ဌာန်းထားပါတယ်။ ဒ့ါပြင် တပ်မတော်ဟာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။

**လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရ လွတ်လပ်မှုကို ပြိုကွဲပျက်စီးအောင် လုပ်ဆောင်လာတာတွေကို နိုင်ငံတစ်နိုင်ငံရဲ့အခွင့်အရေးဖြစ်တဲ့ ကာကွယ်ခုခံပိုင်ခွင့်အနေနဲ့ တုံ့ပြန်ဆောင်ရွက်ခွင့် အပြည့်အဝရှိပါတယ်။** နိုင်ငံတော်အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတာတွေကို ရှေးရှုဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေနဲ့ နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူပြီး နယ်မြေချဲ့ထွင်ဖို့ လုပ်ဆောင်လာတာတွေဟာ နိုင်ငံတော်ရဲ့ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရလွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာကြတာပဲဖြစ်ပါတယ်။

အဲ့ဒီလို ထိပါးနှောင့်ယှက်လာကြတဲ့နေရာမှာလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေအရ အကြမ်းဖက်လုပ်ရပ်တွေလို့ သတ်မှတ်ထားတဲ့ အများပြည်သူရဲ့ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အများပြည်သူနဲ့ တစ်ဦးတစ်ယောက်ချင်းစီအတွက် အရေးကြီးတဲ့အခြေခံအဆောက်အအုံတွေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေအောင် ပြုလုပ်မှုတွေဖြစ်တဲ့ အများပြည်သူအသုံးပြုနေတဲ့ လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာတွေ၊ လျှပ်စစ်တာဝါတိုင်တွေကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ လူနေထူထပ်တဲ့မြို့ရွာတွေကို အဝေးကနေ လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာတွေ၊ Drop Bomb တွေချပြီး တိုက်ခိုက်တာတွေ၊ အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့သတ်ဖြတ်တာတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ဖမ်းဆီးသတ်ဖြတ်တာတွေ၊ ကျောင်းဆရာမစတဲ့ အမျိုးသမီးတွေကိုဖမ်းဆီးပြီး အရှက်သိက္ခာအတွက် ငွေကြေးပေးမှ ပြန်လွှတ်ပေးတာတွေ၊ အတင်းအဓမ္မ လူသစ်စုဆောင်းတာတွေ၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဖျက်ဆီးတာတွေ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို လက်နက်ကိုင်တိုင်းရင်းသားအကြမ်းဖက်သောင်းကျန်းသူ အချို့နဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေက လုပ်ဆောင်လာခဲ့ကြတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။

> ❖ **နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုထိပါးလာမှုနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်လာတာတွေကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ဒီကိစ္စဟာ တပ်မတော်အရေးကိစ္စသာမဟုတ်ဘဲ အမျိုးသားရေးကိစ္စတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမျိုးသားရေးကိစ္စမှာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာကြဖို့လိုအပ်လာပါတယ်** ❖

ဒီလုပ်ရပ်တွေဟာ နိုင်ငံတော်အတွင်း အခြေပြုပြီး နိုင်ငံတော်နဲ့ပြည်သူတွေကို အကြမ်းဖက်မှုကျူးလွန်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီလို **နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်လာတာတွေကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ဒီကိစ္စဟာ တပ်မတော်အရေးကိစ္စသာမဟုတ်ဘဲ အမျိုးသားရေးကိစ္စတစ်ရပ်အနေနဲ့ဖြစ်ပေါ်လာခဲ့ပါတယ်။အမျိုးသားရေးကိစ္စမှာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာကြဖို့လိုအပ်လာပါတယ်။**

တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသခံတိုင်းရင်းသားပြည်သူတွေအနေနဲ့ ယာယီနေရပ်စွန့်ခွာရမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အပြင် အဲဒီအကြမ်းဖက်သောင်းကျန်းသူတွေဟာ မြို့ရွာတွေမှာ အဓမ္မဝင်ရောက်နေထိုင်လာကြပြီး အဲ့ဒီလိုနေထိုင်မှုအပေါ် တပ်မတော်တန်ပြန်ထိုးစစ်ဆင်မှုကို ကာကွယ်ဖို့အတွက် ပြည်သူတွေရဲ့ နေအိမ်အဆောက်အအုံတွေ၊ အရပ်ဘက်အဆောက်အအုံတွေကို အသုံးပြုလာတာတွေ၊ လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ဖို့အတွက် ယာယီနေရပ်စွန့်ခွာသူတွေကို မြို့ရွာတွေမှာ ပြန်လည်နေထိုင်ဖို့ ဆွဲဆောင်စည်းရုံးတာတွေကို လုပ်ဆောင်လာကြတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ဒီနေရာမှာ **ပြည်သူတွေအနေနဲ့ တစ်ခု သတိထားရမှာက အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အသုံးချခံမဖြစ်ဖို့ဆိုတာနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို ဆက်နွှယ်ပတ်သက်မိရင် အကြမ်းဖက်အားပေးဖြစ်သွားနိုင်တယ်ဆိုတာပဲဖြစ်ပါတယ်။**

နိုင်ငံတော်နဲ့ တပ်မတော်က နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေတုံ့ပြန်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ မြေစာပင်မဖြစ်ရအောင် သတိပေးလိုခြင်းဖြစ်ပါတယ်။ အကြမ်းဖက်မှုကို ပြည်သူတစ်ရပ်လုံး ဆန့်ကျင်သွားရမှာပဲဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို တုံ့ပြန်ဆောင်ရွက်တဲ့နေရာမှာ တပ်မတော်တစ်ရပ်ထဲသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးဘာသာသာသနာကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်ရှိတဲ့ ပြည်သူတွေကပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်အပေါ်ကျရောက်လာတဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်ကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်(National Self Defence)အနေနဲ့ ကျင့်သုံးဆောင်**ရွက်ရာမှာ တာဝန်သိစွာဖြင့် ပါဝင်လာဖို့လိုပါတယ်။** လက်ရှိအချိန်မှာ တာဝန်သိပြည်သူတွေအနေနဲ့ တပ်မတော်နဲ့လက်တွဲပြီး ပြည်သူ့စစ်အဖွဲ့တွေမှာ ပါဝင်တာဝန်ထမ်းဆောင်တာတွေ၊ ပြည်သူ့လုံခြုံရေးအဖွဲ့တွေမှာ ပါဝင်တာဝန်ထမ်းဆောင်လာတာတွေဟာ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် အားတက်ဖွယ်မြင်ကွင်းတွေပဲဖြစ်ပါတယ်။ ဒီကဏ္ဍရပ်တွေအပြင် အခြားကဏ္ဍရပ်တွေမှာလည်း ပြည်သူတွေပါဝင်လာကြဖို့လိုအပ်ပါတယ်။ ဖြစ်ပေါ်လာတဲ့အခြေအနေတွေအရ နိုင်ငံတော်အတွက် စစ်မှုထမ်းခြင်းနဲ့ အခြားသော လုံခြုံရေးအဖွဲ့အစည်းတွေမှာ ပါဝင်ခြင်းဟာ ပြည်သူတွေရဲ့တာဝန်တစ်ခုအဖြစ် အရေးတကြီးတည်ရှိလာပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရဲ့ပြဋ္ဌာန်းချက်တွေထဲမှာ ဆိုရင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တယ်" လို့ ဆိုတဲ့အချက်၊ "နိုင်ငံသားတိုင်းဟာ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းဆောင်ဖို့တာဝန်ရှိတယ်"လို့ဆိုတဲ့ အချက်တွေကို အတိအလင်းပြဋ္ဌာန်းထားပါတယ်။

ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံအပေါ် **ရိုးသားစွာ သစ္စာရှိပြီး ဥပဒေ၊စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာဖို့၊ လုံခြုံရေးနဲ့ဆိုင်တဲ့ ဘယ်ဥပဒေကိုမဆို လိုက်နာဖို့ဆိုတာတွေဟာ နိုင်ငံတစ်ခုရဲ့ လုံခြုံရေးစနစ်ကို ပြည့်ပြည့်ဝဝတည်ဆောက်တဲ့နေရာမှာ လွန်စွာအရေးပါလှပါတယ်။ ပြည်သူတွေအနေနဲ့ သတင်းအချက်အလက်တွေကို အမှားအမှန်ခွဲခြားတတ်ပြီးတော့ သတင်းမှားတွေကို ကာကွယ်ဖို့၊ သတင်းမှားတွေ၊ အဖြစ်မှန်နဲ့ ကွဲလွဲချက်တွေဟာ နိုင်ငံတော်ရဲ့ လုံခြုံရေးကို ထိခိုက်စေနိုင်တာကြောင့် သတင်းမှားတွေ ပျံ့နှံ့မှုကကာကွယ်ဖို့အတွက် စောင့်ကြည့်သတိထားပြီး မှန်ကန်တဲ့သတင်းအချက်အလက်တွေကို အသုံးပြုကြဖို့လိုအပ်ပါတယ်။** ဒ့ါပြင် လူမှုရေး၊ ယဉ်ကျေးမှုနဲ့ အခြေခံတန်ဖိုးတွေကို လိုက်နာပြီး ပတ်ဝန်းကျင်၊ မြို့ရွာများ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကိုထိန်းသိမ်းဖို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့လုပ်ငန်းစဉ်တွေကို လိုက်နာဆောင်ရွက်ဖို့လိုအပ်ပါတယ်။ **အရေးပေါ်အခြေအနေတွေ၊ ခြိမ်းခြောက်မှုတွေနဲ့ လုံခြုံရေးထိခိုက်မှုတွေ ဖြစ်ပေါ်လာတဲ့အခါ အစိုးရနဲ့လုံခြုံရေးအဖွဲ့တွေထံကို သတိပေးတာတွေ၊ သတင်းပို့တာတွေကို ပြည်သူတွေအနေနဲ့ တာဝန်သိစွာဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါမှသာ လုံခြုံရေးနဲ့ ကာကွယ်ရေးစနစ်အတွင်းမှာ ပြည်သူတွေပူးပေါင်းပါဝင်လာပြီး နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ကို ထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်**သလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေတုံ့ပြန်မှုပြုကြရတဲ့အခါမှာ ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**မအေးစု(ဥပဒေ)**

# တည်ထောင်ခွင့်ပြုပြီးနိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံရေးပါတီတည်ထောင်လိုသူများကယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးကြင်ဝမ်း ခေါင်းဆောင်သည့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ** က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင်ဖြစ်ပေါ်နေသော လေပွေလိုင်း ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော လေပွေလိုင်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေပွေလိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်။ ထို့မှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

## WORLD FIRST AID DAY

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။

**"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"**

First Aid and Sports
Ready, Set, Respond

# ပြည်သူများထံ အသိပေးပန်ကြားချက်

❖ ပြည်တွင်းတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ၁-၉-၂၀၂၄ ရက်မှစ၍ စာအုပ်ဖိုးငွေကျပ် ၃၅၀၀၀ မှ ငွေကျပ် ၄၀၀၀၀ သို့ ပြောင်းလဲသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၈ ရက်သာ လိုတော့သည်

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ





**နေပြည်တော် စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တော ထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၈ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၁၇ ဒသမ ၁၅၇၄ တန်၊ သစ်မာ ၁၆ ဒသမ ၄၄၁၆ တန်၊ အခြား ၁၀ ဒသမ ၃၅၄၄ တန် စုစုပေါင်း ၄၃ ဒသမ ၉၅၃၄ တန်၊ ယာဉ်၊ ယန္တရား ၁၃ စီး၊ တရားခံ ၁၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မင်းတပ်မြို့တွင် အမျိုးသား သုံးဦးထက်မနည်း ဖမ်းဆီးခံရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့တွင် စက်တင်ဘာ ၇ ရက် တစ်ရက်တည်းတွင် အမျိုးသား သုံးဦးထက်မနည်း လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မင်းတပ်မြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်း၊ ပတ်ကင်းများကို မင်းတပ်မြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက မင်းတပ်မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)







## လောင်းလုံမြို့နယ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များ မီးရှို့ဖျက်ဆီးကာ အဖိုးတန်ပစ္စည်းများယူဆောင်သွားကြောင်း လုပ်ကြံရေးသားဝါဒဖြန့်ဝေနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်ရှိ သဘောဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို စက်တင်ဘာ ၁၀ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး နေအိမ် ခြောက်လုံးကို မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကိုယူဆောင်သွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ လောင်းလုံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သဘောဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားသည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လောင်းလုံမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Smill Smill" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ သီဟဇော်အား ည ၆ နာရီ ၃၅ မိနစ်တွင် စက်မှုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၁-၉-၂၀၂၄)

| | | | | |
|---|---|---|---|---|
| မြစ်ကြီးနား | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကသာ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကန့်ဘလူ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမေရိကန်သမ္မတရွေးကောက်ပွဲနှင့် တရုတ်-အမေရိကန် အနာဂတ်ဆက်ဆံရေးအလားအလာ

အမေရိကန်နိုင်ငံတွင် ၂၀၂၄ သမ္မတရွေးကောက်ပွဲကျင်းပရန် နီးကပ်လာလျက်ရှိသောကြောင့် သမ္မတလောင်းများဖြစ်သည့် ကာမာလာဟားရစ်နှင့်ဒေါ်နယ်ထရန့်တို့ကြား ပြိုင်ဆိုင်မှုသည် တရုတ်-အမေရိကန်ဆက်ဆံရေးအပေါ် သိသာထင်ရှားသောဂယက်ရိုက်ခတ်မှုများဖြစ်ပေါ်လာလျက်ရှိသည်။ လက်ရှိသမ္မတဂျိုးဘိုင်ဒင်နေရာတွင် ကာမာလာဟားရစ်ကို အစားထိုးမှုနှင့်အတူ ဒီမိုကရက်တစ်များ၏ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများတွင် မမျှော်လင့်သောပြောင်းလဲမှုဖြစ်ပေါ်လာခြင်းသည် သမ္မတရွေးကောက်ပွဲအတွက် မသေချာမရေရာမှုများဖြစ်ပေါ်လာလျက်ရှိသည်။

ဇူလိုင်လလယ်ပိုင်းနှင့် ဩဂုတ်လနှောင်းပိုင်းတွင် ရီပတ်ဘလစ်ကန်နှင့်ဒီမိုကရက်တစ်တို့၏ အမျိုးသားညီလာခံများ အသီးသီးကျင်းပခဲ့ပြီးနောက် သမ္မတလောင်းနှစ်ဦးသည် သမ္မတရွေးကောက်ပွဲအတွက် အပြင်းအထန်ကြိုးပမ်းလျက်ရှိသည်။ လက်ရှိအချိန်တွင် ကာမာလာဟားရစ်သည် မဲဆန္ဒနယ်ကိုးခု၌ ဒေါ်နယ်ထရန့်ကို ဦးဆောင်လျက်ရှိပြီး စက်တင်ဘာ ၁ ရက်တွင် အဓိကအရေးပါသောပြည်နယ်များတွင် အာရုံစိုက်ကာ မဲဆွယ်စည်းရုံးခဲ့သည်။ သို့သော် ကာမာလာဟားရစ်၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအရည်အချင်း အထူးသဖြင့် တရုတ်နိုင်ငံနှင့်စပ်လျဉ်းသည့်ရပ်တည်ချက်ကို စိစစ်နေရဆဲပင်ဖြစ်သည်။

ဒီမိုကရက်သမ္မတလောင်းအဖြစ် ကာမာလာဟားရစ် ရုတ်တရက်ပေါ်ထွက်လာရမှုသည် ပြီးပြည့်စုံသော နိုင်ငံခြားရေးမူဝါဒဆိုင်ရာမဟာဗျူဟာတည်ဆောက်ရေးအတွက် အချိန်ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိသည်။ ဒီမိုကရက်တစ်အမျိုးသားညီလာခံသည် ဂျိုးဘိုင်ဒင်အနေဖြင့်လည်း လက်ရှိအချိန်ထိ သမ္မတလောင်းတစ်ဦးဖြစ်နေသကဲ့သို့ ပါတီ၏မူဝါဒများကို ထုတ်ပြန်ခဲ့သည်။ ကာမာလာဟားရစ်သည် ဒုတိယသမ္မတသက်တမ်းတစ်လျှောက်၌ ပြည်တွင်းရေးရာများကိုသာ အာရုံစိုက်ခဲ့သောကြောင့် နိုင်ငံတကာရေးရာများတွင် အတွေ့အကြုံနည်းပါးသူအဖြစ် ရှုမြင်ခံရလျက်ရှိသည်။

ကာမာလာဟားရစ်သည် မဲဆွယ်စည်းရုံးမှုများစတင်လုပ်ဆောင်သည့်အချိန်မှစတင်ကာ ဩဂုတ်လ ၂၉ ရက်တွင် CNN နှင့်ပထမဆုံးတွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ် ၎င်းအနေဖြင့် ဂျိုးဘိုင်ဒင်၏နိုင်ငံခြားရေးမူဝါဒလမ်းကြောင်းအတိုင်း ဆက်လက်လုပ်ဆောင်သွားဖွယ်ရာရှိသည်ဟု ဖြေကြားခဲ့သည်။ သို့သော် ဖိလစ်ဂေါ်ဒန်ကို သူ၏ အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ရွေးချယ်မှုသည် တရုတ်နိုင်ငံဆိုင်ရာမူဝါဒတွင် မတူကွဲပြားမှုအလားအလာကို ရည်ညွှန်းလျက်ရှိသည်။ ဖိလစ်ဂေါ်ဒန်၏ လက်တွေ့ကျသောချဉ်းကပ်မှုသည် ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ ထိပ်တိုက်မှုပိုမိုဆန်သောရပ်တည်ချက်နှင့် ကွဲလွဲဖွယ်ရှိနေသည်။

နိုင်ငံခြားရေးမူဝါဒအပေါ် ဖိလစ်ဂေါ်ဒန်၏ရှုမြင်မှုများသည် အီရတ်တွင် ဘုရှ်အစိုးရအဖွဲ့၏အုပ်ချုပ်သူပြောင်းလဲခဲ့သောမဟာဗျူဟာအပေါ် ဆန့်ကျင်သည့်ရပ်တည်ချက်များက နက်ရှိုင်းစွာလွှမ်းမိုးခံရလျက်ရှိသည်။ ဖိလစ်ဂေါ်ဒန်က ထိုသို့လုပ်ဆောင်ခြင်းသည် အမေရိကန်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာဂုဏ်သတင်းကျော်ကြားမှုကို မှေးမှိန်စေခဲ့ကြောင်း ယုံကြည်ထားရှိသည်။ လက်တွေ့ကျသည့် နိုင်ငံတကာပူးပေါင်းရေးဝါဒီတစ်ဦးဖြစ်သည့် ဖိလစ်ဂေါ်ဒန်သည် အမေရိကန်နိုင်ငံ၏အင်အားကိုဆင်ဆင်ခြင်ခြင်အသုံးချသွားရန် အကြံပြုထားသည်။ အမေရိကန်နိုင်ငံခြားရေးမူဝါဒထိရောက်မှုသည် အင်စတီကျူးရှင်းများအပေါ်တွင် မူတည်မနေဘဲ ခေါင်းဆောင်မှုအရည်အသွေးအပေါ်တွင်သာ မူတည်ကြောင်း ဖိလစ်ဂေါ်ဒန်က ပြောဆိုလျက်ရှိသည်။ ၎င်းအနေဖြင့် ဥရောပလုံခြုံရေးကို အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာအင်အား၏ဗဟိုချက်မအဖြစ် ရှုမြင်ထားရှိသော်လည်း လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံခြားရေး၊ စစ်ရေးနှင့်စီးပွားရေးဆိုင်ရာမူဝါဒများ၏ အဓိကအလေးထားရမည့်နေရာဖြစ်လာပြီဖြစ်ကြောင်း အသိအမှတ်ပြုထားသည်။

ကာမာလာဟားရစ်၏ တရုတ်နိုင်ငံဆိုင်ရာမူဝါဒအပေါ် ဖိလစ်ဂေါ်ဒန်၏လွှမ်းမိုးမှုကို အပြည့်အဝ






နားလည်ရန် စောင့်ကြည့်ရဦးမည်ဖြစ်သော်လည်း ကာမာလာဟားရစ်၏ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ ရက်ဘီကာလစ်စ်နာ(Rebecca Lissner)သည် တရုတ်နိုင်ငံနှင့်စပ်လျဉ်း၍ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ မဟာဗျူဟာကို ပုံဖော်တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဂျိုးဘိုင်ဒင်၏အမျိုးသားလုံခြုံရေးမဟာဗျူဟာနှင့်စပ်လျဉ်း၍ ရက်ဘီကာလစ်စ်နာ၏ လုပ်ဆောင်ချက်သည် စစ်အေးလွန်ကာလ ပြီးဆုံးသွားပြီဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုလုပ်ဆောင်လျက်ရှိကြောင်း အသိအမှတ်ပြုမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အမေရိကန်နိုင်ငံအနေဖြင့် လက်ဦးမှုရယူတိုက်ခိုက်နိုင်မည့် နျူကလီးယားကျည်ထိပ်ဖူးများထုတ်လုပ်ပြီး စစ်အင်အားကြီးမားစွာတည်ဆောက်သွားရန် အခိုင်အမာဆုံးဖြတ်ထားမှုကို အဆိုပါမဟာဗျူဟာက ထပ်လောင်းအတည်ပြုလျက်ရှိသည်။ ကာမာလာဟားရစ်အနေဖြင့် သမ္မတအဖြစ်ရွေးကောက်ခံရမည်ဆိုလျှင်လည်း အဆိုပါ တင်းမာသောချဉ်းကပ်မှုကို ဆက်လက်အကောင်အထည်ဖော်သွားဖွယ်ရှိသည်။

အလားတူ ဒေါ်နယ်ထရန့်အနေဖြင့်လည်း သမ္မတအဖြစ် ရွေးကောက်ခံရမည်ဆိုလျှင် တရုတ်နိုင်ငံအပေါ် တင်းမာသည့်ရပ်တည်ချက်ကို ပိုမိုတိုးမြှင့်သွားဖွယ်ရာရှိသည်။ အထူးသဖြင့် စီးပွားရေးနှင့် နည်းပညာပိုင်းဆိုင်ရာပြိုင်ဆိုင်မှုများအပေါ် အာရုံစိုက်ဆောင်ရွက်လာဖွယ်ရာရှိသည်။ ဒေါ်နယ်ထရန့် လွှမ်းမိုးထားသည့် မူဝါဒပလက်ဖောင်းအပေါ် ရီပတ်ဘလစ်ကန်အမျိုးသားညီလာခံ၏ အတည်ပြုမှုသည် ဂျေဒီဗန်စီကို ၎င်း၏ ဒုတိယမြောက်သမ္မတလောင်းအဖြစ် ရွေးချယ်မှုဖြင့်ပိုမိုဇာတ်ရှိန်မြင့်တက်လာခဲ့ပြီး တရုတ်နိုင်ငံနှင့်ထိပ်တိုက်ရင်ဆိုင်သွားမည့် ပါတီ၏ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်နိုင်ငံအပေါ် ထားရှိသည့်အမြင်သဘောထားများရှိသည့် Elbridge Colby နှင့် Robert Lighthizer ကဲ့သို့သောပုဂ္ဂိုလ်များကို ဒေါ်နယ်ထရန့်၏ အလားအလာရှိသော တာဝန်ပေးမှုများက ၎င်း၏အစိုးရအဖွဲ့အနေဖြင့် အမေရိကန်၏စီးပွားရေးအသာစီးရရှိမှုနှင့် နည်းပညာပိုင်းဆိုင်ရာတိုးတက်မှု အထူးသဖြင့် AI နှင့် အာကာသကဲ့သို့သော နယ်ပယ်များတွင် ဦးစားပေးဆောင်ရွက်သွားဖွယ်ရာရှိသည်။

တရုတ်(ထိုင်ပေ)အပေါ် ဒေါ်နယ်ထရန့်၏ ချဉ်းကပ်မှုသည် ၎င်း၏ပိုမိုကျယ်ပြန့်သော တရုတ်နိုင်ငံဆိုင်ရာမဟာဗျူဟာ၏ ပြယုဂ်ဖြစ်လာမည်ဖြစ်သည်။ ၎င်းသည် တရုတ်(ထိုင်ပေ)ကို အမေရိကန်စစ်လက်နက်ပစ္စည်းများအတွက် ဈေးကွက်တစ်ခုနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း အရင်းအမြစ်နေရာအဖြစ် ရှုမြင်ထားလျက်ရှိသည်။ ဒေါ်နယ်ထရန့်သည် တရုတ်(ထိုင်ပေ)ကို ကာကွယ်ရေးဆိုင်ရာကတိကဝတ်များ သိသိသာသာတိုးမြှင့်မပေးဘဲ စစ်လက်နက်ပစ္စည်းကိုသာ ဆက်လက်ရောင်းချသွားဖွယ်ရာရှိသည်။ ထို့ပြင် ဒေါ်နယ်ထရန့်အစိုးရအဖွဲ့သည် အနောက်ပစိဖိတ်ဒေသတွင် မဟာဗျူဟာမြောက်တပ်ဖြန့်ချထားမှုကို လျှော့ချသွားဖွယ်ရာရှိသဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်ဦးဆောင်သော မဟာမိတ်များကို အင်အားချည့်နဲ့လာစေမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် ဖိအားပေးရန် တစ်ဖက်သတ်အစီအမံများလုပ်ဆောင်ပြီး စည်းကြပ်ခွန်ကောက်ခံမှုနှင့် ပိတ်ဆို့မှုများမှတစ်ဆင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် အာရုံစိုက်လုပ်ဆောင်လာဖွယ်ရာရှိသည်။

တရုတ်နိုင်ငံအနေဖြင့် လာမည့် အမေရိကန်ရွေးကောက်ပွဲတွင် လောင်းကြေးကြီးမားမည်ကို ကောင်းကောင်းသဘောပေါက်ထားပြီးဖြစ်သည်။ ရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်နှင့် ကာမာလာဟားရစ်တို့အနက်မှ မည်သူပင်အနိုင်ရရှိသည်ဖြစ်စေ တရုတ်နိုင်ငံအနေဖြင့် လာမည့် အမေရိကန်အစိုးရအဖွဲ့ထံမှ တင်းမာသောရပ်တည်ချက်ကို မျှော်မှန်းထားရှိပြီးဖြစ်သည်။

ကာမာလာဟားရစ်က တရုတ်နိုင်ငံအနေဖြင့် ဂျိုးဘိုင်ဒင်နှင့်ရရှိထားသော သဘောတူညီချက်များကို ထိန်းသိမ်းထားရှိရေး ၎င်း၏အစိုးရအဖွဲ့ကိုဆက်လက်ထိတွေ့ဆက်ဆံသွားမည်ဟု ရှုမြင်သွားဖွယ်ရာရှိနေသည်။ အထူးသဖြင့် ယခုနှစ် နိုဝင်ဘာလနှောင်းပိုင်းတွင် ပီရူးက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့် APEC နှင့် ဘရာဇီးက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည့် G-20 ထိပ်သီးဆွေးနွေးပွဲကဲ့သို့သော ဖိုရမ်များမှတစ်ဆင့် ဆက်လက်ထိတွေ့ဆက်ဆံသွားမည်ဖြစ်သည်။ အဆိုပါမဟာဗျူဟာကို မကြာသေးမီကပင် ဒီမိုကရက်၏ သံခင်းတမန်ခင်းကြိုးပမ်းမှုများဖြင့် တည်ဆောက်သွားရန် ဒီဇိုင်းရေးဆွဲထားပြီး ဩဂုတ်လနှောင်းပိုင်းတွင် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်၏ တရုတ်နိုင်ငံခရီးစဉ်က ပိုမိုသိသာထင်ရှားပေါ်လွင်လာစေခဲ့သည်။ အဓိကကျသော ပထဝီနိုင်ငံရေးဆိုင်ရာပဋိပက္ခများနှင့် အမေရိကန်နိုင်ငံ၏ ပြည်တွင်းလူမှုစီးပွားဆိုင်ရာစိန်ခေါ်မှုများ အထူးသဖြင့် ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ နောက်ဆုံးနေ့ရက်များနှင့် ဒီမိုကရက်တို့၏ သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ရည်ရွယ်ထားရှိသည်။

သို့သော် တရုတ်နိုင်ငံအနေဖြင့်လည်း ဒေါ်နယ်ထရန့်၏ နောက်ထပ် သမ္မတသက်တမ်းတာဝန်ထမ်းဆောင်မှုဖြစ်နိုင်ခြေအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ရုရှား၊ ကမ္ဘာ့တောင်ခြမ်းနိုင်ငံများနှင့် လိုက်လျောညီထွေဆက်ဆံနေသည့်အချိန်မှာပင် ဒေါ်နယ်ထရန့်နှင့်လည်း ဆက်လက်ထိတွေ့ဆက်ဆံသွားဖွယ်ရာရှိနေသည်။ ထို့ပြင် တရုတ်နိုင်ငံသည် အနောက်ပစိဖိတ်ဒေသတွင် မဟာဗျူဟာမြောက် အကျိုးအမြတ်များရရှိရေးအတွက် စီးပွားရေးဆိုင်ရာ အနစ်နာခံမှုများလုပ်ဆောင်ကာ အမေရိကန်နိုင်ငံနှင့် နည်းပညာနှင့်စီးပွားရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်သွားဖွယ်ရာရှိသည်။

လွှမ်းခြုံသုံးသပ်ရလျှင် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ်သည် တရုတ်- အမေရိကန် ဆက်ဆံရေးအလားအလာအပေါ် ကြီးမားသော ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သည်။ အမေရိကန်နိုင်ငံကို ကာမာလာဟားရစ် အုပ်ချုပ်သည်ဖြစ်စေ သို့မဟုတ် ဒေါ်နယ်ထရန့်ဦးဆောင်သည်ဖြစ်စေ တရုတ်နိုင်ငံအနေဖြင့် ရှေ့တွင်ကြုံတွေ့ရမည့် စိန်ခေါ်မှုကာလအတွက် ကြိုတင်ပြင်ဆင်ထားလျက်ရှိသည်။ အထူးသဖြင့် မဟာဗျူဟာမြောက်ယှဉ်ပြိုင်မှုနှင့် စီးပွားရေးဆိုင်ရာပြိုင်ဆိုင်မှုအတွက် ကြိုတင်ပြင်ဆင်ထားလျက်ရှိသည်။ နှစ်ဖက်စလုံးအနေဖြင့် ရှုပ်ထွေးသောနိုင်ငံရေးမြင်ကွင်းအတိုင်း သွားလာလျက်ရှိသောကြောင့် ကမ္ဘာလုံးဆိုင်ရာအာဏာဟန်ချက်သည် အရွေးကောက်ခံ အမေရိကန်သမ္မတ၏ မူဝါဒများနှင့်ဆုံးဖြတ်များအပေါ်တွင် မူတည်လျက်ရှိပေသည်။

**ကိုးကား**

- **The US Presidential Election and the Future of China–US Relations by The Diplomat.**

**ဝင်းဇင်(သုတေသန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# စိတ်ပန်းအိုးလေးပုံဖော်ခြင်း

မာန်(စက်မှု)



(၁)

"မေယွန်းရေ မပြီးသေးဘူးလား။ ညည်းကလဲအေဘာပဲလုပ်လုပ် ဖြည်းလေးလွန်းတယ်။ ဒီမှာ အငယ်လေး နောက်ဖေးသွားထားတာ လာလုပ်စမ်းပါအုံး။ ငါလက်မအားဘူးဟဲ့"

ကြီးကြီးခိုင်းထားတဲ့ ပန်းကန်တစ်ပုံကို ရေကပြင်မှာဆေးကြောနေရင်းက အသံပြဲနဲ့ လှမ်းအော်သံကြောင့် မေယွန်းဆေးလက်စတွေ ခဏထားကာ အိမ်ရှေ့ဘက် ပြေးထွက်လာသည်။ ကြီးကြီးက မုန့်ပွဲတွေပြင်နေတာ လက်မလည်ချေ။

ကြီးကြီးနဲ့ မလှမ်းမကမ်းမြေကွက်လပ်မှာ ငုတ်တုတ်လေးနောက်ဖေးသွားနေတဲ့ ကြီးကြီးသားအငယ်ဆုံးလေး။ အခုမှ အသက်က သုံးနှစ်ကျော်ဖြစ်သည်။ ဈေးဝယ်သူတွေနဲ့မို့ ကြီးကြီးက မြန်မြန်ခေါ်သွားစေချင်ပုံပင်။

မေယွန်း ကြီးကြီးရဲ့ မုန့်ဟင်းခါး၊ အသုပ်စုံ အစုံရတဲ့ဆိုင်ဘေးကနေဆင်းပြီး အငယ်လေးကို ပွေ့ချီကာ အိမ်ဘေးကနေပတ်၍ အိမ်အနောက် ရေကပြင်ဆီခေါ်လာခဲ့သည်။

ရေကပြင်ရောက်တော့ သန့်ရှင်းရေးလုပ်ပေးနေရင်းက ရေပါချိုးပေးလိုက်သည်။ သနပ်ခါးလိမ်း၊ အဝတ်အစားလဲပေးကာ အိမ်ရှေ့ဘုရားဆောင်ရှေ့မှာထားခဲ့ပြီး လုပ်စရာအလုပ်တွေဆက်လုပ်ဖို့ အိမ်နောက်ဘက်ပြန်လာသည်။

(၂)

မေယွန်း မေမေက ကြီးကြီးညီမပါ။ မေယွန်း သုံးတန်းနှစ်တွင် မေမေဆုံးသည်။ မေယွန်းဘဝမှာ အဖေဆိုတာ မမြင်ဖူးခဲ့ပေ။ အမေတစ်ခု သမီးတစ်ခု ဘဝနဲ့ ဘဝကို ဖြတ်သန်းခဲ့သည်။ မေမေက စက်ချုပ်ပြီး မေယွန်းကို ပျိုးထောင်ခဲ့သည်။

မေမေဆုံးတော့ မေယွန်းဘဝ အားကိုးစရာမြင်းမိုရ်တောင်ကြီး ပြိုလဲလေပြီ။ မေမေ့အစ်မ ကြီးကြီးတို့သားအမိတွေ မေယွန်းတို့အိမ်ရောက်လာသည်။ မေမေ့နာရေးပြီးတော့ တစ်ယောက်ထဲကျန်နေခဲ့တဲ့မေယွန်းကို စောင့်ရှောက်ဖို့ဆိုပြီး မေယွန်းနဲ့ အတူတူလာနေကြသည်။

ကြီးကြီးမှာ မေယွန်းထက်ကြီးတဲ့ သဲဝါဆိုတဲ့ သမီးနဲ့ မေယွန်းထက်ငယ်တဲ့ သုထက်နဲ့ ငယ်လေးဆိုတဲ့ သားနှစ်ယောက်ပါလာသည်။ ကြီးကြီးယောကျ်ားက ပြီးခဲ့တဲ့နှစ်က အရက်နာကျပြီး ဆုံးပါးသွားသည်။ တူအရီးတွေမို့ ရပ်ကွက်ထဲကလူတွေက မေယွန်းအတွက် စိတ်ချလေသည်။

ကြီးကြီး မေယွန်းတို့အိမ် ရောက်ရောက်ချင်းတော့ မေယွန်းကို ကောင်းကောင်းဆက်ဆံပါသည်။ အချိန်တွေနည်းနည်းကြာလာတော့ သားသမီးအရင်းနဲ့ယှဉ်ပါက နေရာသိပ်မပေးချင်တော့ပေ။ မေယွန်း အလိုက်သိပါသည်။

သူ့ကို ရှာဖွေကျွေးမွေးသူ ကြီးကြီးစိတ်မခုဖို့ မေယွန်း သိတတ်စွာနေထိုင်သည်။ မေယွန်းခြောက်တန်းနှစ်ရောက်တော့–

"မေယွန်းမ လာအုံး ပြောစရာရှိတယ်"

အဝတ်ပုံမီးပူတိုက်နေရာက ကြီးကြီးရှိရာအိမ်ရှေ့ဘက်ကို ထလာခဲ့သည်။ ကြီးကြီးနားရောက်တော့–

"ညည်း ကျောင်းနားလိုက်တော့"

"ရှင် ကြီးကြီး ဘာလို့လဲ။ မေယွန်း မနားပါရစေနဲ့။ အလုပ်တွေပိုလုပ်ဆိုလဲ လုပ်ပါ့မယ်ကြီးကြီး"

"တိတ်စမ်း သူများကြားရင် ငါကပဲ မတရားအလုပ်ခိုင်းနေတယ် လူတွေထင်မယ်။ ငွေဟဲ့ ငွေ အဲဒါမရှိရင် ဘာမှမတတ်နိုင်ဘူး။ ငါလဲ မရှာနိုင်တော့ဘူးအေ။ ညည်းအစ်မ သဲဝါက ဆယ်တန်းဆိုတော့ ပြီးအောင်နေပါစေတော့။ ညည်းမောင်နှစ်ယောက်ကလဲ ငယ်သေးတော့ စာတတ်ဖို့လိုတယ်အေ။ ညည်းက သေစာရှင်စာဖတ်တတ်နေပြီပဲ။ ညည်းပဲ အနာခံပေးစမ်းပါ။ ကိုယ့်မောင်နှမတွေအတွက် ဖြည့်ဆည်းပေးစမ်းပါ"

ကြီးကြီးစကားအဆုံး မေယွန်းမျက်ရည်ဖြိုင်ဖြိုင်ကျရသည်။ မေမေ့စိတ်ကူးယဉ်အိပ်မက်ဖြစ်သလို မေယွန်းဝါသနာပါတဲ့ဆရာမ ဒီတစ်သက် မဖြစ်နိုင်တော့ပေ။ မျက်ရည်တွေနဲ့ငိုနေတဲ့ မေယွန်းကို ကြီးကြီးက မျက်နှာမဲ့ကာ–

"အဲ့လောက်ငိုဖို့လိုသလားမေယွန်း။ မသိရင် အိမ်မှာနာရေးရှိနေသလိုပဲ။ ညည်းဒီလောက်တောင် ငါတို့အတွက် စေတနာမရှိဘူးလားဟဲ့။ အမယ်လေးတော်ရှာကျွေးရကျိုးနပ်တာအေ"

"မဟုတ်ပါဘူးကြီးကြီးရယ် မေယွန်းက ဆရာမလုပ်ချင်ခဲ့တာ ဒါကြောင့်ပါ"

"အမယ်လေး စိတ်ကူးယဉ်မနေနဲ့ စားဖို့တောင်အနိုင်နိုင်ကို ဆရာမဖြစ်ဖို့က ဘယ်မှာလဲငွေ။ အဲ့ငွေတွေ ဘယ်ကရမလဲ။ တစ်နှစ်တစ်နှစ် ကျောင်းစရိတ်နည်းသလားအေ"

"ဟုတ်ကဲ့ပါ ကြီးကြီး၊ ကြီးကြီးသဘောပါ"

"ဒါဆိုလဲပြီးရော။ သွားတော့ လုပ်စရာရှိတာသွားလုပ်တော့"

သူ ထိုနေရာကထကာ တိုက်လက်စမီးပူပုံရှိရာထလာခဲ့သည်။ ထိုနေ့သည် သူ့မျှော်လင့်ချက်ပျက်စီးသည့်နေ့ဖြစ်သည်။

(၃)

လှလှပပပြင်ဆင်ပြီး အိမ်ကနေထွက်သွားတဲ့ မမသဲဝါကိုကြည့်ကာ အားကျစိတ်နဲ့ မေယွန်းငေးနေမိသည်။ တက္ကသိုလ်ကျောင်းသူမို့ သူများတန်းတူထားရမည်ဆိုကာ မမသဲဝါလိုသမျှ ကြီးကြီးဖြည့်ဆည်းပေးသည်။ မရတာ ဘာမှမရှိပေ။ သုထက်နဲ့ငယ်လေးလဲ ရှစ်တန်းနဲ့ ခြောက်တန်းရောက်နေကြပြီ။ မေယွန်းလဲ ကျောင်းနေရင် အခုဆို ဆယ်တန်းရောက်ပြီပေါ့။

မေယွန်းဘဝ အားကျရုံသာတတ်နိုင်သည်။ မေမေထားခဲ့တဲ့အိမ်မှာ ထမင်းစားကျွန်ခံဘဝနဲ့ ကြီးပြင်းခဲ့ရသည်။ ကြီးကြီးကတော့ မေယွန်းကိုသာ မျက်နှာသာမပေးရင်နေမည် သူ့သမီးနဲ့သားတွေတော့ ဖူးဖူးမှုတ်မတတ်ချစ်ရှာသည်။ မေမေရှိစဉ်ကာလက သိပ်အခေါ်အပြောမရှိခဲ့ပေမဲ့ မေမေဆုံးပြီးနောက်ပိုင်း တူမကိုစောင့်ရှောက်မည်ဆို၍ ကျေးဇူးတင်ခဲ့ရသည်။

ဒါတွေကြောင့်ပဲ ကြီးကြီးနဲ့ ခပ်ကင်းကင်းနေခဲ့တာလားမေမေလို့ အခုနေမေးခွင့်ရရင်မေးကြည့်ချင်ပါသည်။ သုထက်နဲ့ငယ်လေးကတော့ သူ့အပေါ် အစ်မတစ်ယောက်အဖြစ် ခင်တွယ်ကြပေမဲ့ မမသဲဝါကတော့ သူ့အပေါ် အိမ်အကူသာသာ ဆက်ဆံတာကိုတော့ ရင်ထဲမကောင်းပေ။

မေယွန်း ကြီးကြီးတို့နဲ့ပတ်သက်၍ ဘယ်လိုအနေအထားမျိုးကြုံရပါစေ မေယွန်းစေတနာထားသည်။ မေမေရှိစဉ်က အမြဲပြောခဲ့ဖူးတဲ့ စေတနာအကျိုးကို မေယွန်းယုံကြည်သည်။ စေတနာကောင်းလျှင် ကံကောင်းမည်။ အလုပ်ကောင်းလျှင် ကောင်းစားမည်။ မေယွန်းမှာ အတိတ်ကြွေးရှိ၍ အခုလိုအဖြစ်မျိုးတွေကြုံရပေမဲ့ မေယွန်းထားရှိခဲ့သော စေတနာကတော့ အလကားမဖြစ်ဘူးဆိုတာ ယုံကြည်ပြီးသားပါ။

(၄)

တစ်နေ့ပေါ့။ မမသဲဝါ ကျောင်းပြီးတဲ့နေ့ ဘွဲ့အတွက်ပြင်ဆင်ရဖို့ သားအမိတွေ အလုပ်ရှုပ်ခေါင်းချင်းဆိုင်ပြီးနောက် ကြီးကြီး မေယွန်းကိုပြောလာသည်။

"မေယွန်းညည်းအမေ အပ်ချုပ်စက်ရောင်းမလို့အေ ညည်းကို ပြောပြတာ"

"ဘာအတွက်လဲကြီးကြီး မေမေ့အမွေဆိုလို့ ဒီစက်နဲ့ ဒီအိမ်ပဲကျန်တာပါ။ ကျန်တာတွေလဲ ရောင်းလို့ကုန်ပြီလေ"

မေယွန်းအပြောကြောင့် ကြီးကြီးက မျက်ထောင့်နီနဲ့ကြည့်ကာ–

"ညည်းစကားကဘာလဲ။ ငါကပဲ ညည်းအမေပစ္စည်းတွေ သုံးဖြုန်းပစ်သလိုပါလား။ ညည်းစားထားတဲ့ထမင်းက အဲ့ပစ္စည်းတန်ဖိုးထက်များတာမမေ့နဲ့ ကောင်မ"

"ဟုတ်ပါတယ်။ မေယွန်း မေမေ့အမှတ်တရ ဒီစက်လေးကိုတော့ မရောင်းပါရစေနဲ့ ကြီးကြီးရယ်။ ကြီးကြီးငွေလိုရင် တခြားကနေရှာပါနော် နော်"

လက်အုပ်လေးချီပြီး သူမတောင်းပန်စွာဆိုသည်။ မမသဲဝါသည် မေယွန်းကိုကြည့်၍–

"ဒီစာမတတ်ပေမတတ်မကိုပြောမနေနဲ့ မေမေ။ ပညာတစ်ခုဖြစ်ထွန်းဖို့ ဘယ်လိုကြိုးစားရလဲ သူနားမလည်ဘူး။ အောင်မြင်မှုအသီးအပွင့်အတွက် ငွေကုန်ကြေးကျခံရတာတွေ သူမသိဘူးမေမေ။ ပြောမနေနဲ့ ရောင်းစရာရှိတာရောင်း။ မေမေကလူကြီး သူ့ခွင့်ပြုချက်မလိုဘူး"

မမသဲဝါရဲ့ ထိုစကားတွေကြောင့် မေယွန်းရဲ့စိတ် ခံနိုင်ရည်အားသည် အရှိန်ပြင်းပြင်းနဲ့ အရိုက်ခံလိုက်ရတဲ့ ပန်းအိုးတစ်လုံးလို အပိုင်းပိုင်းအစစကွဲထွက်သွားသည်။

ပြောရက်လိုက်တာ။ သူတို့အတွက် အနစ်နာခံပေးဆပ်ပြီး ကျောင်းမနေခဲ့ရတဲ့သူက စာမတတ်ပေမတတ်တဲ့လား။ အောင်မြင်မှုအသီးအပွင့်အတွက် ငွေကုန်ကြေးကျခံဖို့ သူတစ်ပါးမိဘအမွေကို ထိပါးစရာလား။ မေယွန်း မမသဲဝါမျက်နှာကိုကြည့်ကာ–

"ငါ စာမတတ်ပေမတတ်ရတာ ဘယ်သူတွေအတွက်လဲ။ ငါ အခုလို ထမင်းစားကျွန်ခံနေရတာ ဘယ်သူတွေအတွက်လဲ။ ငါ့အိမ်မှာငါနေ သူတစ်ပါးအတွက်လူဖြစ်ပြီး ဖြည့်ဆည်းပေးနေတဲ့ငါ့ကို မမသဲဝါနင်မို့ပြောထွက်တယ်။ ကိုယ့်သားသမီးတော့ ကျောင်းထားပြီး ညီမအရင်းရဲ့သမီးကို စေတနာမထားနိုင်တဲ့ ကြီးကြီးစိတ်ဓာတ်ကိုလဲ လက်ဖျားခါတယ်။ ငါ အားလုံးကြည်ဖြူပေးခဲ့တယ်။ မမသဲဝါအတွက်လဲ ကျေနပ်စွာပေးဆပ်ခဲ့တယ်။ လိုတာထက်တော့ မပိုနဲ့ပေါ့။ ငါ့မိဘရဲ့ပုံရိပ်ဖြစ်တဲ့ ဒီစက်နဲ့ ဒီအိမ်ကိုတော့ နင်တို့မထိနဲ့"

"ဟဲ့ မေယွန်း ညည်းဘာစကားပြောတာလဲ။ ကျွေးကျေးဇူးဆပ်တာလားဟင် ညည်းက"

"ထင်ချင်သလိုထင်ပါ ကြီးကြီး"

"အေး ညည်းထမင်းငတ်ဖို့ပြင်ထား။ ငါရှာကျွေးတာစား ငါ့ကိုပြန်ကိုက်တဲ့မိန်းမ"

အစိတ်စိတ်အမွှာမွှာကွဲကြေသွားတဲ့ ပန်းအိုးဟာ အကောင်းအတိုင်းပြန်ဖြစ်ဖို့ ခဲယဉ်းပါသည်။ သူ့ စိတ်တွေကြိုးစားထိန်းပေမဲ့ လိုတာထက်ပိုစွာ သူ့ကို ပါဝါအာဏာသုံးဖို့ကြိုးပမ်းလာတဲ့အတွက်–

"ထမင်းတစ်လုတ်ကတော့ အရွယ်ရောက်သူ ဘယ်သူမဆို မငတ်အောင်ရှာစားတတ်ပါတယ်။ ကြီးကြီးတို့အတွက် အမိုးအကာလုံခြုံတာလေးသာ ရှာထားပါ"

"ညည်း ဘာပြောချင်တာလဲ"

စာမျက်နှာ ၂၅ သို့ ➤

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၂၃၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၆၁ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၈၀၄ ဧက စုစုပေါင်း ဧက ၂၂၀၀ ဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၂၂၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲတီစိမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ပဲတီစိမ်း စိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မောက်မယ်မြို့နယ် နောင်ဗိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောက်မယ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဗိုကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မာမာထွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၁ ဒသမ ၇၇ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နောင်ဗိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသားအသင်းသူ ၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၁ ဒသမ ၇၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းထံမှ သိရသည်။

မင်းမြင့်မိုရ်

➤ စာမျက်နှာ ၂၄ မှအဆက်

"ကိုယ့်အိမ် ကိုယ်ရှာနေဖို့ပြောတာ။ ရှာကျွေးခဲ့တဲ့အဖိုးအခအဖြစ် ကြီးကြီးတို့ လုံခြုံတဲ့အရိပ်အောက်နေခွင့်ရခဲ့ပြီပဲ။ အခု ကိုယ့်ထမင်းကိုယ်ရှာစားမယ်။ ကြီးကြီးတို့သားအမိလဲ ကိုယ့်အိမ်မှာကိုယ် သွားနေပါ"

သူ့စကားကြောင့် ကြီးကြီးငြိမ်ကျသွားသည်။ မမသဲဝါက မီးဝင်းဝင်းတောက်တဲ့အကြည့်နဲ့ကြည့်ကာ သူ့အမေကို–

"မေမေ ဒီကောင်မကို ဘာမှမပြောတော့ဘူးလား"

"နေပါ သဲဝါရယ် ခဏနေပါအုံး"

ကြီးကြီးအသံသည် မာန်မရှိတော့ဘဲ ပျော့ကျသွားသည်။ ထို့နောက် မေယွန်းကို–

"မေယွန်း သမီး ညည်းစိတ်ထဲ ကြီးကြီးကို စိတ်နာကျင်နေမယ်ထင်တယ်"

သူ ကြီးကြီးကိုပြန်မဖြေဘဲ ကြည့်နေမိသည်။ ကြီးကြီး ခေါင်းညိတ်ကာ သက်ပြင်းချသည်။

"ဟုတ်ပါတယ် ကြီးကြီး လူကြီးမဆန်ခဲ့တာပါ။ ကျောသားရင်သားခွဲခြားပြီးဆက်ဆံခဲ့မိတယ်။ နေစရာမရှိတဲ့ကြီးကြီးတို့အတွက် အရိပ်အမိုးကောင်းတစ်ခု သမီးဆီကရခဲ့တယ်။ သမီးကို ကြီးကြီး ကောင်းကောင်း မပျိုးထောင်ခဲ့မိဘူး။ သမီးဘဝကို လောင်းရိပ်အောက် အညွန့်ချိုးပြီးထားခဲ့တယ်။ ကြီးကြီးတောင်းပန်ပါတယ်ကွယ်။ တခြားသွားနေဆိုလဲ နေစရာမရှိပါဘူး။ သမီးကြောင့်သာ သိက္ခာမပျက်အမိုးအကာအောက်နေနိုင်ခဲ့တာ။ တစ်ဦးနဲ့တစ်ဦး မှီခိုနေရတာကိုမမြင်ဘဲ အားနွဲ့တဲ့ကလေးဖြစ်တဲ့ သမီးကို ကြီးကြီးနိုင်စားမိတယ်။ တောင်းပန်ပါတယ် သမီးရယ် ကြီးကြီးကိုခွင့်လွှတ်ပေးပါ။ သမီးသွားဆိုလဲ သွားပါ့မယ်။ ဒါပေမဲ့ ကြီးကြီးကို အချိန်လေးတော့ပေးပါ သမီး"

"မေမေက ဘာလို့တောင်းပန်နေတာလဲဒီကောင်မကို မှတ်လောက်အောင် ပညာပေးရမှာ"

"သဲဝါ ညည်းပါးစပ်ကိုပိတ်ထား။ ပညာတွေသင်ထားပြီး ညည်း ဒါလေးတောင်မတွေးတတ်ဘူးလား ဟင်"

ကြီးကြီးပြောလိုက်၍ မမသဲဝါတိတ်သွားသည်။ မေယွန်း ကြီးကြီးဆီက မထင်မှတ်ဘဲထွက်လာတဲ့စကားတွေကိုမယုံနိုင်ချေ။ ဟုတ်ရောဟုတ်ရဲ့လား။ နားကြားများမှားသလား ဇဝေဇဝါဖြစ်နေသည်။ ခံစားချက်ကြောင့် အစိတ်စိတ်အမြွှာမြွှာဖြစ်ခဲ့ရတဲ့ သူ့စိတ်ပန်းအိုးလေးသည် ကြီးကြီးရဲ့ အသိတရားရတဲ့တောင်းပန်သံတွေနဲ့ အလှဆင်မှုအောက်မှာ လှပတင့်တယ် ကြည့်ကောင်းတဲ့ပန်းအိုးတစ်လုံးအဖြစ် ပုံပြောင်းသွားခဲ့သည်။

သူ စိတ်နာကျင်မှုတွေပြေလျော့သွားပြီး ကြီးကြီးကိုကြည့်ကာ–

"မေယွန်း ကြီးကြီးနဲ့မောင်နှမတွေအပေါ် ဘယ်တုန်းကမှ စေတနာမပျက်ခဲ့ပါဘူး။ ဒါပေမဲ့ ကြီးကြီး မေယွန်းလဲ ခံစားတတ်တယ်၊ နာကျင်တတ်တယ်၊ တန်းတူမရတဲ့မေတ္တာတွေကြားမှာ ဝမ်းနည်းခဲ့တယ်။ ဒါပေမဲ့ မေယွန်း ကြီးကြီးနဲ့မောင်နှမအားလုံးကို ချစ်နေမိတာပဲ"

"အေးပါသမီးရယ် လူကြီးဖြစ်ပြီး အမှောင်ဖုံးခဲ့တဲ့ ကြီးကြီး မကောင်းခဲ့တာပါ။ အတန်းပညာသင်ခွင့်မရတော့ပေမဲ့ သမီးဖြစ်ချင်တာတွေ ပံ့ပိုးပေးဖို့ ကြီးကြီး ကတိပေးပါတယ်။ သမီးဘာဖြစ်ချင်လဲ"

"တကယ်နော် ကြီးကြီး"

"တကယ်ပေါ့ သမီးရယ်။ သဲဝါလဲ ကိုယ့်ညီမလေးရဲ့အနစ်နာခံမှုတွေမြင်ပြီး ကောင်းကောင်းဆက်ဆံပါ။ ဒီနေ့ကစပြီး မေမေတို့ တစ်ယောက်သဘော တစ်ယောက်လေးစားပြီး ချစ်ချစ်ခင်ခင်နေကြမယ်"

"ဟုတ်ကဲ့ မေမေ"

မမသဲဝါ ထိုစကားပြောကာ နေရာမှထွက်သွားသည်။ ကြီးကြီး သူ့ဘက်လှည့်ကာ–

"သမီးဝါသနာပါပြီး ဖြစ်ချင်တာကိုပြော"

"မေမေ့လို စက်ချုပ်ချင်တယ် ကြီးကြီး"

"ဟုတ်ပြီ ဖြစ်စေရမယ်။ မနက်ဖြန် ကြီးကြီးအသိဆီမှာ စက်ချုပ်သင်ဖို့ အပ်ပေးမယ်"

"ဟေး တကယ်နော်။ ပျော်လိုက်တာကြီးကြီးရယ်။ ဖြစ်ချင်တာတွေထဲက တစ်ခုဖြစ်ခွင့်ရခဲ့လို့ပါ"

သူ ထိုစကားပြောကာ ကြီးကြီးကို ပြေးဖက်မိသည်။ တစ်ခါမှ မဖက်ဖူးခဲ့သော ပထမဆုံးဖက်ခွင့်ရခဲ့တဲ့ကြီးကြီးရင်ခွင်ဟာ သူ့အတွက် လုံခြုံနွေးထွေးမှုရှိနေတာကို သူ ဒီနေ့သိခွင့်ရခဲ့ပါသည်။

# လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းပါဝင်ပေး

\- တစ်ဦးကို တစ်ဦးက  
ချစ်ခင်ကြ ဆွေရင်းပမာ၊  
မေတ္တာကရုဏာ ကိုယ်စီထား  
ပွားများလို့သာ၊  
တစ်ဦးအခက်ခဲရှိက ကူညီပါ  
ဖေးမစာနာ ကိုယ်ချင်းစာထား၊  
မေတ္တာတွေ ကိုယ်စီသုံး  
ပြုံးပျော်စေသား။

\- လူအချင်းချင်း ရောင်းဝယ်ခြင်း  
မကောင်းသတင်း ကြားရနေ၊  
ဘယ်လိုတွေ စိတ်မျိုးရှိ  
သိချင်လှပေ၊  
ရောင်းကုန်မဟုတ်တဲ့ လူသားတွေ  
ပြုရက်ပေ လွန်မိုက်မှား၊  
တိုင်းတစ်ပါး လူတွေကြားမှာ  
ခိုင်းစားဖို့လား။

\- တချို့က ကျွန်ဇာတ်ခင်း  
ညှာတာခြင်း ကင်းမဲ့ကာ၊  
လိင်အလုပ်သမ ပြုလုပ်ခိုင်း  
ရိုင်းစိုင်းပေရှာ၊  
အမျိုးသားများ ပိတ်လှောင်ကာ  
ရိုက်နှက်ကာ အစာမပေး၊  
သူခိုင်းတာ ကိုယ်လုပ်ပေးမှ  
ဆေးခတ်လို့ကျွေး။

\- ကြောက်မက်ဖွယ် လွန်ကောင်းလှ  
သတိထားကြ အိုမိတ်ဆွေ၊  
ပြောတိုင်းကွယ် မယုံထားနဲ့  
စဉ်းစားကြလေ၊  
မိဘမောင်ဖွား အသိုင်းအဝိုင်းတွေ  
တိုင်ပင်လေ ပညာရှင်များ၊  
တရားဝင်အလုပ် ဟုတ်မဟုတ်  
မေးထုတ်စေသား။

\- လူကုန်ကူးမှု အပြစ်က  
ကြီးမားလှ ရှောင်ကြဉ်ပါ၊  
လူကုန်ကူးကာ ကုပ်သွေးစုပ်  
ဖော်ထုတ်ရမှာ၊  
ကာကွယ်စောင့်ရှောက်ဖို့ ဆောင်ရွက်ပါ  
ယနေ့ကမ္ဘာမှာ ကင်းစင်ရေး၊  
လူကုန်ကူးမှု တိုက်ဖျက်လမ်း  
ပန်းတိုင်မဝေး။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်

ရွှေဘိုတူးမာ

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက လူကြီး လူငယ်စကားပြေတွင် မြန်မာနိုင်ငံမှာ အသက် (၄၀) မှ (၁၀၀) အတွင်း ကြီးပြင်းသူများကို လူကြီးဟု ခေါ်ကြောင်းနှင့် ထိုလူကြီးများမှဆင်းသက် ပေါက်ဖွား သူများကို "နောင်သား" ခေါ် လူငယ်ဟုခေါ်ကြောင်း ဖော်ပြထားပါသည်။

ယနေ့ကမ္ဘာမှာ အသက် ၁၅ နှစ်မှ ၃၀၊ ၃၅ နှစ် အတွင်းရှိသူများကို ယေဘုယျအားဖြင့် (အများ အားဖြင့်) လူငယ်ဟုခေါ်ကြောင်း သိရှိမှတ်သားမိပါ သည်။ ထိုလူငယ်လူရွယ်တို့သည် နိုင်ငံတိုင်း၏ လူဦးရေထက်ဝက်နီးပါးရှိကြသည်။ ထို့ကြောင့် နိုင်ငံ့ အင်အားလူငယ်များဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ် သည်။ မြန်မာနိုင်ငံတွင်လည်း ထို့အတူဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့အင်အားလူငယ်များဖြစ်ပါသည်။

လောက၏နိယာမတရားအရ ရွက်ဟောင်း ကြွေလျှင် ရွက်သစ်ဝေစမြဲဖြစ်သည်။ မြေအုတ်တို့ ပြိုလျှင် ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက် ရပါမည်။ အဟောင်းတို့နားလျှင် အသစ်တို့ အစားထိုး ဝင်ရမည်။ ထိုနည်းတူ နိုင်ငံတိုင်းတွင် တည်ဆောက် ပြုပြင်ထိန်းသိမ်းနေသော လူကြီးများနေရာတွင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ လူငယ်တို့အစားထိုး ဝင်ရောက်ရပေတော့မည်။

လူငယ်တို့သည် နုပျိုလန်းဆန်းမှုရှိကြသည်။ "စူးစမ်းတတ်မှု"၊ "အထူးအဆန်းဆို စူးစမ်းလိုမှု" "အထူးအခြားဆို ဦးဦးဖျားဖျားခံစားလိုမှု" ရှိကြ သည်။ ခွဲလုံ့လနှင့် ပြည့်စုံပြီး ဉာဏ်ရည်ထက်မြက် ကြသည်။ ထို့ပြင် လူငယ်အများစုသည် ကြံ့ခိုင် ဖျတ်လတ်ကြသည်။ သွက်လက်ပြီး ထက်မြက်ရုံမက စွန့်စားလိုကြသည်။ ထိုအရည်အချင်းများ၊ ပင်ကိုယ် အရည်အသွေးများသည် လူငယ်တို့၏ မွေးရာပါဗီဇမှာ ပါပြီးဖြစ်သည်။

ထိုမျှမက လူငယ်တို့သည် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ခွန်အားဗလနှင့် ပြည့်စုံကြသည်။ ရန်အပေါင်းကိုလည်း လင်းယုန်ငှက်ကဲ့သို့ သွက်လက်စွာ နှိမ်နင်းတတ်သည်။

လူငယ်တို့သည် မိမိတို့အသက်အရွယ်အလိုက် ပန်းဖူး၊ ပန်းငုံ၊ ပန်းပွင့်များကဲ့သို့ လောကတည်း တူသော လူ့အသိုင်းအဝိုင်းနှင့်တူသည့် ဥယျာဉ်ကြီးကို အဖူးအငုံအပွင့်များဖြင့် မွှေးပျံ့ကြိုင်လှိုင်အောင်၊ လှပအောင် အလှဆင်နိုင်သောသူများလည်း ဖြစ်သည်။

ထိုလူငယ်တို့၏ ခေတ်အဆက်ဆက်လှုပ်ရှားမှု အားမာန်များကို ဤသို့လေ့လာမိသည်။ မြန်မာနိုင်ငံ အတိတ်သမိုင်းကိုကြည့်လျှင် လူငယ်တို့၏ လှုပ်ရှားမှု အားမာန်ကိုတွေ့ရသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်တို့တွင် လူငယ်တို့၏ လှုပ်ရှားမှုအားမာန် နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုများကို တွေ့ရသည်။

မျိုးချစ်စိတ်ဓာတ်ကို ဤသို့ခံစားနားလည်မိ သည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိလူမျိုးနှင့် မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသော စိတ်ဓာတ်ပင်ဖြစ် သည်။ သို့သော် မိမိတိုင်းပြည် မိမိလူမျိုး ကောင်းစား ရေးအတွက် အကြောင်းမဲ့ အခြားလူမျိုး အခြား တိုင်းပြည်ကို ရန်ပြုပြီး ထိပါးနှောင့်ယှက်ခြင်းသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်မဟုတ်ပေ။ ထိုမျိုးချစ်စိတ်ဓာတ်မျိုးကို သမိုင်းသုတေသီတို့က "မျက်ကန်းမျိုးချစ်" ဟုခေါ်ဝေါ်သတ်မှတ်ကြသည်။ ထိုမျိုးချစ်စိတ်ဓာတ်သည် အစွန်းရောက်သွားလျှင် ကမ္ဘာမြေကိုကောင်းကျိုးမပေးပါ။ ထို့ပြင် "စစ်မှန် သော မျိုးချစ်စိတ်ဓာတ်" ကို ဤသို့ မှတ်သားဖူးသည်။

ပြည်ထောင်စု၏ မည်သည့်ဒေသတွင် နေထိုင် သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသား အားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရ မည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံသားတိုင်း မိမိတို့အမျိုးကို ချစ်ရန် အမျိုးဂုဏ်ကို စောင့်ထိန်းရန် လိုအပ်သည်။ အနာဂတ်နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်း၍ ထမ်းဆောင်ကြမည့် ယနေ့လူငယ်များသည် မျိုးချစ် စိတ်ဓာတ်ရှိရန် အထူးလိုအပ်သည်။

> ❖မျိုးချစ်စိတ်ဓာတ်ကို ဤသို့ခံစားနားလည်မိသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိလူမျိုးနှင့် မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသော စိတ်ဓာတ်ပင်ဖြစ်သည်။ သို့သော် မိမိတိုင်းပြည် မိမိလူမျိုး ကောင်းစားရေးအတွက် အကြောင်းမဲ့ အခြားလူမျိုး အခြားတိုင်းပြည်ကို ရန်ပြုပြီး ထိပါးနှောင့်ယှက်ခြင်းသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်မဟုတ်ပေ။ ထိုမျိုးချစ်စိတ်ဓာတ်မျိုးကို သမိုင်းသုတေသီတို့က "မျက်ကန်းမျိုးချစ်" ဟုခေါ်ဝေါ်သတ်မှတ်ကြသည်။ ထိုမျိုးချစ်စိတ်ဓာတ်သည် အစွန်းရောက်သွားလျှင် ကမ္ဘာမြေကိုကောင်းကျိုးမပေးပါ။ ❖

"လူမှာအမျိုး ကြက်မှာအရိုး" ဆိုသကဲ့သို့ လူဟူ၍ဖြစ်လာလျှင် ဇာတိမြေရှိကြစမြဲဖြစ်သည်။ အမျိုးအနွယ်ရှိကြစမြဲဖြစ်သည်။ ထို့ကြောင့် မိမိ အမျိုးအနွယ်တို့ မှီခိုရာဖြစ်သော အမိနိုင်ငံတော် ကြီးသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်ထောင်စုကြီးပင်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားတို့ဖြစ်တည်ခဲ့သည်မှာ နှစ်ပေါင်း ထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ထို့ပြင် မြန်မာတိုင်းရင်းသားတို့သည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့ကြသူများဖြစ်သည်။

မြန်မာ့သမိုင်းကိုကြည့်လျှင် ပထမမြန်မာ နိုင်ငံတော်ကြီးကိုတည်ထောင်ခဲ့သော အနော်ရထာမင်း သည် မင်းပျိုမင်းလွင်ဘဝမှနတ်ရွာစံသည်ထိ မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်ခဲ့သူတစ်ဦးဖြစ်သည်။

"ပုဂံသည် မြန်မာ"

"မြန်မာသည်ပုဂံ"

"ဓားထက်တဲ့ပုဂံမှာ မြန်မာတို့ခေတ်ဟောင်း" ဟူ၍ တင်စားရလောက်အောင် တိုင်းပြည်နှင့် တိုင်းရင်းသားတို့ကို ပေးဆပ်ခဲ့သူတစ်ဦးဖြစ်သည်။ ထို့နောက် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သူမှာ တောင်ငူခေတ်က ဘုရင့်နောင် ကျော်ထင်နော်ရထာဖြစ်သည်။ သူသည် စစ်သည် ရဲမက်တို့ကို မိမိတို့ထက် အဆမတန်အင်အားများလှ သောရန်သူများကို အသက်စွန့်၍တိုက်ခိုက်ရန် စည်းရုံးပြီး တိုက်ပွဲဝင်စေသည်။ ထိုနောင်ရိုးတိုက်ပွဲ အောင်မြင်မှုသည် တောင်ငူခေတ်တိုင်းရင်းသား လူငယ်တို့၏ မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ် ပြင်းထန်ပုံကို ထင်ရှားစေသည်။

ထို့မျှမက တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူကား အလောင်းမင်းတရား ဦးအောင်ဇေယျတည်း။ အလောင်းမင်းတရားသည် တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတစ်ဦးဖြစ်သည်။ ဖရိုဖရဲ ဖြစ်နေသော မြန်မာနိုင်ငံတော်ကို စည်းရုံးသိမ်းသွင်းခဲ့ သည်။ တောင်ငူခေတ်က တပင်ရွှေထီး၏ သူရဲကောင်း ရွေးနည်းကိုနည်းယူ၍ သူရဲကောင်းရွေးခဲ့သည်။

သူရဲကောင်းအဖြစ် အရွေးခံမည့်သူသည် မိမိ ရှေ့ရှိလှံကိုကိုင်၍ စောင့်နေသူထံ ရင်ကိုကော့၍ ပြေးဝင်ပြီး လှံဖျားနှင့် မိမိရင်ကို ရဲရဲဝံ့ဝံ့ထိတွေ့စေ သည်။ ဤသို့ဖြင့် သူရဲကောင်းခြောက်ကျိပ်ရှစ်ယောက် ရွေးသည်ဟု မှတ်သားဖူးသည်။ မုဆိုးဖိုရွာကို ထန်းလုံးများကာရံပြီး အခိုင်အမာအကာအကွယ်ပြု သည်။ ထို့နောက် အောက်မြန်မာနိုင်ငံမှ မွန်စစ်သူကြီး တလဘန်းစေလွှတ်သော မိမိကို သစ္စာခံခိုင်းသည့် အဖွဲ့နှင့် အထက်မြန်မာနိုင်ငံကွေ့ရှမ်းအကြီးအကဲ ဂုဏ္ဏအိန်စေလွှတ်သောအဖွဲ့တို့ကို မည်သည့်ဘက်မှ သစ္စာမခံဘဲ "သင်တို့အချင်းချင်း တန်ခိုးပြိုင်ကြပါ။ နိုင်သည့်ဘက်ကို မိမိသစ္စာခံမည်"ဟု ပြောဆို စည်းရုံးကာ ထိုရှေ့ပြေးတမန်တော်အဖွဲ့များကို မုဆိုးဖိုမှ မိုင် ၂၀ ဝေးသော ကျောက်မြောင်းထိ လိုက်ပို့စေသည်။ လက်ဆောင်ပဏ္ဏာများလည်း ပေးလိုက်သည်။ အောက်ပြည်ကလာသော တမန် တော်အဖွဲ့များကိုလည်း လက်ဆောင်များပေးကာ စစ်ကိုင်းထိလိုက်ပို့စေခဲ့သည်။ နောက်တစ်ကြိမ် ရန်သူတပ်များလာသည့်အခါ အောင်မြေနင်း၍ တိုက်ခိုက်ရာ အောင်မြင်ခဲ့သည်။

သူတည်ထောင်သော ကုန်းဘောင်ခေတ်တွင် မင်းတုန်းမင်း၊ ကနောင်မင်းနှင့် မက္ခရာမင်းသားတို့မှာ ဇာတိသွေးဇာတိမာန်ထက်သန်လှသည်။ မင်းတုန်း မင်းညီတော် ကနောင်မင်းသားကြီးသည် တိုင်းပြည် နှင့်လူမျိုးအတွက် ခေတ်မီလက်နက်တပ်ဆင်ရန် ကြိုးစားခဲ့သည်။ စက်ရုံပေါင်း ၅၀ ကျော်တည်ဆောက် ခဲ့သည်။ ပညာတော်သင် လူဦးရေ ၈၀ ကို စေလွှတ်ခဲ့ သည်။ လက်နက်အတတ်ပညာအပါအဝင် အခြားသောပညာရပ်များကို သင်ကြားစေသည်။

ထိုအချိန်က အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ် တို့ သိမ်းထားသည်။ အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံ မြို့တော်ရတနာပုံကို ရေကြောင်းမှလာလျှင် ပိတ်ဆို့ တားဆီးရန် ရေမြှုပ်ဗုံးကိုပြုလုပ်ပြီး အောင်ပင်လယ် ကန်မှာ စမ်းသပ်ဖောက်ခွဲစေခဲ့သည်။ အောင်မြင်မှုရ၍ အားရတော်မူခဲ့သည်။

အောင်ပင်လယ်ကန်ရေကြီးချိန် လှေသဗ္ဗာန်များ ပေါ်တွင် ခွက်တစ်ဆယ်အလေးချိန်ရှိသော ကျောက်တုံးများတင်၍ စမ်းသပ်ဖောက်ခွဲခဲ့သည်။ ရေမြှုပ်ဗုံးပေါက်ကွဲ၍ မြည်ဟိန်းသံသည် မိုးကြိုး အချက်ပေါင်းသိန်းသန်း ပစ်သကဲ့သို့ဖြစ်သည်။ လှေကွဲ၍ ပျဉ်တိုပျဉ်စတို့သည် ကောင်းကင်ယံမှာ ငှက်ပျံသကဲ့သို့ဖြစ်သည်။ ဤသို့ဖြင့် ကုန်းဘောင် ခေတ်မှာ ကနောင်မင်းသားနှင့် လူငယ်တို့၏ စွမ်းအားကို တွေ့မြင်ရသည်။ ဤသည်မှာ ထိုခေတ် လူငယ်တို့၏ မျိုးချစ်စိတ်ဓာတ်ပင်မဟုတ်ပါလော။

၁၉၂၀ ပြည့်နှစ် နယ်ချဲ့ဗြိတိသျှတို့ ပြဋ္ဌာန်းသော ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို ကိုအောင်ဆန်း အပါအဝင် တက္ကသိုလ်ကျောင်းသားတို့ ဆန့်ကျင်ခဲ့ ကြသည်။ သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ် မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် ကြိုးပမ်း အားထုတ်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာတစ်နိုင်ငံလုံး ကျွန်နှင်းပြားဘဝမှ သခင်မင်းသားစိတ်များဖြစ်လာ သည်။ တိုင်းချစ်ပြည်ချစ်စိတ်များ နိုးကြားလာသည်။ ထို့ကြောင့်လည်း "ဗမာပြည်သည်တို့ပြည် ဗမာစာ သည်တို့စာ ဗမာစကားသည်တို့စကား တို့ပြည်ကို ချစ်ပါ တို့စာကိုလေးစားပါ"ဟူသော ကြွေးကြော် သံများကား မျိုးချစ်စိတ်ဓာတ်မှ ပေါက်ကွဲလာသည့် သံစဉ် များဖြစ်သည်။

ထို့ပြင် ၁၉၄၁ ခုနှစ်တွင် သခင်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင် လူငယ်တို့သည် ဟိုင်နန်ကျွန်းတွင် ဆင်းရဲပင်ပန်းစွာ စစ်ပညာသင်ခဲ့ ကြသည်မှာ ပြင်းထန်သော မျိုးချစ်စိတ်ကြောင့်ဖြစ် သည်။ ထို့နောက် တစ်ဖန် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက် တွင် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သည်မှာလည်း တိုင်းပြည်ချစ်စိတ်ကြောင့်ဖြစ်သည်။

ဤသို့အားဖြင့် တိုင်းပြည်လွတ်လပ်ရေးအတွက် လူကြီးလူငယ်လူလတ်မရွေး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုအထဲ တွင် မျိုးချစ်လူငယ်တို့၏ စွန့်လွှတ်စွန့်စားပေးဆပ်မှု များကား ချီးကျူးလေးစားဖွယ်ပါတကား။

ထိုသို့သော တိုင်းရင်းသားလူကြီးလူငယ်တို့၏ စွန့်လွှတ်စွန့်စားမှု၊ ပေးဆပ်မှု၊ စည်းလုံးညီညွတ်မှု၊ ရဲစွမ်းသတ္တိရှိမှုတို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ နံနက် ၄ နာရီ၊ မိနစ် ၂၀ တွင် အမိ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူ နိုင်ခဲ့ပြီး ကမ္ဘာ့အလယ်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ကြွားကြွားဝံ့ဝံ့ထည်ထည် ဝါဝါရပ်တည်နိုင်ခဲ့ပြီ။

ယခုဆိုလျှင် ၇၆ နှစ်ပင် ရောက်ခဲ့ပြီ။ ကမ္ဘာ တည်သရွေ့ လွတ်လပ်သော ပြည်ထောင်စုသမ္မတ နိုင်ငံတော်အဖြစ် တည်တံ့ခိုင်မြဲရန်မှာလူငယ်ထု အပါအဝင် တိုင်းရင်းသားအားလုံး ဝိုင်းဝန်းထိန်းသိမ်း ကြရမည်မဟုတ်ပါလော။

ယခုလည်း နိုင်ငံတော်အစိုးရသည် ယနေ့လူငယ် တို့ ဗလငါးတန်ဖွံ့ဖြိုးရန် တိုင်းချစ်ပြည်ချစ်စိတ်ရှိရန် နည်းမျိုးစုံဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ "ပညာ ရည်ဝ လူရည်လှရန်"၊ "ပညာပြည့်ဝ နှလုံးလှရန်" ဘက်ပေါင်းစုံမှ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

သစ်ပင်၌ အမြစ်ရှိမှရှင်သန်မည်။ လူတို့မှာလည်း အချစ်ရှိမှရှင်သန်မည်။ ထိုနည်းတူ တိုင်းပြည်မှာ လည်း အချစ်ရှိမှ ကြာရှည်တည်တံ့ရှင်သန်နိုင်ပေမည်။ ထိုအချစ်ကား ပြည်သူလူထု၏ ရင်းတွင်းမှလာသော တိုင်းချစ်ပြည်ချစ်စိတ်ပင်ဖြစ်တော့သည်။

**ကိုးကား**

- **မှန်နန်းရာဇဝင် ဦးကုလား**
- **ကျောင်းသုံးမြန်မာရာဇဝင် ဦးဘသန်း**
- **ရှေးခေတ်ပုဂံပြည်ကဗျာ ဆရာဇော်ဂျီ**
- **ဂုဏ်ထူး(စာစီစာကုံးများ) ဦးသိန်းနိုင်**

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်မှစပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ၁၉ ပိဿာမှ ၃၅ ပိဿာထိအရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၈၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက် တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှု များပြားနေပါတယ်။ တစ်ရက်ကို တိုင်ထောင်ပဲသီး ၃၅ ပိဿာထိ ရောင်းချနေရပါတယ်။ ဒေသထွက်ကုန်တွေအများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူမှုများပြားလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ စီးပွားရေးအဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူမှု များပြားလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၀၁၄ ဧက စိုက်ပျိုးပြီးစီး

**ကျောက်မြောင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး၄၀၁၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက၄၀၀၀စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၀၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးဧက ၄၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၀၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မိုးစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မိုးစပါးစိုက်ပျိုးမှုအနေနဲ့ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးသက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် စိုက်ပျိုးထားသောမိုးစပါး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်နှီးပေါင်းထိုးခြင်း၊ မျိုးကွဲနှုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



## ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းညွန့်ဟန်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိမရှိ၊ လအလိုက်ပေးပို့ရသည့် လချုပ်စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ မိသားစုတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၇ ဒသမ ၆၀ သန်း၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၆ ဒသမ ၈၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၆၀ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် တစ် ဒသမ ၈၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၈၀ သန်း ထုတ်ချေးပေးထားကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာက ပြောပြ၍ သိရသည်။

**ကိုညို**

## နတ်တလင်းမြို့နယ် မီးလောင်ကုန်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့်ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ စစ်ဆေး

**နတ်တလင်း စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ပန်းတင်ကြီးကျေးရွာအုပ်စု မီးလောင်ကုန်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင် စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက မီးလောင်ကုန်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မီးလောင်ကုန်းကျေးရွာ၌ အရှည်ပေ ၂၇၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၁၉၇၅ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

## ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတော်ကျေးရွာအုပ်စု ကြံဖိုစုကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြံဖိုစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ်၂၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃ ဒသမ ၉သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းနှင့်နီဗားဒါးပြည်နယ်တို့တွင် တောမီးလောင်ကျွမ်းမှုကြောင့် အဆောက်အအုံများနှင့် မော်တော်ယာဉ်များပျက်စီး



**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းနှင့် နီဗားဒါးပြည်နယ်တို့တွင် ဒေးဗစ်နှင့်ဘွိုင်းလက်စ်တောမီးများ လောင်ကျွမ်းမှုကြောင့် အဆောက်အအုံများနှင့်မော်တော်ယာဉ်များ ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် လိတ်ခ်ကောင်တီတွင်လောင်ကျွမ်းခဲ့သော ဘွိုင်းလက်စ်တောမီးသည် စက်တင်ဘာ ၈ ရက်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၉ ရက်တွင် တောမီး ၃၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့သော်လည်း တောမီး ဆက်လက်လောင်ကျွမ်းနေသဖြင့် လူဦးရေ ၄၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ထားကြောင်း၊ လက်ရှိတွင် တောမီးကြောင့် အဆောက်အအုံ ၃၀ ခန့်၊ သစ်တော ၇၆ ဧက၊ ကားအစီးရေ ၅၀ ခန့်ထိ ပျက်စီးခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် သစ်တောနှင့်မီးဘေးကာကွယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နီဗားဒါးပြည်နယ်တွင် ဒေးဗစ်တောမီးသည် စက်တင်ဘာ ၇ ရက်က စတင်လောင်ကျွမ်းခဲ့ပြီး တောမီးလောင်ကျွမ်းမှု ပြင်းထန်သောကြောင့် ပြည်နယ်အတွင်းရှိ ဒေသခံအမြောက်အမြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ညွှန်ကြားထားကာ အနီးအနားရှိ ဒေသခံများကိုလည်း မီးကြောင့် အချိန်ကြာမြင့်စွာ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

လက်ရှိတွင် ၎င်းတောမီးသည် သစ်တောဧက ၆၅၀၀ ကို လောင်ကျွမ်းပျက်စီးစေခဲ့ကြောင်း၊ နီဗားဒါးရှိ ထရပ်ကီးမီဒိုးတောင်ကြားကို မီးကူးစက်နေပြီး အဆိုပါတောမီးကို ငြိမ်းသတ်ရန် ကြိုးစားနေသည့် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၆၀၀ ရှိကြောင်း နီဗားဒါး မီးသတ်နှင့်ကယ်ဆယ်ရေးဌာနမှ သိရသည်။

Ref : Xinhua News

Trs : KZ

# နိုင်ဂျီးရီးယားတိရစ္ဆာန်ဥယျာဉ်တွင် ရေကြီးမှုကြောင့် တိရစ္ဆာန် ၈၀ ရာခိုင်နှုန်းကျော် သေဆုံး

**အဘူဂျာ စက်တင်ဘာ ၁၁**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘော်နိုပြည်နယ်တွင် ရေကြီးမှုကြောင့် ဆန်ဒါကာရီမီ တိရစ္ဆာန်ဥယျာဉ် ရေနစ်မြုပ်သွားခဲ့ရာ ခြင်္သေ့၊ မိကျောင်း စသည့်တိရစ္ဆာန်များအပါအဝင် တိရစ္ဆာန်ပေါင်း ၈၀ ရာခိုင်နှုန်းကျော် သေဆုံးခဲ့ကြောင်း အဆိုပါတိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူကပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းရှိ Alau ဆည်ရေလျှံမှုက ရေကြီးမှုကို ပိုမိုဆိုးရွားစေခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးမှုကြောင့် လူပေါင်းထောင်နှင့်ချီ၍ ဒုက္ခရောက်ခဲ့ကြောင်း၊ ပြည်နယ်၏မြို့တော် မိုင်ဒူဂူရီရှိစာတိုက်နှင့် ဆေးရုံအပါအဝင် အခြားအခြေခံအဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ရေကြီးမှုကို အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည့် ဒေသများမှ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားကြောင်း နိုင်ဂျီးရီးယားသမ္မတရုံးက ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာ ရွာပြီးတဲ့နောက် ဆည်ရေလျှံမှုကြောင့် အခုလိုအခြေအနေတွေ ဖြစ်ခဲ့ရတာဖြစ်ပါတယ်။ လူတွေ ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ်တွေနဲ့ ပစ္စည်းတွေ ဆုံးရှုံးခဲ့ရတဲ့အပြင် စားဝတ်နေရေးတွေပါ ခက်ခဲနေတဲ့မိသားစုတွေအတွက် အစိုးရနဲ့ ပြည်နယ်ရှိ တာဝန်ရှိသူတွေက များစွာဝမ်းနည်းရပါတယ်"ဟု သမ္မတ Tinubu က ပြောကြားခဲ့သည်။

ယခုဖြစ်ရပ်သည် ပြီးခဲ့သည့် လအတွင်းက ပြင်းထန်သောရေလွှမ်းမိုးမှုများကြောင့် လူ ၄၉ ဦး ထက်မနည်း သေဆုံးခဲ့သည့် ဘော်နိုပြည်နယ်အတွက် အခက်အခဲများကို ပိုမိုတိုးမြင့်လာစေကြောင်း သိရသည်။

"မိကျောင်းနဲ့မြွေတွေလို လူတွေကို အန္တရာယ်ဖြစ်စေနိုင်တဲ့ တိရစ္ဆာန်တချို့ ရေနဲ့အတူ မျောပါသွားပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ သတိပြုနေထိုင်ကြဖို့ လိုပါတယ်"ဟု ဆန်ဒါကာရီမီ တိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဗီယက်နမ်နိုင်ငံတွင် ရာဂိတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၄၁ ဦးထိရှိလာ

**ဟန္နွိုင်း စက်တင်ဘာ ၁၁**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကုန်းတွင်းပိုင်းသို့ စက်တင်ဘာ ၇ရက်က စတင်ဝင်ရောက်ခဲ့သော အလွန်အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းရာဂိ ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၄၁ ဦး ထိ ရှိလာကြောင်း နိုင်ငံပိုင်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ရာဂိတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၄၁ ဦးထိ မြင့်တက်လာပြီး ရေကြီးရေလျှံမှုများကြောင့် ဟန္နွိုင်းမြစ်နီမြစ်ရေသည် တစ်နာရီလျှင် ၁၀ စင်တီမီတာထိ မြင့်တက်နေကြောင်း၊ ထိုသို့မြစ်ရေပမာဏ မြင့်တက်လာမှုကြောင့် ဟန္နွိုင်းမြို့လယ်ရှိ ခရိုင်များကို ရေလွှမ်းမိုးနိုင်ကြောင်း အစိုးရက ယနေ့တွင် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် မြေပြိုမှုများနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ကာ လူ ၁၄၁ ဦး သေဆုံးပြီး ၅၉ ဦး ပျောက်ဆုံးနေကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။



ဟန္နွိုင်းမြို့ရှိ စာသင်ကျောင်းတချို့လည်း ရေလွှမ်းနိုင်ခြေရှိသောကြောင့် ကျောင်းသား၊ ကျောင်းသူများကို ရက်သတ္တပတ်အတွင်း အိမ်တွင်သာနေထိုင်ရန် အစိုးရက ညွှန်ကြားထားကြောင်း၊ ထို့ပြင် နိုင်ငံ၏ အနိမ့်ပိုင်းဒေသများတွင် နေထိုင်သူ ဒေသခံပြည်သူဦးရေ ထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း အစိုးရနှင့် နိုင်ငံပိုင်မီဒီယာများ၏ ဖော်ပြချက် အရ သိရသည်။

Ref : Sputnik News

Trs : KZ

# ဩစတြေးလျနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒများနှင့်ပတ်သက်ပြီး တောင်သူများ ဆန္ဒထုတ်ဖော်

**ကင်ဘာရာ စက်တင်ဘာ ၁၁**

ဩစတြေးလျနိုင်ငံတွင် မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ သတ်မှတ်ပြဋ္ဌာန်းချက်နှင့်ပတ်သက်ပြီး ထိခိုက်နစ်နာမှုများရှိနေသည့်အတွက် ဩစတြေးလျတောင်သူများက ဆန္ဒထုတ်ဖော်မှုများပြုလုပ်နေကြောင်း National Farmers' Federation (NFF) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် စိုက်ပျိုးသီးနှံထုတ်ကုန်အများဆုံးထုတ်လုပ်နိုင်သည့်နိုင်ငံဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများသည် တောင်သူများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ကန့်သတ်ချက်များရှိနေ၍ ဖြေလျှော့ပေးရန် National Farmers' Federation (NFF)က ဦးဆောင်၍ ဆန္ဒထုတ်ဖော်နေခြင်းဖြစ်ကြောင်း NFF ၏ ဥက္ကဋ္ဌ ဂျိုချင်ကီက ပြောကြားသည်။

"တောင်သူတွေအပေါ်မှာ ထိုက်သင့်တဲ့ လေးစားမှုတော့ရှိသင့်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒတွေဟာ တောင်သူတွေရဲ့ လုပ်ပိုင်ခွင့်ကို အများကြီးကန့်သတ်ထားတာ တွေ့ရပါတယ်" ဟု ဂျိုချင်ကီက ပြောကြားခဲ့သည်။

ပြဋ္ဌာန်းထားသော မူဝါဒများကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာဆောင်ရွက်နေရ၍ ထုတ်ကုန်လျော့နည်းလာပြီး တောင်သူများအတွက် ကြီးမားသောဆုံးရှုံးနစ်နာမှုများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသကဲ့သို့ ရေသုံးစွဲမှုကန့်သတ်သည့် မူဝါဒများ၊ သိုးမွေးမြူရေးလုပ်ငန်းမှ သိုးအရှင်များကို ပြည်ပသို့ တင်ပို့ရောင်းချနေမှုများကို မူဝါဒများဖြင့် ကန့်သတ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မက္ကဆီကိုပင်လယ်ကွေ့တွင် ဖရန်ဆင်းမုန်တိုင်းကြောင့် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ကွက်များကို ယာယီရပ်ဆိုင်းထား

**ဝါရှင်တန် စက်တင်ဘာ ၁၁**

ဖရန်ဆင်းဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့မှတစ်ဆင့် အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်လာခဲ့ပြီး မုန်တိုင်းကြောင့် ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ကွက်များ ယာယီရပ်ဆိုင်းထားကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းမြင့်မားလျက်ရှိကာ မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် လူဝီစီယားနားပြည်နယ်မှ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် လူဝီစီယားနားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းသည် ပြင်းအားမြင့်တက်လာနိုင်ပြီး အပူပိုင်းမုန်တိုင်းအဆင့်မှ ဟာရီကိန်းမုန်တိုင်းအဆင့်သို့ ကူးပြောင်းလာနိုင်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၁၀၀ နှုန်းဖြင့်တိုက်ခတ်နိုင်သည့်အတွက် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့်အဆင့်ဖြစ်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

မက္ကဆီကို ပင်လယ်ကွေ့တွင် ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ကွက်များကို တာဝန်ယူဆောင်ရွက်နေသ ည့် Liquefied Natural Gas (LNG)ကုမ္ပဏီက မုန်တိုင်းအန္တရာယ်ကြောင့် အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အတိုင်း ရေနံတူးဖော်ရေး လုပ်ကွက်များကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား

နခန့်ယဉ်(ရစ်ကန်ကြီး)

**❖ဆက်သွယ်ရေးနည်းပညာများကို အသုံးချလျက် အမျိုးသမီးများ၊ လူငယ်လူရွယ်များကို ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်းတို့ဖြင့် လူကုန်ကူးမှုပြုလာကြသည်။ နည်းပညာနှင့်အတူ စီးမျောဆက်နွယ်နေသောသူများကို လူကုန်ကူးရန် မလွယ်ကူတော့သည့်အခါ ကလေးသူငယ်များကို ပစ်မှတ်ထား၍ လူကုန်ကူးကြသည်။ လူသားချင်းမစာနာမှုတွင် သားသမီးချင်းစာနာမှုမရှိသော လုပ်ရပ်သည် အလွန်စက်ဆုပ်ဖွယ်ပင်ဖြစ်သည်။ အနာဂတ်မျိုးဆက်ပျက်သုဉ်းစေပြီး အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးကြရခြင်းဖြစ်ပေသည်။ ❖**

ဤကမ္ဘာမြေပေါ်တွင် နေထိုင်ကြသောလူသားအားလုံးတို့သည် တစ်ဦးတစ်ယောက်တည်းခွဲထွက်နေထိုင်၍ နေကြရသည်မဟုတ်။ လူသားအချင်းချင်းကိုယ်ချင်းစာတရားဖြင့် ပေါင်းသင်းဆက်ဆံနေထိုင်ကြရခြင်းဖြစ်ပေသည်။ ကိုယ်ချင်းစာတရားကင်းမဲ့ပါလျှင် တစ်ဦးနှင့်တစ်ဦး သနားကြင်နာမှုကင်းမဲ့ခြင်း၊ မေတ္တာတရားခေါင်းပါးခြင်းများကြောင့် မပြုလုပ်ထိုက်သောအပြုအမူများကို ပြုလုပ်ကြတော့သည်။ ထိုအပြုအမူများထဲတွင် လူသားအချင်းချင်းညှာတာထောက်ထားမှုကင်းမဲ့စွာ အရောင်းအဝယ်ပြုခြင်း၊ တစ်နည်းအားဖြင့်ဆိုသော် လူကုန်ကူးခြင်းသည် အဆိုးရွားဆုံးသော လုပ်ရပ်ပင်ဖြစ်သည်။ လူသားဟုဖြစ်တည်ကတည်းက လူတိုင်းတွင် လူ့အခွင့်အရေးအပြည့်အဝရှိပေသည်။ ထိုလူ့အခွင့်အရေးကို ချိုးဖောက်၍ လူကုန်ကူးခြင်းသည် လူ့ဘောင်လောကတွင် ရုပ်ဆိုးအကျည်းတန်လွန်းသောလုပ်ရပ်ပင်ဖြစ် ပေသည်။ အရွယ်ရောက်သည့်လူသားများသာမက အရွယ်မရောက်သေးသော ကလေးသူငယ်များကိုပါ ပစ်မှတ်ထား၍ လူကုန်ကူးမှုပြုလုပ်လာသောကြောင့် ဤလုပ်ရပ်ကို လူသားအားလုံးဝိုင်းဝန်းကာကွယ်တိုက်ဖျက်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ် စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန်အလို့ငှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ထိုသူကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုသည်။ (၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ (၂) သွေးဆောင်ခေါ်ယူခြင်း၊ (၃) လိမ်လည်ခြင်း၊ (၄)လှည့်ဖြားခြင်း၊ (၅) လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ (၆) ဘဝရပ်တည်ရန် ခက်ခဲသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊ (၇) ထိုသူအပေါ် ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့ဖြစ်သည်။ လူကုန်ကူးမှုကို ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်နိုင်ပေသည်။

မြန်မာနိုင်ငံတွင်တွေ့ရသည့် လူကုန်ကူးမှုအမျိုးအစားများကို လေ့လာကြည့်လျှင် အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကလေးသူငယ် လူကုန်ကူးခြင်း၊ ကြွေးမြီနှောင်ဖွဲ့ခိုင်းစေခြင်းတို့ကို တွေ့ရပေသည်။

လူကုန်ကူးမှုသည် ကျေးကျွန်စနစ်မှအစပြုပေါ်ပေါက်လာခြင်းဖြစ်သည်။ ကျေးကျွန်စနစ်သည် သမိုင်းဦးကာလအမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့်ခေတ်ကတည်းကရှိခဲ့ပြီး လူသားမျိုးနွယ်သမိုင်းတစ်လျှောက် ဆက်လက်တည်ရှိခဲ့သည်။ လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားနေသည်ကို တွေ့ရသည်။ အထူးသဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည့်နိုင်ငံများတွင် လူကုန်ကူးမှု၏ ဆိုးကျိုးများပိုမိုခံစားနေရသည်ကို မြင်တွေ့ကြားသိနေကြရသည်။ လူကုန်ကူးခံရသည့် အမျိုးသမီးများအနက် တချို့မှာ မိမိစားဝတ်နေရေးအရလည်းကောင်း၊ မိမိတို့ဆန္ဒအလျောက်လည်းကောင်း အလုပ်အကိုင် သွားရောက်လုပ်ကိုင်နေကြသူများလည်းရှိသည်။ တချို့မှာ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံကြရပြီး ပြည့်တန်ဆာလုပ်ငန်းများထဲသို့ ရောက်ရှိလာသူများလည်းရှိကြသည်။

အချို့ဖြစ်ရပ်များမှာ လူပွဲစားများ၏ဖြားယောင်းသွေးဆောင်မှုများကြောင့် ငွေဝယ်ကျွန်ကဲ့သို့လူကုန်ကူးခံရသူများလည်းရှိပေသည်။ လုပ်ငန်းရွှေ့ပြောင်းလုပ်ကိုင်သွားလာခြင်းမှလည်းကောင်း၊ ပြည်ပနိုင်ငံများသို့တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေနည်းလမ်းမျိုးစုံဖြင့်သွားရောက်ရာတွင် မသိနားမလည်ခြင်းကြောင့်လည်းကောင်း လူကုန်ကူးခံရပြီး အဆင်းရဲဆုံးသောတွင်းနက်ထဲသို့ ကျရောက်သွားကြခြင်းများလည်း ဖြစ်ပေသည်။

**မြန်မာနိုင်ငံနှင့် လူကုန်ကူးမှုဖြစ်စဉ်**

လူကုန်ကူးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို အခြားနိုင်ငံများတွင် အတင်းအဓမ္မခိုင်းစေရာမှ ဘဝလုံခြုံမှုမဲ့သည့် ဘဝများသို့ ရောက်ရှိသွားသည့် အဖြစ်မျိုးကြုံတွေ့ခဲ့ရသည်။ ရောင်းစားခံရသူများသည် ဘဝပျက်သွားရသည်များလည်း ရှိခဲ့သည်။ ကုလသမဂ္ဂဆိုင်ရာ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုထိန်းချုပ်ရေးအဖွဲ့ (United Nations Organization of Drug and Crime –UNODC) ၏ ၂၀၁၈ လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာအရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတစ်ခုလုံး၏ လူကုန်ကူးခံရသူ အမျိုးအစားတွင် အမျိုးသား ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၈ ရာခိုင်နှုန်း၊ ကလေးသူငယ်များအနေဖြင့် ယောကျ်ားလေး လေးရာခိုင်နှုန်း၊ မိန်းကလေး ၁၉ ရာခိုင်နှုန်း ပါဝင်နေသည်ဟု သိရသည်။ လူကုန်ကူးမှု အမျိုးအစားများတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်း၊ အခြားလူကုန်ကူးမှု နှစ်ရာခိုင်နှုန်းတို့ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုသည်ပြည်တွင်း၌လည်းမြင်တွေ့နေကြရသည်။ အထူးသဖြင့် ဗဟုသုတနည်းပါးသောကျေးလက်ဒေသများတွင် ခေါင်းပုံဖြတ်အမြတ်ထုတ်လိုသူများသည် မိန်းကလေးငယ်များကို ပြည့်တန်ဆာပြုရန်၊ ငွေဝယ်ကျွန်ကဲ့သို့ခိုင်းစေရန် အလို့ငှာ လူကုန်ကူးလျက်ရှိသည်ကို တွေ့ရပေသည်။

**လူကုန်ကူးမှုပပျောက်ရေး ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများရေးဆွဲပြီး နှစ်အလိုက် လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဟူသည့် လုပ်ငန်းကဏ္ဍလေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်မှုခင်းအပါအဝင် လူကုန်ကူးမှုနှင့် လူမှောင်ခိုတားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ပြည်တွင်း၌သာမက နိုင်ငံတကာ အသိုက်အဝန်းနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သော ရာဇဝတ်မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ဖြည့်စွက်သော ကြိုတင်ကာကွယ်ရေး (Prevention)၊ ဥပဒေကြောင်းအရ တရားစွဲဆိုရေး (Prosecution)၊ အကာအကွယ်ပေးရေး (Protection) "P"သုံးလုံးစာချုပ်တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။

IT နည်းလမ်းဖွံ့ဖြိုးတိုးတက်လာမှုအပေါ် လူကုန်ကူးမှုကျူးလွန်သူများက အမြတ်ထုတ်အသုံးချနေမှုများကလည်း တားဆီးနှိမ်နင်းရေးကဏ္ဍများအတွက် များစွာသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်လျက်ရှိသည်။ ဆက်သွယ်ရေးနည်းပညာများကို အသုံးချလျက် အမျိုးသမီးများ၊ လူငယ်လူရွယ်များကို ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်းတို့ဖြင့် လူကုန်ကူးမှုပြုလာကြသည်။ နည်းပညာနှင့်အတူ စီးမျောဆက်နွယ်နေသောသူများကို လူကုန်ကူးရန် မလွယ်ကူတော့သည့်အခါ ကလေးသူငယ်များကို ပစ်မှတ်ထား၍ လူကုန်ကူးကြသည်။ လူသားချင်းမစာနာမှုတွင် သားသမီးချင်းစာနာမှုမရှိသော လုပ်ရပ်သည် အလွန်စက်ဆုပ်ဖွယ်ပင်ဖြစ်သည်။ အနာဂတ်မျိုးဆက်ပျက်သုဉ်းစေပြီး အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးကြရခြင်းဖြစ်ပေသည်။

၂၀၂၄ ခုနှစ်မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးရည်ရွယ်ချက်များမှာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုဆိုင်ရာအသိပညာများပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ဖြစ်သည်။

လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားတွင် အသိပညာပေးဇာတ်လမ်းနှင့် တေးသီချင်းများ ထုတ်လွှင့်ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး (Billboard) များစိုက်ထူခြင်း၊ မိုဘိုင်းဖုန်းအော်ပရေတာများမှတစ်ဆင့် SMS များပေးပို့ခြင်း၊ ကျောင်းသားလူငယ်များအတွက် အခြေခံပညာကျောင်းသင်ခန်းစာများတွင် ထည့်သွင်းပို့ချပေးခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ လူကုန်ကူးမှုနှင့်လူကုန်ကူးခံရသူများကို အချိန်မီကယ်တင်နိုင်ရေးအတွက် ၂၄ နာရီသတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်အပြင် ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့များတွင် တိုးချဲ့တပ်ဆင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများကို သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန်အတွက် ရွှေ့ပြောင်းလုပ်သားများ ပံ့ပိုးကူညီပေးရေးဗဟိုဌာနများကို ဖွင့်လှစ်၍အသိပညာများ မျှဝေလျက်ရှိသည်။

ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်ကို ထုတ်ဝေ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ မိတ်ဆက်ရှင်းလင်းခြင်း၊ လူကုန်ကူးခံရသူများအတွက် ဘဝရပ်တည်နိုင်ရေးပံ့ပိုးပေးခြင်း၊ တရားရုံး စစ်ဆေးနေစဉ်ကာလအတွင်း ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ်ပံ့ပိုးပေးခြင်း၊ လူကုန်ကူးခံရသူများကို ကူညီပံ့ပိုးပေးနိုင်ရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရေးဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများကို မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် ထားရှိပြီး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊ လိုအပ်သောအသုံးအဆောင်များ တပ်ဆင်ခြင်း၊ ရောဂါပိုးကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက လူကုန်ကူးမှုတိုက်ဖျက်ရေးကို ရည်ရွယ်ချက်များချမှတ်၍ ဆောင်ရွက်နေသည့်အလျောက် ပြည်သူများကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတင်းပေးခြင်း၊ မိမိတတ်စွမ်းသည့် ဗဟုသုတမျှဝေပေးခြင်းတို့ဖြင့်ဝိုင်းဝန်းကူညီကြရပေမည်။ မိမိတို့တတ်စွမ်းနိုင်သည့်အခန်းကဏ္ဍမှပါဝင်၍ လူကုန်ကူးမှုကိုကာကွယ်တားဆီးကြရပေမည်။ သို့မှသာ ကလေးသူငယ်များပါမချန်ဘဲ လူကုန်ကူးနေသည့်လုပ်ရပ်များသည် အမြန်ဆုံးပျက်သုဉ်းသွားမည်ဖြစ်၍ သားသမီးချင်း၊လူသားချင်းစာနာထောက်ထားမှုများဖြင့်လူကုန်ကူးမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

**- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ၂၀၂၂ခုနှစ် ဇွန် ၁၆ ရက်**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၂၀၇၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၂၀၇၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၃၉၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၀၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မကွေးမြို့နယ် နွားကူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မကွေး စက်တင်ဘာ ၁၁**


မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နွားကူးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နွားကူးကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မကွေးမြို့နယ် နွားကူးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂ ဒသမ ၇၇ သန်း စုစုပေါင်း ငွေကျပ် ၂၇ ဒသမ ၇၇ သန်း အသုံးပြု၍ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို မကွေးမြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၂၁၀ မှ လူ ၁၂၆၃ ဦးအတွက် ရာသီမရွေးသွားလာမှု လွယ်ကူစေမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**









## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက(မလှိုင်)၊ Grade-12 မှ မမြင့်မြင့်စိုး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလှမျိုးသန့် ဖြစ်ပါကြောင်း။

ဦးလှမျိုးသန့်(၉/မလန(နိုင်)၀၈၄၇၈၀)

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက(မလှိုင်)၊ Grade-12 မှ မောင်ခန့်ဇင်ဝင်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇင်မင်းသိုက် ဖြစ်ပါကြောင်း။

ဦးဇင်မင်းသိုက်(၈/မကန(နိုင်)၁၄၂၉၄၃)

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက(မလှိုင်)၊ Grade-12 မှ မငွေးငွေးမြင့် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်လွန် ဖြစ်ပါကြောင်း။

ဦးဇော်လွန် (၉/မလန(နိုင်)၁၂၄၉၉၅)







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိ...**

❖ **စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လို...**

❖ **စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ သာစည်-ရွှေညောင်ရထားလမ်းပိုင်းများတွင် ရေကြီးရေကျှံနေသဖြင့် ရထားခရီးစဉ်များ ယာယီရပ်နားထား



သာစည်-ရွှေညောင်လမ်းပိုင်း လှိုင်းတက်နှင့် ဘုရားငါးဆူကြား တံတားရေတိုက်စားမှုအခြေအနေကို တွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရမည်းသင်းနှင့်အင်ကြင်းကန်ဘူတာကြား ရထားလမ်းနှင့် တံတားများ ရေတိုက်စားမှုအခြေအနေကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

ယခုနှစ်မိုးရာသီအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ တပ်ကုန်း-မကျည်းပင်၊ မကျည်းပင် - ညောင်လွန့်၊ ရမည်းသင်း-အင်ကြင်းကန်၊ ပျော်ဘွယ်-ရှမ်းရွာ၊ သပြေတောင်း - သဲတောဘူတာကြားနှင့် သာစည် - ရွှေညောင် - တောင်ကြီးလမ်းပိုင်းရှိ သာစည် - လှိုင်းတက်၊ လှိုင်းတက် - ဘုရားငါးဆူ၊ ဘုရားငါးဆူ - ယင်းမာပင်၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

## ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ ကျေးရွာများ ရေဘေးအန္တရာယ် သတိပြုနေထိုင်ကြရန် နှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၁၁**

ရာဂိမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်ဒေသနှင့် အရှေ့ဘက်ကုန်းမြင့်ဒေသများတွင် မိုးရွာသွန်းမှုများပြားလျက်ရှိပြီး ပျဉ်းမနားမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ငလိုက်ချောင်း၊ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်များတွင် ရေမြင့်တက်လျက်ရှိသည်။ သို့ပါ၍ ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ အနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများအနေဖြင့် ရေဘေးအန္တရာယ်သတိပြုနေထိုင်ကြပါရန် နှိုးဆော်တိုက်တွန်းထားသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။